# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ နတ်တော်လဆန်း (၃) ရက် ၊ သောကြာနေ့ ၊ (25-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၀၉)

**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး အမှတ်စဉ်( ၂/၂၀၂၂ )သို့ တက်ရောက်အမှာစကားပြောကြား





ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၂) တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၄**

ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၂)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦး၊ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးနှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး (၂/၂၀၂၂)တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**



ရတနာပုံ
၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၅ ရက်
အယ်ဒီတာ့အာဘော်

# ပညာကိုအခြေခံသော လူ့စွမ်းအား

လောကတွင် ပညာနှင့်တူသော အလင်းရောင် မရှိဟု ပညာရှိတို့မိန့်ဆိုကြသည်။ ပညာဟုဆိုရာတွင် ဝိဇ္ဇာအသိပညာနှင့်သိပ္ပံအတတ်ပညာဟူ၍ မှတ်ယူနိုင်သည်။ ဝိဇ္ဇာ၊ သိပ္ပံ လူ့ကိစ္စဟုဆိုသည့်အတိုင်း အသိပညာ၊ အတတ်ပညာဖြင့် လူမှုစီးပွားဘဝတည်ဆောက်နိုင်မှသာလျှင် အကောင်းဆုံးဘဝတည်ဆောက်ခြင်းဖြစ်ပေသည်။

မျက်မှောက်ကာလသည် နည်းပညာပေါက်ကွဲမှုမြန်ဆန်သော ခေတ်ဖြစ်သည်။ တီထွင်မှု၊ ဆန်းသစ်မှုတို့ နေ့စဉ်နှင့်အမျှ တိုးတက်နေပြီး ယှဉ်ပြိုင်လိုစိတ်ဖြင့် စွန့်ဦးတီထွင်လိုမှု အားကောင်းသောကာလဖြစ်သည်။ စွန့်ဦးတီထွင်လိုမှုနှင့် ယှဉ်ပြိုင်မှုအားကောင်းခြင်းကြောင့်ပင် လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်၏ လူမှုဘဝနေထိုင်မှု အဆင့်အတန်းမြင့်မားလာစေသည်။ ထိုအတွက် အခြေခံအကျဆုံးမှာ ပညာတတ်မြောက်သူ ပေါ်များရေး ဆောင်ရွက်ပေးရန်ဖြစ်သည်။

ပညာကိုအခြေခံ၍ စက်မှုပြောင်းလဲခြင်းခေတ်တို့သည်လည်း တစ်ခေတ်ပြီးတစ်ခေတ် တိုးတက်လာခဲ့သည်။ ၁၈ ရာစုနှောင်းပိုင်းတွင် ရေနွေးငွေ့အင်ဂျင်များပေါ်လာသည့်အချိန်ကို စက်မှုပြောင်းလဲခြင်း ၁.၀ ဟု ခေါ်သည်။ ၂၀ ရာစုအစတွင် လျှပ်စစ်ကိုစတင်သုံးစွဲနိုင်သည့်အချိန်ကို စက်မှုပြောင်းလဲခြင်း ၂.၀ ဟု ခေါ်သည်။ ကွန်ပျူတာများပေါ်လာသည့် ၁၉၇၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်းကို စက်မှုပြောင်းလဲခြင်း ၃.၀ ဟု ခေါ်သည်။ ၂၀၀၀ပြည့်နှစ်နောက်ပိုင်း သို့မဟုတ် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ ဆက်သွယ်ရေးစနစ်များကောင်းမွန်လာပြီး အင်တာနက်များ ချိတ်ဆက်အသုံးပြုမှု ကောင်းမွန်လာသည့်ခေတ်ကို စက်မှုပြောင်းလဲခြင်း ၄.၀ ဟု ခေါ်ဆိုသည်။

မျက်မှောက်ခေတ် စက်မှုပြောင်းလဲခြင်း ၄.၀ ကို အမီလိုက်နိုင်ရန် နိုင်ငံတိုင်း စီမံကိန်းများချမှတ်၍ ဆောင်ရွက်နေသည်။ အာရုံခံကိရိယာအသုံးပြုသော စက်ရုပ်များကို လုပ်ငန်းခွင်တွင် အသုံးပြုလာသည်။ လူသုံးကုန်ပစ္စည်းများကို အင်တာနက်ဖြင့် ချိတ်ဆက်ကာ အသုံးပြုလာမှုကြောင့် ကုန်သွယ်မှုမြန်ဆန်လာသည်။ ထို့ကြောင့်လည်း စက်မှုပြောင်းလဲခြင်း ၄.၀ အကြောင်း အကြားအမြင် ဗဟုသုတနှင့်ပြည့်စုံပြီး ခေတ်နှင့်အညီ လိုက်ပါပြောင်းလဲနိုင်မည့်သူများ၊ လုပ်ငန်းများ၊ နိုင်ငံများသည် ရေရှည်တွင် အောင်မြင်မှုများရရှိလာနိုင်မည်ဖြစ်သည်။

ခေတ်ကာလပြောင်းလဲတိုးတက်လာမှုနှင့်အတူ ပညာသင်ယူနိုင်မှု အခွင့်အလမ်းများလည်း ပေါ်များလာပြီဖြစ်သည်။ မိမိသင်ယူလိုသည့် ပညာရေး၊ မိမိသိရှိလိုသည့် အကြောင်းအရာတို့ကို အင်တာနက်ဖြင့် ချိတ်ဆက်ကာ လေ့လာသင်ယူနိုင်ပြီဖြစ်သည်။ သိပ္ပံဘာသာရပ်ကိုသာမက ဝိဇ္ဇာပညာ၊ စီးပွားရေးပညာ၊ စာရင်းအင်းပညာ စသည့်ပညာရပ်များကိုလည်း အလွယ်တကူလေ့လာသင်ယူနိုင်ပြီဖြစ်သည်။

ပညာသင်ယူနိုင်မှု အခွင့်အရေး၊ အခွင့်အလမ်းများကို အကောင်းဆုံးအသုံးချနိုင်သူများမှာ လူငယ်များဖြစ်သည်။ လူငယ်များ၏ ပညာသင်ယူနိုင်ရေး အခွင့်အလမ်းကောင်းများကို မိဘ၊ အုပ်ထိန်းသူတို့က ပဲ့ကိုင်လမ်းညွှန်ပေးနိုင်ရန် လိုအပ်သည်။ တလွဲအသုံးမချမိစေရန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးလမ်းညွှန်ပေးသင့်သည်။ သို့မှသာ ခေတ်နှင့်အညီပြောင်းလဲလာမှုကို ရင်ပေါင်တန်းအမီလိုက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည့် လူငယ်များသည် နိုင်ငံလူဦးရေ၏ ထက်ဝက်နီးပါးရှိပြီး အဆိုပါလူငယ်များ ပညာတတ်မြောက်မှုကိုအခြေခံပြီး လူ့စွမ်းအားအရင်းအမြစ်များကို အကောင်းဆုံးအသုံးချကာ နိုင်ငံတော်နှင့် နိုင်ငံသားတို့ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရေးသားအပ်ပေသည်။

## မန္တလေးဈေးကွက်တွင် ပဲလွမ်းပြာအရောင်းအဝယ်ကောင်းလာခြင်းကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေးဈေးကွက်တွင် ပဲလွမ်းပြာ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ပဲလွမ်းပြာကို တရုတ်နိုင်ငံဘက်က ဝယ်ယူမှုများရှိလာကြောင်း၊ ယခင်က မန္တလေးဈေးကွက်အတွင်း ပဲလွမ်းပြာ အရောင်းအဝယ်အေးနေခဲ့ပြီး ယခုလက်ရှိတွင် ပဲလွမ်းပြာအရောင်းအဝယ် ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိအချိန်မှာ ပဲလွမ်းပြာတွေကို ပြည်ပကကော ပြည်တွင်းကပါ ဝယ်ယူမှု များလာပြီး အရောင်းအဝယ်လဲကောင်းလာတာကြောင့် အခုလက်ရှိ ဈေးကောင်းပြန်ရလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် နိုဝင်ဘာလ ပထမပတ်အတွင်းက ပဲလွမ်းပြာဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ ပဲလွမ်းပြာဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ထိ ရှိလာကြောင်း သိရသည်။

"တရုတ်နိုင်ငံဘက်ကလဲ အခုတလော အဝယ်ပြန်များလာတယ်။ အရင်က တရုတ်ဘက်က အဝယ်မရှိတာကြောင့် အရောင်းအဝယ်အေးနေခဲ့တယ်။ အခုတော့ ပဲလွမ်းပြာတွေ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်နေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

## မန္တလေးတိုင်းဒေသကြီးအတွင်း ချည်မျှင်ရှည်ဝါစိုက်တောင်သူများကို ချေးငွေများထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်နေ



**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် ချည်မျှင်ရှည်ဝါ စိုက်ပျိုးသည့် တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ချည်မျှင်ရှည်ဝါစိုက်ပျိုးသည့်တောင်သူများကို တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေချေးပေးနိုင်ရေးအတွက် မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ စီစဉ်ဆောင်ရွက်နေပြီး ယခုနှစ် ဒီဇင်ဘာလအတွင်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်တွေမှာ ချည်မျှင်ရှည်ဝါသီးနှံကို ချေးငွေ ထုတ်ချေးပေးသွားမှာပါ။ တစ်ဧကကို ငွေကျပ် ၁၅၀၀၀၀ နှုန်းနဲ့ မိတ်ဖက်ဌာနတွေရဲ့ ထောက်ခံပေးတဲ့ စိုက်ပျိုးရေးတောင်သူတွေကို ထုတ်ချေးပေးသွားဖို့ စီစဉ်ဆောင်ရွက်နေတာပါ။ လက်ရှိအချိန်မှာတော့ ထုတ်ချေးမဲ့ တောင်သူစာရင်းတွေတော့ တက်မလာသေးပါဘူး။ ဒီချေးငွေအစီအစဉ်က တစ်နိုင်ငံလုံးအနေနဲ့ ချေးပေးနေတာပါ။ ဝါကုန်ကြမ်း လိုအပ်မှုရှိတဲ့အတွက် ပြည်တွင်းဝါနဲ့ ဝါထွက်ပစ္စည်းကို အခြေခံတဲ့ စက်ရုံတွေအတွက် ကုန်ကြမ်းလိုအပ်မှုကို ဖြည့်ဆည်းဖို့အတွက်လဲဖြစ်တယ်။ အဓိကအနေနဲ့ ပြည်တွင်းမှာ ထုတ်လုပ်နိုင်ဖို့ ဦးတည်ပါတယ်။ စိုက်ပျိုးသီးနှံတွေ အောင်မြင်ဖြစ်ထွန်းပြီး မျိုးကောင်းမျိုးသန့်တွေရရှိစေဖို့အတွက် တစ်ဖက်တစ်လမ်းကနေ ပံ့ပိုးကူညီဆောင်ရွက်ပေးနေတာပါ။ အတိုးနှုန်းကတော့ငွေကျပ် ၁၀၀ ကို တစ်နှစ်ကို ငါးရာခိုင်နှုန်းနဲ့ ထုတ်ချေးပေးသွားမှာပါ"ဟု မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြ၍ သိရသည်။

(၁၈၅)

## မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး နိုဝင်ဘာ ၂၄**

ကားဈေးကွက်အတွင်း ယခင်ကဲ့သို့ အရောင်းအဝယ်ဖြစ်နေမှုမျိုး မဟုတ်သော်လည်း ပုံမှန်အရောင်းအဝယ်ရှိလာပြီး ကားဈေးနှုန်းများ တည်ငြိမ်စပြုလာကြောင်း မန္တလေး ကားဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် စလစ်ကပ်ကားများမှ တိုယိုတာဗုစ်ရ်၊ ကလူဂါကားများ အရောင်းအဝယ်ရှိလာပြီး ဖရီးပါမစ်ပွိုင့်သရီးကားလေးများဖြစ်သည့် နံပါတ်ထွက်ပြီးသား ကားဟောင်းများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်ဇ်၊ ဆူဇူကီးဆွစ်၊ တိုယိုတာကလူဂါ စသည့်ကားများလည်း အရောင်းအဝယ်ရှိနေကာ ဈေးနှုန်းများလည်း မြင့်လာကြောင်း၊ စလစ်ကပ်ကားများလည်း ဈေးမြင့်လာကြောင်း သိရသည်။

အလားတူ ငွေကျပ်သိန်း ၃၅၀ ခန့် ဈေးတန်းရှိ ကားလေးများ အရောင်းအဝယ်ရှိနေပြီး ၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ် သိန်း ၁၅၀ ခန့်၊ Manual ငွေကျပ်သိန်း ၁၃၀ ခန့် ဈေးပေါက်နေကြောင်း၊ အခြားသော ခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၀၀၊ Auto ငွေကျပ်သိန်း ၁၂၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၃၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၂၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် ၁၂၅ သိန်း၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် တရုတ်၊ ထိုင်းနှင့် အိန္ဒိယနိုင်ငံထုတ်ဘီးများ ဈေးကွက်အခိုင်အမာရှိနေသည်ဟုဆိုသော်လည်း လက်ရှိအချိန်ထိ ဈေးကွက်တစ်ခုလုံးအနေဖြင့် အရောင်းအဝယ်အေးနေဆဲဖြစ်ပြီး တစ်ပတ်ရစ်ဆိုင်ကယ်ဈေးကွက်သာ အရောင်းအဝယ်ပုံမှန်ဖြစ်နေကြောင်း ဆိုင်ကယ်ဈေးကွက်အတွင်းမှသိရသည်။

တစ်ပတ်ရစ် ဆိုင်ကယ်ဈေးကွက်တွင် အော်တိုဂီယာ ထိုင်းဘီးများနှင့် တရုတ်အမြင့်ဘီးများ၊ ဒိုးထရက်ကာဘီးများ ပို၍အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

တစ်ပတ်ရစ်ဆိုင်ကယ်ဈေးကွက်တွင် အော်တိုဂီယာ ထိုင်းဘီးများမှ ငွေကျပ် ၂၅ သိန်းအောက်ဈေးတန်းရှိ ဘီးများနှင့် တရုတ်ဘီးများတွင်လည်း ငွေကျပ် လေးသိန်းမှ ခုနစ်သိန်းခန့်ဈေးတန်းရှိဘီးများ ပို၍ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ်နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်း၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၁ သိန်းမှ သိန်း ၄၀ခန့်ဈေးရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မဘိမ်းမြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မဘိမ်း နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် မဘိမ်းမြို့နယ် ဘဟဲကျေးရွာနှင့် မလှိုင်ကုန်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းနှင့်တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဘဟဲကျေးရွာ၊ မလှိုင်ကုန်းကျေးရွာတို့၌ VDP စီမံကိန်းဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းက လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ပိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဘဟဲကျေးရွာနှင့် မလှိုင်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည် ပေ ၅၀၀၊အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၂၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၂၄ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ဝန်ထမ်းများ၏ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ယခုနှစ်ဩဂုတ်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပြီးစီးမှုကြောင့် ဘဟဲကျေးရွာ၊ မလှိုင်ကုန်းကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းက ပြောပြ၍ သိရသည်။

**ကိုပြည့်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ချမ်းမြသာစည်မြို့နယ် သံလျှက်မော်တောင်ရပ်နေ ဒေါ်ဝင်းနှင့်ညီအစ်မများက ဦးမိုးချွန်အား ရည်စူး၍ ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ လျှပ်စစ်ခုတင်တစ်လုံးလှူဒါန်းရာ တာဝန်ကျဆရာဝန်နှင့်တာဝန်ကျသူနာပြုတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

# ဖလမ်းခရိုင်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံမျိုးစုံ စိုက်ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးပြီးစီး



ယခုနှစ် မိုးနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ဖလမ်း နိုဝင်ဘာ ၂၄**

ချင်းပြည်နယ် ဖလမ်းခရိုင်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံမျိုးစုံဧက ၁၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ချင်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မျိုးဦးက ပြောပြ၍ သိရသည်။

ဖလမ်းခရိုင်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စပါးအပါအဝင် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲစင်းငုံ၊ ကြံ၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ ဝဥတို့ကို ၁၄၂၀၈ ဧက လျာထားစိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၃၄၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ တီးတိန်မြို့နယ်မှာ ဧက ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားခဲ့တာ အခုအချိန်ထိ ဧက ၁၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပါပြီ။ ဒါ့ပြင် အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ နှမ်းစတဲ့သီးနှံတွေမှာဆိုရင် လျာထားချက်ထက် ပိုမိုပြီးတော့ စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မျိုးဦးက ပြောပြသည်။

ဖလမ်းခရိုင်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စပါး ၃၃၂၄ ဧက၊ မြေပဲ ၈၂ ဧက၊ နှမ်း ဧက ၆၀၊ နေကြာ ၅၆၃ ဧက၊ ပဲစင်းငုံ ဧက ၄၈၀၊ ကြံ ၂၄ ဧက၊ အစေ့ထုတ်ပြောင်း ၈၃၂၈ ဧက၊ ပဲပုပ် ၈၅ ဧက၊ ဝဥ ၁၂၆၂ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ ယခုအခါ စိုက်ပျိုးပြီးစီးမှုအနေဖြင့် စပါး ၂၄၃၁ ဧက၊ မြေပဲ ၇၇ ဧက၊ နှမ်း ၆၂ ဧက၊ နေကြာ ဧက ၄၇၀၊ ပဲစင်းငုံ ၂၄၇ ဧက၊ ကြံ ၂၁ ဧက၊ အစေ့ထုတ်ပြောင်း ၈၈၈၈ ဧက၊ ပဲပုပ် ၉၉ ဧက၊ ဝဥ ဧက ၁၀၅၀ စုစုပေါင်း ၁၃၃၄၅ ဧကကို စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဖလမ်းခရိုင်တွင် အဆိုပါသီးနှံများအပြင် ဈေးကွက်ဝင်သီးနှံဖြစ်သည့် လိမ္မော်၊ ချင်း၊ ထောပတ်၊ စပျစ်၊ နန္နင်း၊ အာလူး၊ သရက်၊ လက်ဖက်၊ ကော်ဖီ၊ မျောက်ငို၊ ပိုးဇာ အစရှိသည့် သီးနှံများကိုလည်း စိုက်ပျိုးနေကြောင်း ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မျိုးဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# သနပ်ပင်မြို့နယ် ဖားအောက်ကံကျေးရွာ၌ ကုန်ထုတ်လမ်းဂဝံမြေနီခင်းခြင်းလုပ်ငန်း စစ်ဆေး

**သနပ်ပင် နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သနပ်ပင်မြို့နယ် ဖားအောက်ကံကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဂဝံမြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါနှင့်ဝန်ထမ်းများက သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်အတူ ဖားအောက်ကံကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဂဝံမြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုပြီး တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ သတ်မှတ်အတိုင်း အတာပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်ကြရန် ခရိုင်ဦးစီးမှူးက မှာကြားခဲ့ကြောင်း သိရသည်။

သနပ်ပင်မြို့နယ် ဖားအောက်ကံကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၀ ဒသမ ၆၄ သန်းဖြင့် အရှည် ၂၅၀၈ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဂဝံမြေနီခင်းခြင်းလုပ်ငန်းကို ချမ်းမြေ့ရတနာလင်းကုမ္ပဏီက ဇွန်လမှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက စိုက်ပျိုးမြေဧက ၁၂၀၀ မှ ထွက်ကုန်သီးနှံများ ဈေးကွက်သို့ လွယ်ကူစွာ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါက ပြောပြ၍ သိရသည်။

**ကိုညီ**

# သိန်းနီမြို့နယ် ဟိုတာကျေးရွာတွင် ကျေးလက်ရေပေးရေး စက်ရေတွင်းသစ်ဖွင့်ပွဲပြုလုပ်

**သိန်းနီ နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ် ကောင်းဟော်ကျေးရွာအုပ်စု ဟိုတာကျေးရွာတွင် ကျေးလက်ရေပေးရေးစက်ရေတွင်းသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ သိန်းနီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေလင်းထွန်းက ဟိုတာကျေးရွာ စက်ရေတွင်းသစ် တူးဖော်ဆောင်ရွက်နိုင်ခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ သိန်းနီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇာအောင်က ဟိုတာကျေးရွာတွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိသုံးစွဲနိုင်ရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်နယ် ရန်ပုံငွေကျပ် ၃၂ ဒသမ ၅၇ သန်းဖြင့် ကျေးလက်ရေပေးရေး စက်ရေတွင်းသစ် တူးဖော်ဆောင်ရွက်ပေးနိုင်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သိန်းနီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေလင်းထွန်း၊ သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးရာဇာအောင်နှင့် ရပ်မိရပ်ဖများက စက်ရေတွင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စက်ရေတွင်းနှင့် ဆက်စပ်လုပ်ငန်းများ တပ်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်းသည် အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ ဖြစ်ပြီး ရေထွက်နှုန်း တစ်နာရီလျှင် ဂါလန် ၁၂၀၀ ဖြစ်ကာ ကျေးလက်နေပြည်သူများ ရာသီမရွေး သန့်ရှင်းသောသောက်သုံးရေကို ရရှိသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇာအောင်က ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**



# လူကိုလူချင်း လေနှင့်ရင်း ကျုံးသွင်းမြူဆွယ် လူ့အန္တရာယ်

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

မြန်မာနိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စုရှိ ဒူဘိုင်းမြို့ နှစ်နိုင်ငံရဲအဖွဲ့ ပူးပေါင်းဆောင်ရွက်မှုဖြင့် လူကုန်ကူးခံရသည့် မြန်မာအမျိုးသမီး ခုနစ်ဦးကိုကယ်တင်၍ မြန်မာနိုင်ငံသို့ ခေါ်ယူပေးနိုင်ခဲ့သည့် သတင်းအပြည့်အစုံကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၀ ရက်နေ့ထုတ် နေ့စဉ်သတင်းစာများတွင် ဖော်ပြခဲ့ကြရာ ဖတ်ရှုရသူတိုင်းစာနာစိတ်ကိုယ်စီဖြင့် ထိတ်လန့်တုန်လှုပ်သွားခဲ့ကြရသည်။ လျှို့ဝှက်သည်းဖိုဇာတ်လမ်းဆန်နေသောကြောင့်လည်း ရင်ဝယ်လှပ်လှပ်ဖြစ်ရပ်ကွန်ချာဝေဒနာကို ခံစားကြရကာ ကယ်တင်စောင့်ရှောက်ပေးကြသူများကို ချီးကျူးသြဘာထောမနာဂုဏ်ပြုနေကြသကဲ့သို့ ကိုယ့်မြန်မာ အမျိုးသမီးအချင်းချင်းကို ရက်စက်ယုတ်မာ လူမဆန်စွာပြုကျင့်သူများကိုလည်း ထိုက်သင့်သော ပြစ်ဒဏ်ကိုပေးပါဟု ပြစ်တင်ရှုတ်ချ ကျိန်စာတိုက်နေကြသူများလည်း ရှိနေကြသည်။

ထိုလူကုန်ကူးမှုသတင်းနှင့်ဆက်စပ်ပြီး ဖိလစ်ပိုင်နိုင်ငံတွင် လူကုန်ကူးခံကြရသော မြန်မာအမျိုးသားတချို့ လောင်းကစားဝိုင်းများတွင် ငွေဝယ်ကျွန်များသဖွယ် အခိုင်းခံနေကြရကြောင်း ရင်နင့်ကြေကွဲဖွယ်သတင်းကလည်း ဆက်လက်ထွက်ပေါ်လာခဲ့သည်။

ထိုဖြစ်ရပ်ထက် ပိုဆိုးရွားလှသော လူကုန်ကူးခံရသူများ၏ လောကငရဲခံစားရမှုများက ပြောမဆုံးပေါင်တောသုံးတောင်ပင်။ တကယ့်ဖြစ်ရပ်များက ရုပ်ရှင်၊ ဗီဒီယိုဇာတ်လမ်းများထက်ပင် ပိုကြေကွဲဝမ်းနည်းဖွယ်ကောင်းလှသည်။

လူတစ်ဦးတစ်ယောက်ကို အခြားသူတစ်ဦးကသော်လည်းကောင်း၊ တစ်ဦးထက်ပိုသောသူ(ဥပမာ-နှစ်ဦး၊ သုံးဦးသာမက ပိုမိုများပြားသောအဖွဲ့ လူဆိုးဂိုဏ်း)ကသော်လည်းကောင်း ကာယကံရှင်၏ သဘောတူညီချက်အရဖြစ်စေ၊ ကာယကံရှင်သဘောတူညီချက် မပါဘဲဖြစ်စေ စည်းရုံးခြင်း၊ သိမ်းသွင်းခြင်း၊ အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း စသည်ဖြင့် ခေါင်းပုံဖြတ် အမြတ်ထုတ်သည့် နည်းအမျိုးမျိုးတို့ဖြင့် လူအချင်းချင်းအရောင်းအဝယ်ပြုလုပ်ကြခြင်းကို **လူကုန်ကူးခြင်း**ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

မြန်မာနိုင်ငံအတွင်းတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းကို ၁၉၉၇ ခုနှစ်ကစတင်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကိုလည်း ၂၀၀၅ ခုနှစ်က စ၍ ပြဋ္ဌာန်းအရေးယူခဲ့သည်။ ထိုဥပဒေအရ အရေးယူအပြစ်ပေးခဲ့သည့် မှုခင်းသတင်းများကို နေ့စဉ်ထုတ်သတင်းစာများတွင် အခါအားလျော်စွာ ဖော်ပြပေးနေခဲ့ရာ ကြိုတင်ကာကွယ်နိုင်ကြစေရေးအတွက် သတိပေးနေခြင်းဖြစ်သည်။ အထူးသဖြင့် မိန်းကလေးများသည် လူကုန်ကူးခံရမှုအများဆုံးဖြစ်ပွားနေကြကြောင်း ၂၀၁၉ ခုနှစ်က လူကုန်ကူးမှု ၂၇၉ မှုဖြစ်ပွားခဲ့ပြီး လူကုန်ကူးမှုခံရသူ ၃၅၈ ဦးရှိခဲ့ရာ အမျိုးသမီးဦးရေက ၂၉၇ ဦးရှိနေသောကြောင့် ၈၀ ရာခိုင်နှုန်းကျော်ရှိနေကြောင်း သိရသည်။

**"ယုံကြည်မှုလွယ်ကူလွန်းသူများ၊ အားနာမှုလွန်ကဲသူများ၊ အရချောင် အချောင်ရလိုသူများသည် အလိမ်အညာခံကြရလေ့ရှိသည်"**ဟူသော စကားသည် မှုခင်းလောကတွင် တွင်ကျယ်ထင်ဟပ်နေသော စကားရပ်ဖြစ်သည်။

ရွှေတုချ၍ လိမ်ညာမှုများ၊ အချောင်ဘာရမည်၊ ညာရမည်၊ အရချောင်သည်ဟု မက်လုံးပြ၍ လိမ်ညာမှုများ၊ ချစ်ခင်သနား၊ အကြင်နာပွားအောင်၊ လှည့်ဖြားမာယာ၊ တီတီတာတာဖြင့် အားနာလိုက်လျောလာအောင် မြှူးထောင်ကျုံးသွင်းလိမ်ညာခြင်းများ၊ ဖိုးတွမ်တီး၊ ဖိုးအိုစစ် ပုဒ်မ-၄၂၀၊ ပုဒ်မ-၄၀၆ မှုခင်းဖြစ်ရပ်မျိုးစုံသည်ကား ရပ်နားသွားခြင်းအလျှင်းမရှိဘဲ ခေတ်စနစ်အလိုက် တစ်သွားတည်းသွားနေသည်။

စေ့စေ့တွေး၊ ရေးရေးပေါ်ဆိုသကဲ့သို့ ဖော်ပြပါစကားသည် မှုခင်းလောက၏လက်သုံးစကားဆိုသော်လည်း စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးလောကများတွင်လည်း အလားတူ အလိမ်အညာခံရမှုများ မြောက်မြားစွာရှိနေကြလေရာ ကျွန်တော်ကတော့ ထိုစကားရပ်ကို အမြတမ်းမှန်ကန်နေသော **"ပရမတ္ထသစ္စာ"**စကားဟု စွဲမြဲစွာ သတ်မှတ်ထားသည်။

လူကုန်ကူးမှုခံရသူအများစုမှာ ဗဟုသုတမရှိသူ၊ အယုံလွယ်သူ၊ ငါးစာသာမြင်ပြီး ငါးမျှားချိတ်ကို မမြင်သူ၊ သေချင်တဲ့ကျားတောပြောင်းချင်သူများ၊ စိတ်အလိုကိုယ်ပါလွယ်သူများ၊ မိသားစုပြဿနာကြောင့် စိတ်လေနေသူများ၊ ငွေကြေးပြတ်လပ်ဆင်းရဲတွင်းမှ လွတ်ကင်းလိုသူများဖြစ်ကြသည်။ ဤနေရာတွင် **"လူကိုလူချင်း၊ လေနှင့်ရင်း၍၊ ကျုံးသွင်းမြူဆွယ်၊ ရောင်းဝယ်ဖောက်ကား၊ လူကုန်ကူးစားနေကြသော ဒုစရိုက်သမားများ"**အကြောင်းကို မီးမောင်းထိုးပြရင်း ဆောင်ဖွယ်၊ ရှောင်ဖွယ်များကို မှုခင်းအယ်ဒီတာအတွေ့အကြုံအရ မျှဝေပေးလိုသည်။

ပထမဦးစွာ **သမီးရည်းစားအဖြစ် ချစ်ကြိုက်ဟန်ဆောင်သော လူကုန်ကူးမှု(တစ်နည်းအားဖြင့်) လူမှောင်ခိုမှုများထဲမှ** တကယ့်ဖြစ်ရပ်မှန်သာဓကတချို့ကို ကောက်နုတ်ဖော်ပြပါမည်။

၂၀၁၁ ခုနှစ် ဧပြီလအတွင်းက ရှမ်းပြည်နယ် မိုင်းကိုင်မြို့နယ်နေ မ. . . အသက် ၂၀ နှစ်ကို သီပေါမြို့နယ်နေ စိုးသူက လက်ထပ်ထိမ်းမြားမည်ဟု လူကြီးစုံရာနှင့် ပြောဆိုတောင်းရမ်းခေါ်ဆိုသွားပြီး တစ်ရွာတည်းနေ စိုးထွန်းကျော်၊ ချစ်ထွေးတို့နှင့်ပူးပေါင်းကာ မူဆယ်မြို့မှတစ်ဆင့် တစ်ဖက် တရုတ်နိုင်ငံထဲသို့ ခေါ်ဆောင်သွားခဲ့ကြသည်။ ထို့နောက် တရုတ်ဇနီးအဖြစ် ရောင်းစားခဲ့ကြရာ အချိန်မီကယ်တင်နိုင်ခဲ့သည်။

၂၀၁၁ ခုနှစ် မေလပိုင်းကလည်း လားရှိုးမြို့နယ်နေ မ. . . အသက် ၁၉ နှစ်သည် ကျောက်မဲမြို့တွင် အလုပ်သွားလုပ်နေရင်းက ပျောက်ဆုံးသွားသဖြင့် မိခင်က လိုက်လံစုံစမ်းရှာဖွေခဲ့ရာ စန်းသီ(ခ)အောင်လှိုင်ဝင်းက မ. . . ကို သမီးရည်းစားအဖြစ် ချစ်ကြိုက်ဟန်ဆောင်ပြီး လူကိုလူချင်း လေနှင့်ရင်းသည့် တရုတ်လူပွဲစားများမှတစ်ဆင့် တရုတ်တစ်ဦးထံ တရုတ်ယွမ် ၁၅၀၀၀ ဖြင့် ရောင်းစားထားကြောင်း သိခဲ့ရသည်။ နှစ်နိုင်ငံ ရဲတပ်ဖွဲ့ချင်းဆက်သွယ်ပြီး ပြန်လည်ကယ်တင်ခဲ့ရသည်။

ပြန်လည်ကယ်တင်နိုင်ခဲ့ခြင်းမရှိဘဲ တရုတ်များ၏ဇနီးဖြစ်သွားကြသူများ၊ ထိုင်းနိုင်ငံတွင် ပြည့်တန်ဆာဖြစ်သွားကြသူများ၊ လူဖြစ်ရှုံးသွားကြသူများ များစွာရှိနေကြသည်။ မိန်းကလေးများအနေဖြင့် ချစ်ဟန်ဆောင်နေကြသော ချစ်သူရည်းစားများကို ယုံမှတ်ပြီး ဘဝကို ပုံမအပ်ကြပါနှင့်ဟုသတိပေးချင်သည်။ စောင့်စည်းထိန်းသိမ်းကြရေးအတွက် အလေးအနက်သတိထားနေကြရပေမည်။ **"အချစ်ကိုယုံ ပုံပါနဲ့အလုံး"**ဟူသော တေးသွားသည် လူကုန်ကူးသူများ၏အန္တရာယ်ကို ကြိုတင်ကာကွယ်ကြရန် လှုံ့ဆော်ပေးနေသည့်လှုံ့ဆော်တေးဖြစ်နေလေပြီ။

ဒုတိယအမျိုးအစားဖြစ်သော **"ဂိုဏ်းဖွဲ့ကျူးလွန်သည့် လူကုန်ကူးသူများကို ဖမ်းဆီးခြင်းနှင့် လူကုန်ကူးခံရသူများကို ကယ်တင်ခြင်း"** မှုခင်းများထဲမှ ဖြစ်ရပ်မှန်မှုခင်းများကို ဆန်းစစ်လေ့လာသုံးသပ်ကြည့်ခဲ့ရာ လူကုန်ကူးမှုစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းမှာ တရုတ်များ၏ ဇနီးများအဖြစ် အဓမ္မလက်ထပ်ထိမ်းမြားစေမှုများ၊ သက်မဲ့ကုန်ပစ္စည်းများကဲ့သို့ အဆင့်ဆင့်ရောင်းစားနေမှုများပင်ဖြစ်သည်။

မြန်မာ-တရုတ်နယ်စပ် မူဆယ်မြို့မှတစ်ဆင့် ကျယ်ဂေါင်နှင့် ရွှေလီမြို့ရှိ လူကုန်ကူးသူလူပွဲစားများက အုပ်စုဖွဲ့ကာ မြန်မာမိန်းကလေးများကို ရောင်းစားနေကြသည်။ မူဆယ်မြို့နှင့် ခြံစည်းရိုးသာခြားထားသော ကျယ်ဂေါင်နှင့်ရွှေလီသည် ကျွန်တော်တို့နိုင်ငံတွင် နွားအရောင်းအဝယ်ဈေးလုပ်နေကြသည့် နွားပွဲများကဲ့သို့ လူပွဲဈေးကွက်များဖြစ်နေကြသည်။

၂၀၁၁ ခုနှစ် ဧပြီလအတွင်းက လားရှိုးမြို့နေ မအေးသည် တစ်မြို့တည်းနေ မ. . . အသက် ၂၇ နှစ်နှင့် မ. . . တို့နှစ်ဦးကို တရုတ်အမျိုးသားများနှင့် လက်ထပ်ယူကြပါက ငွေများများရမည်ဟု မက်လုံးပေး၊ ကျုံးသွင်းခေါ်ဆောင်သွားခဲ့ပြီး ကျယ်ဂေါင်ရှိ မျိုးဝင်း၊ နန်းမြသန်း(ခ)မရှမ်းမ၊ ဒေါ်မြအေးတို့အဖွဲ့နှင့်ပူးပေါင်းကာ တရုတ်လူပွဲစားများနှင့် ဆက်သွယ်ခဲ့ကြသည်။ ဆက်သွယ်ခ(ပွဲခ)တစ်ဦးလျှင် တရုတ်ငွေယွမ် ၁၀၀၀ (မြန်မာငွေကျပ် နှစ်သိန်း)စီ (ထိုအချိန်က ဈေးနှုန်းဖြင့်) ရခဲ့ကြသည်။ ရာဇဝတ်ဘေးပြေးမလွတ်ဆိုသည့်နယ်တရားခံအားလုံးကို ဖမ်းဆီးရမိခဲ့သည်။ လူကုန်ကူးသူ ၁၈ ဦးက ဂိုဏ်းဖွဲ့ပြီး ခုနစ်မှုကျူးလွန်ခဲ့ကြောင်း ဝန်ခံခဲ့ကြသည်။ လူကုန်ကူးခံရသူအမျိုးသမီး ၁၀ ဦးကိုလည်း ကယ်တင်နိုင်ခဲ့သည်။

အလားတူ ရင်နင့်ကြေကွဲဖွယ်ကောင်းသော တရုတ်ဇနီးအဖြစ် ရောင်းစားခံရသူများ၊ ထိုင်းနိုင်ငံတွင် ပြည့်တန်ဆာအဖြစ် ရောင်းစားခံရသူများ၊ ငွေဝယ်ကျွန်များအလား ရောင်းစားခံရသူများ တစ်ခြား များပြားလာသောအခါ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းပြီး ကြိုတင်ကာကွယ်တားဆီးသည့်အနေဖြင့် ပညာပေးဟောပြောပွဲများ ကျင်းပခဲ့ကြသည်။ လက်ကမ်းစာစောင်များ၊ ဗီဒီယိုခွေများ၊ ပညာပေးဇာတ်လမ်းများ၊ သီချင်းခွေများ၊ စတေကာများဖြန့်ဝေကာ လှုံ့ဆော်သတိပေးနေခဲ့သည်။ Billboard များ၊ ပိုစတာများ၊ ဗီနိုင်းများကိုလည်း လူစည်ကားသော ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်၊ ဆိုင်ကယ်၊ ဆိုက်ကားဂိတ်များတွင် စိုက်ထူပေးထားကြသည်။ လူအများလူကုန်ကူးမှုအန္တရာယ်များကို သိရှိနားလည်နေကြပါက ကြိုတင်ဆင်ခြင်ရှောင်ကြဉ်နိုင်ကြပေလိမ့်မည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့က လူထုအသိပညာပြန့်ပွားစေရေးအတွက် စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်အသင်းအဖွဲ့များမှ ပညာရှင်များကို ဖိတ်ကြားပြီး ရှင်းလင်းတင်ပြကာ လူထုထံလှုံ့ဆော်ပေးရန် အကူအညီတောင်းခံခဲ့သည်။ ထိုသို့အကူအညီတောင်းခံခဲ့ရာ၌ စီဒီခွေများဖြင့် မှတ်တမ်းတင်ထားသော လူကုန်ကူးခံရသူများ၏ ဖြစ်ရပ်မှန်များကိုပါ ပြသရှင်းလင်းတင်ပြခဲ့သည်။

**Enstaved** စီဒီခွေထဲတွင် အဆိုတော်တစ်ဦး၏ နောက်ခံစကားပြောနှင့် မိန်းကလေးနှစ်ဦး၊ ယောက်ျားလေးတစ်ဦး ပေါင်း သုံးဦးတို့၏ လူကုန်ကူးခံရပုံများကို ကာယကံရှင်များကိုယ်တိုင်က ဖွင့်ဟရှင်းပြထားကြရာ စာနာသနားဖွယ်ကောင်းလှသည်။ သူတို့လို လူကုန်ကူးမခံကြရစေရန် အရှက်ကို မငဲ့ကွက်ကြဘဲ ဖွင့်ဟဝန်ခံသွားကြသည်မှာ ချီးကျူးဂုဏ်ပြုသင့်လှပေသည်။

လာအိုနိုင်ငံမှ **ဆာဗာနာ** ဆိုသူမိန်းကလေးသည် မိသားစုဆင်းရဲကျပ်တည်းလွန်းမှုဒဏ်မှ လွတ်ကင်းစေရေးအတွက် ကယ်တင်ရန်အကြံဖြင့် ဝင်ငွေကောင်းမည့်အလုပ်ကို ရှာဖွေနေရင်း လူပွဲစားများ၏ ဖြားယောင်းသွေးဆောင်မှုကို ခံခဲ့ရသည်။ ထိုင်းနိုင်ငံထဲရှိ အိမ်ကြီးတစ်အိမ်ထဲတွင် အခန်းပိတ်လှောင်ထားခံခဲ့ရသည်။ အိမ်သာဆေးကြောသည့်အလုပ်ကအစ အလုပ်ကြမ်းမှန်သမျှ လုပ်ကိုင်ပေးနေခဲ့ရသည်။ မည်သူနှင့်မျှ ဆက်သွယ်ခွင့်မရဘဲ ၁၆ နှစ်ကြာ ငွေဝယ်ကျွန်ဘဝဖြင့် နေခဲ့ရသည်။

ဇရာဝတီတိုင်းဒေသကြီးထဲတွင် ဆင်းရဲကျပ်တည်းလွန်းမှုဒဏ်မှ လွတ်ကင်းစေချင်သောအိမ်ထောင်ရှင်မိန်းကလေး **ကြည်ကြည်**သည် မန္တလေးတွင် လခကောင်းကောင်းရမည်ဟူသော မက်လုံးပြကျုံးသွင်းခေါ်ဆောင်မှုကြောင့် လိုက်ပါလာခဲ့ရာ မူဆယ်မြို့မှတစ်ဆင့်ရွှေလီမြို့တွင် တရုတ်ဇနီးအဖြစ် ရောင်းစားခံခဲ့ရသည်။ တစ်နှစ်ခန့်အကြာတွင် ကြည်ကြည်သည် တရုတ်မိသားစုအလစ်မှာ ထွက်ပြေးလွတ်မြောက်ခဲ့ရသည်။ ကြည်ကြည်၏ ယောက္ခမများက ချွေးမကြည်ကြည်ကို မသတီကြတော့ဘူးဟု ပြောဆိုငြင်းပယ်ခဲ့ကြသော်လည်း ကြည်ကြည်၏ ခင်ပွန်းဖြစ်သူက ကြည်ဖြူစွာ ပေါင်းသင်းပါမည်ဟု ဝန်ခံကတိပြုကာ ပြန်လည်ပေါင်းသင်းခဲ့သည်။

မွန်ပြည်နယ်သားလေး **ကိုမင်းမင်း**သည် ထိုင်းနိုင်ငံထဲတွင် ရော်ဘာအစေးခြစ်လုပ်ငန်းကို ရိုးသားစွာလုပ်ကိုင်နေသူဖြစ်သည်။ တစ်နေ့ နေ့လယ်ဘက်တွင် အလုပ်ပင်ပန်းလွန်းသောကြောင့် အိပ်ပျော်နေစဉ် ထိုင်းအမျိုးသားသုံးဦးက သူ့ကို အတင်းအကျပ်တုပ်နှောင်၊ မျက်နှာကိုပိတ် ကားပေါ်တင်ခေါ်ဆောင်သွားကြပြီး ငါးဖမ်းသင်္ဘောတွင် ရောင်းစားခဲ့ကြသည်။

> ❖ လူတစ်ဦးတစ်ယောက်ကို အခြားသူတစ်ဦးကသော်လည်းကောင်း၊ တစ်ဦးထက်ပိုသောသူ(ဥပမာ-နှစ်ဦး၊ သုံးဦးသာမက ပိုမိုများပြားသောအဖွဲ့ လူဆိုးဂိုဏ်း)ကသော်လည်းကောင်း ကာယကံရှင်၏ သဘောတူညီချက်အရဖြစ်စေ၊ ကာယကံရှင်သဘောတူညီချက် မပါဘဲဖြစ်စေ စည်းရုံးခြင်း၊ သိမ်းသွင်းခြင်း၊ အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း စသည်ဖြင့် ခေါင်းပုံဖြတ် အမြတ်ထုတ်သည့် နည်းအမျိုးမျိုးတို့ဖြင့် လူအချင်းချင်းအရောင်းအဝယ်ပြုလုပ်ကြခြင်းကို လူကုန်ကူးခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ❖

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ခံစားကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

---

➤ စာမျက်နှာ ၄ မှအဆက်

ပင်လယ်ထဲရှိ စက်လှေပေါ်တွင် ပိုက်ခါရသည့်အလုပ်မှာ သေမင်းနှင့် စစ်ခင်းရသည့်ပမာ အလွန်ပင်အန္တရာယ်များလှသည်။ လေးလက်မသာကျယ်သည့် စက်လှေပေါင်ပေါ်တွင် ခြေနင်းလုပ်ရသည့်အတွက် ခြေချော်ပြီး ပင်လယ်ထဲသို့ကျသွားပါက သေဆုံးကြလေ့ရှိသဖြင့် စိတ်တထင့်ထင့်ဖြင့် အသက်ကိုရင်းပြီးလုပ်ခဲ့ရသည်။ လုပ်ခလည်းမရခဲ့ဘဲ ငွေဝယ်ကျွန်အဖြစ် ခိုင်းစေခြင်းကို ခံခဲ့ရသည်။ ခြောက်လခန့်အကြာတွင် ဆိပ်ကမ်းသို့ပြန်အရောက်မှာ အလုပ်သမားခေါင်းနှင့် အလုပ်သမားများ အချင်းများပြဿနာဖြစ်ပွားနေချိန်တွင် **ကိုမင်းမင်း**ထွက်ပြေးလွတ်မြောက်လာခဲ့သည်။

ခေတ်သစ်ကျေးကျွန်စနစ်၏ သားကောင်များဖြစ်ခဲ့ကြသော သူတို့သုံးဦးခံစားခဲ့ရသည်ထက် လောကငရဲခံစားခဲ့ရသူများက ပိုမိုများပြားနေသည်။ ငွေရှင်ကြေးရှင်များ၏ လိုအင်ဆန္ဒကို မလိုက်လျောကြပါက မြေအောက်ခန်းများတွင် ကြွက်စာကျွေးခြင်း၊ ရေကန်များထဲတွင် မျှော့စာကျွေးခြင်း၊ အစာအာဟာရဖြတ်တောက်ထားခြင်း စသည်ဖြင့် ရက်စက်မှုအပေါင်း သရဖူဆောင်းနေကြသည်။

တကယ့်လက်တွေ့ဖြစ်ရပ်များသည် စိတ်ကူးယဉ်ဝတ္ထုဇာတ်လမ်းများထက်ပင် ပိုဆန်းပြားနေကြသည်ကို လူကုန်ကူးမှုဖြစ်စဉ်များတွင်ကြုံတွေ့နေကြရသည်။ ခေတ်ပညာတတ်ရွှေနေမလေးတစ်ဦးနှင့် အရာရှိကတော်တစ်ဦး ယုံကြည်မှုလွယ်ကူလွန်းသောကြောင့် သူတို့ဘာမျှမသိလိုက်ကြဘဲ ရောင်းစားခံကြရတော့မှ လူကုန်ကူးခံခဲ့ရသည်ကို သိခဲ့ကြရသည်။

မူလတန်းပြဆရာမလေးတစ်ဦးကတော့ လစာကောင်းကောင်း ရချင်ဇောဖြင့် လူကုန်ကူးသူပွဲစား၏ လှည့်ဖြားမှုဝဲဂယက်ထဲမျောပါသွားခဲ့ရာ ကံကောင်း၍ ကယ်တင်သူပေါ်လာပြီး နေရပ်သို့ပြန်လည် ရောက်လာခဲ့သည်။ ထိုဆရာမလေးက သူလို ခေတ်သစ်ကျေးကျွန်စနစ်၏ သားကောင်မဖြစ်အောင် ရှောင်ကြဉ်ကြစေလိုကြောင်း လူကုန်ကူးမှုပညာပေးဟောပြောပွဲများတွင် အရှက်ကိုပဓာနမထားဘဲ လှို့ဆော်ဟောပြောနေခဲ့သည်။

အမျိုးသားတချို့သည် သူတို့လူကုန်ကူးနေခြင်းမဟုတ်ကြောင်း၊ ကြိုက်နှစ်သက်သူကို ကြိုက်ဈေးပေး၍ ဝယ်ယူအသုံးပြုနေခြင်းသာဖြစ်ကြောင်း လက်မထောင်၍ ကြွေးကြော်နေကြလေရာ ရောင်းစားခံရသော မိန်းကလေးများ၏ ဘဝသည် တိရစ္ဆာန်များထက်ပင် ဆိုးဝါးနိမ့်ကျနေပါတော့သည်။

မြန်မာမိန်းကလေးတစ်ဦးကို ထိုအချိန်က ငွေကျပ် ၁၀ သိန်းဖြင့် တရုတ်များ၏ဇနီးများ၊ သွေးသားကစားစရာများ၊ ပျော်တော်ဆက်များဘဝရောက်အောင် ပို့ဆောင်ပေးနေကြသည့် အမျိုးသားသစ္စာဖောက် လောက်ကောင် လူကုန်ကူးသူများကို တစ်သက်တစ်ကျွန်းပြစ်ဒဏ်ချမှတ်ခြင်းအပြင် မသေမချင်း လည်ပင်းကြိုးကွင်းစွပ်သတ်စေဟုသာ အမိန့်ချမှတ်သင့်သည်။

ခေတ်သစ်ကျေးကျွန်စနစ်၏ သားကောင်များ လောကငရဲခံနေကြရပုံကို လှို့ဆော်ပညာပေးနေသည့်ကြားမှ မိဘအရင်းက သမီးအရင်းကို၊ အဘွားအရင်းက မြေးအရင်းကို ရောင်းစားမှုများပေါ်ပေါက်လာသောအခါ ကမ္ဘာမီးလောင် သားကောင်ချနင်းသည့်ကိန်း ဆိုက်လာပြီဟု ဆိုသူက ဆိုလာကြသည်။ ကျွန်တော်ကတော့ ထိုအဆိုကို လက်မခံချင်ပါ။ ဇနီးက ပြည့်တန်ဆာလုပ်နေသည်ကို ထိုင်စားနေသော ခင်ပွန်းက သမီးပါ ပြည့်တန်ဆာဖြစ်လာသောအခါ ပြဿနာမရှာဘဲ စားမြဲ၊ သောက်မြဲ ပုံမှန်အနေအထားမှာပဲ ရှိနေသည်။ ထိုသို့သော လူ့အန္ဓများကား ပြည့်တန်ဆာခေါင်းများနှင့် မခြားသောကြောင့် လူကုန်ကူးမှုလောက်ကို စာဖွဲ့နေကြမည်မဟုတ်ပေ။

လူများ၏လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ တဏှာ၊ ကာမရာဂမီးများကသာ လူများကို လောင်မြိုက်နေလေရာ ဟီရိဩတ္တပ္ပဟူသော အရှက်အကြောက်တရားနှစ်ပါး မရှိကြတော့ဘဲ တိရစ္ဆာန်များနှင့်မခြားလူ့အသိဉာဏ်ခေါင်းပါးလာကြပါတော့သည်။ ယနေ့ လူကုန်ကူးနေကြသော လူပွဲစားများသည် လူ့အသိဉာဏ်ခေါင်းပါးသူများဖြစ်ကြသောကြောင့် စာနာစိတ်၊ ညှာတာစိတ် မရှိကြတော့ဘဲ ဘယ်သူသေသေ ငတေမာရင်ပြီးရော လောဘဇောကပ်ကာ ငါတကောလုပ်ပြီး ယုတ်မာစွာကိုယ်ကျိုးရှာနေကြသည်။

လူကုန်ကူးမှုအန္တရာယ်ကို သိကြသူတိုင်းသည် လူကုန်ကူးမည့်အရိပ်အခြည်များကို မြင်တွေ့ကြားသိပါက လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ခွဲအဆင့်ဆင့်သို့ လျင်မြန်စွာသတင်းပို့ကူညီကြစေချင်သည်။ သတင်းပေးကူညီသူများကြောင့် လူကုန်ကူးမှုအန္တရာယ်မှ ကယ်တင်နိုင်မှုများ မြောက်မြားစွာရှိသည်။

ကျွန်တော်တို့စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်ပညာရှင်များနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပနေစဉ် မြန်မာမိန်းကလေး ၁၄ ဦး မလေးရှားသို့ ရောက်သွားခဲ့ကြပြီး သုံးလအကြာမှာ အလုပ်ရှင်က ဒေဝါလီခံလိုက်သောကြောင့် အလုပ်လက်မဲ့ဖြစ်ကုန်ကြပြီး ကူကယ်ရာမဲ့ဘဝများသို့ရောက်နေကြကြောင်း၊ ကြာလျှင်ပြည့်တန်ဆာများဖြစ်ကုန်ကြမည်ကို စိုးရိမ်နေရကြောင်း မိန်းကလေးတစ်ဦး၏မိခင်တစ်ဦးက ဖုန်းဖြင့်ဆက်သွယ်အကူအညီတောင်းခံလာခဲ့ရာ ထိုအချိန်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ တွဲဖက်အတွင်းရေးမှူး ရဲမှူးချုပ်ခင်မောင်စိုးက ချက်ချင်းပင် ကုမ္ပဏီနာမည်ကိုစုံစမ်းပြီး မလေးရှားရဲတပ်ဖွဲ့နှင့်ဆက်သွယ်ညှိနှိုင်းခဲ့ရာ အဆင်ပြေသွားခဲ့သည်။ ယခု ဒုဘိုင်းမြို့ဖြစ်စဉ်ကဲ့သို့ ရဲတပ်ဖွဲ့ချင်းဆက်သွယ်ကူညီခဲ့ခြင်းဖြစ်သည်။

ထိုဖြစ်ရပ်ကိုကြည့်ပြီး ကျွန်တော်တို့အားလုံး ပြုံးပျော်ပီတိဖြစ်သွားခဲ့ကြရသည်။ ရိုက်စားလုပ်နေကြသော(တစ်နည်းအားဖြင့်)လူကုန်ကူးမှုခွင်ကို ဖန်တီးနေကြသော ကုမ္ပဏီအမည်ခံများလည်း ရှိနေပါလား၊ ခေတ်သစ်ကျေးကျွန်စနစ်အတွက် သားကောင်ရှာဖွေနေကြသူများ များပြားနေပါလားဟူသော အသိကိုလည်း ရခဲ့ကြသည်။

ထို့ကြောင့် ဝါဝါမြင်တိုင်း ရွှေမထင်ကြပါနှင့်။ အယုံမလွယ်ကြပါနှင့်။ အချစ်ကိုယုံပြီး ပုံမအပ်ကြပါနှင့်။ အားနာမှုမလွန်ကဲပါနှင့်။ အချောင်မလိုချင်ကြပါနှင့်။ အရချောင်လျှင် အချောင်ခံရတတ်သည်။ ဖြတ်လမ်းလိုက်ပြီး မကြီးပွားချင်ကြပါနှင့်။ ရောင့်ရဲတင်းတိမ်နိုင်ကြပါစေဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။

---

## စာဆိုစစ်သည် အားလုံးရည်လျက်

- စာဆိုစစ်သည် အဘယ်မည်ကား
ရွယ်ရည်စစ်ရေး မူလတွေးပြီး
အလေးတစ်ခါ သာခဲ့ပါက
မွေးရာဗိဇ ဇာတိပြကြောင့်
နိုးထကလောင် တထောင်ထောင်ဖြင့်
စာဖောင်အများ တိုက်ပွဲကြားက
ရေးသားခဲ့ပေ စာထွေထွေတည့်။

- စာဆိုစစ်သည် မြဝတီဟု
နာမည်ကျော်ကြား ဦးစအားလျှင်
ရွယ်ကားငယ်ပေ သာမဏေတွင်
စာပေမဲထိး ဆရာတော်ကြီး၏
ထံနီးတပည့် သူဖြစ်ခဲ့၍
ဖောင်ဖွဲ့ရေးသီ ဇာတ်တော်မည်ကား
အီနောင်နန်းတွင်း ဇာတ်သီချင်းနှင့်
အလျှင်းကောင်းသည့် ရွှေဘုံနိဒါန်း
စုံစီရေးဆက် ခြားတစ်ဖက်၌
စစ်ထွက်ယောကျ်ား ကသည်းသွား၍
ကုလားနှိမ်နင်း ရဲတစ်သင်းကို
ဆောင်နှင်းစေကာ မြို့ပန်းဝါတွင်
မဟာပြုကြ ဗန္ဓုလနှင့်
တကွပေါင်းယူ ကုလားဖြုကို
ရန်သူသဖွယ် အပြတ်တွယ်၏။

- စိန္တကျော်သူ ဦးဩဟူကား
ပြည်သူသတိ သတ်ပုံညှိအောင်
ကဝိလက္ခဏာ ကျမ်းထိုမျှကို
တွေးဆမယွင်း ရေးသားခြင်းနှင့်
ဆက်သွင်းပန်ထွာ ကန်နန္ဒာ၏
သာယာပုံဆန်း အံ့ဘနန်းကို
ချီးမွမ်းဖွဲ့ဆို စာထိုထိုပြင်
စာဆိုစစ်သည် ပီသသည်ကား
အနီးနယ်ချဲ့ ရန်တစ်ဖွဲ့ကို
နှင်ခဲ့တစ်မူ ခေုဖြူတွင်
လုယူစခန်း တိုက်ပွဲကြမ်းကို
မခန်းဆင်နွှဲ သူပင်ရဲ၏။

- နှောင်းခေတ်စာဆို စစ်သည်ပျိုတို့
မြောင်လျှိုတောတန်း ချောက်စခန်းဝယ်
ပင်ပန်းတိုက်ပွဲ ဆင်ကာနွှဲ၍
အမြဲပြည့်ရန် သူတွန်းလှန်လည်း
အိမ်ပြန်တပ်နား စာရေးသားသည့်
စစ်သားစာဆို နှောင်ညီကိုအား
အပိုမရှိ ဂုဏ်ပြု၏။ ။

**မန္တလာပြေ**

# SCIENCE AND TECHNOLOGY

## ကနေဒါအာကာသနည်းပညာကုမ္ပဏီက လကမ္ဘာပေါ်ရှိ စက်ရုပ်အာကာသယာဉ်များကို ကြိုးမဲ့စနစ်ဖြင့် စွမ်းအင်ဖြည့်ပေးနိုင်မည့်အာကာသယာဉ်တစ်စင်း လွှတ်တင်ရန်စီစဉ်



**အော့တဝါ နိုဝင်ဘာ ၂၄**

ကနေဒါနိုင်ငံ အခြေစိုက် အာကာသနည်းပညာကုမ္ပဏီသစ် တစ်ခုသည် စက်ရုပ်အာကာသယာဉ် များကို ကြိုးမဲ့စနစ်ဖြင့် စွမ်းအင် ဖြည့်ဆည်းပေးနိုင်မည့် အာကာသ ယာဉ်တစ်စင်းကို ၂၀၂၅ ခုနှစ်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက် က နိုဝင်ဘာ ၂၃ ရက်က ရေးသား တင်ပြထားသည်။

အဆိုပါစွမ်းအင်ဖြည့်အာကာသ ယာဉ်သည် လကမ္ဘာတောင်ဝင်ရိုး စွန်းနယ်မြေရှိ အမြဲတမ်းအရိပ်ကျ နေတတ်သော ဥက္ကာချိုင့်ခွက်နယ် မြေများ၌ စူးစမ်းလေ့လာမှုများ ပြုလုပ်နေသည့် စက်ရုပ်အာကာသ ယာဉ်များကို စွမ်းအင်ဖြည့်ပေးနိုင် မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစွမ်းအင်ဖြည့်အာကာ သယာဉ်သည် နိုင်ငံတကာအာကာ သအေဂျင်စီများက အကောင် အထည်ဖော်ရန် စီမံနေသော လကမ္ဘာ အခြေခံအဆောက်အအုံ အစီအစဉ်များ၌ ၂၀၂၅ ခုနှစ်တွင် ပူးပေါင်း ပါဝင်မည်ဖြစ်ကြောင်း ကနေဒါအခြေစိုက် Stells Space အာကာသနည်းပညာကုမ္ပဏီက ကြေညာထားသည်။

စွမ်းအင်ဖြည့်အာကာသယာဉ် သည် လကမ္ဘာတောင်ဝင်ရိုးစွန်း ဒေသ ဥက္ကာချိုင့်ခွက်နယ်မြေများ အတွင်းသို့ စွမ်းအင်ရောင်ခြည်တန်း များ တိုက်ရိုက်ထိုးပေးခြင်းဖြင့် စက်ရုပ်အာကာသယာဉ်များကို စွမ်းအင်ဖြည့်ပေးမည်ဖြစ်သည်။

MPR-1 ဟု၍ အမည်ပေးထား သော အဆိုပါစွမ်းအင်ဖြည့်အာကာ သယာဉ်ကို နိုဗာ-စီအမည်ရှိ လ ဆင်းယာဉ်နှင့်အတူ လကမ္ဘာပေါ် သို့ လွှတ်တင်ရန် Stells Space ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

အမြဲတမ်းအရိပ်ကျနေတတ် သည့် လကမ္ဘာတောင်ဝင်ရိုးစွန်း ဥက္ကာချိုင့်ခွက်နယ်မြေများသည် နေ အဖွဲ့အစည်း၏သမိုင်းကို လေ့လာ နေသည့် သိပ္ပံပညာရှင်များ အထူး စိတ်ဝင်စားသည့် နယ်မြေများ ဖြစ်ကြသည်။

နိုင်ငံတကာအာကာသအေဂျင် စီများ၏ စီမံချက်များအရ ယခု ဆယ်စုနှစ်ကုန်တွင် လပတ်အာကာ သစခန်းတစ်ခုနှင့် အမြဲတမ်းအခြေ စိုက်စခန်းတစ်ခုကို လကမ္ဘာတောင် ဝင်ရိုးစွန်းဒေသလေ့လာရေး လုပ် ငန်းများအတွက် တည်ဆောက်နိုင် ဖွယ်ရှိကြောင်း သိရသည်။

KKO

## အိုရိုင်ယွန်အာကာသယာဉ်က လမျက်နှာပြင်ကို အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၂၄**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံ ခန့်ခွဲရေးအေဂျင်စီ (နာဆာ) က အားတီးမစ်-၁ မစ်ရှင်အရ လွှတ် တင်ထားသည့် အိုရိုင်ယွန်အာကာသ ယာဉ်သည် နိုဝင်ဘာ ၂၁ ရက်က လမျက်နှာပြင်ကို အနီးဆုံးမှတ်မှ တစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ ကြောင်း Space.com သတင်း ဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၃ ရက် က ရေးသားတင်ပြထားသည်။

အိုရိုင်ယွန်အာကာသယာဉ်သည် လကမ္ဘာအခြားဘက်ခြမ်း၌ ဒုံးကန် အားစနစ်ဖွင့်ခဲ့ပြီးနောက် လမျက် နှာပြင်ကို အနီးကပ်ဖြတ်ကျော် ပျံသန်းခဲ့ခြင်းဖြစ်သည်။

ထိုသို့ အနီးကပ်ဖြတ်ကျော် ပျံသန်းချိန်တွင် အိုရိုင်ယွန်အာကာသ ယာဉ်နှင့် လမျက်နှာပြင်တို့ကြား အကွာအဝေးမှာ မိုင်ပေါင်း ၈၀ မျှ သာရှိခဲ့ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။



အိုရိုင်ယွန်အာကာသယာဉ်သည် လမျက်နှာပြင်ကို အနီးကပ်ဖြတ် ကျော်ပျံသန်းပြီးနောက် နိုဝင်ဘာ ၂၅ ရက်တွင် ဒုံးကန်အားစနစ်ကို ထပ်ဖွင့်၍ လမျက်နှာပြင်အထက် မိုင် ၄၀၀၀၀ အကွာရှိ ပတ်လမ်း အတွင်းသို့ ဝင်ရောက်မည်ဖြစ်သည်။

နာဆာအဖွဲ့သည် အားတီးမစ်- ၁ မစ်ရှင်အရ အိုရိုင်ယွန်အာကာသ ယာဉ်ကို နိုဝင်ဘာ ၁၆ ရက်က SLS ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

အိုရိုင်ယွန်အာကာသယာဉ်သည် လာမည့် ဒီဇင်ဘာ ၁ ရက်တွင် ဒုံး ကန်အားစနစ်ကိုဖွင့်၍ ကမ္ဘာမြေ အပြန်ခရီး စတင်မည်ဖြစ်ပြီး နိုဝင် ဘာ ၁၁ ရက်တွင် ကမ္ဘာမြေပေါ် သို့ ပြန်လည်ဆင်းသက်မည်ဖြစ် ကြောင်း သိရသည်။ KKO

## အင်္ဂါဂြိုဟ်ဒြပ်ဆွဲအားသက်ရောက်မှုကြောင့် ဖိုးဘော့စ်ဂြိုဟ်ရံလ ပြိုကွဲမည့်လက္ခဏာများရှိနေ

**ဝါရှင်တန် နိုဝင်ဘာ ၂၄**

အင်္ဂါဂြိုဟ်၏ အကြီးဆုံးဂြိုဟ်ရံ လဖြစ်သည့် ဖိုးဘော့စ်ဂြိုဟ်ရံလသည် အင်္ဂါဂြိုဟ်ဒြပ်ဆွဲအားသက်ရောက် မှုကြောင့် အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားမည့် လက္ခဏာများရှိနေ ကြောင်း သိပ္ပံပညာရှင်များ၏အဆို ကို ကိုးကား၍ Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၃ ရက်က ရေးသားတင်ပြထားသည်။

ဖိုးဘော့စ်ဂြိုဟ်ရံလမျက်နှာပြင် ပေါ်ရှိ ထယ်ကြောင်းရာကြီးများ သည် အင်္ဂါဂြိုဟ်ဒြပ်ဆွဲအားသက် ရောက်မှုကြောင့် ဖိုးဘော့စ်ဂြိုဟ်ရံ လ ဆန့်ထွက်လာက တဖြည်းဖြည်း ကျယ်ပလာသော ဖုန်မှုန့်များပြည့် နေသည့် လျှိုကြီးများဖြစ်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ရှေးယခင်က ဖိုးဘော့စ်ဂြိုဟ်ရံ လမျက်နှာပြင်ပေါ်ရှိ ထယ်ကြောင်း ရာများကို ဂြိုဟ်သိမ်များကျရောက် မှုကြောင့် ပေါ်ထွက်လာသည့် မြေမျက်နှာသွင်ပြင်ပုံစံများအဖြစ် ယူဆခဲ့ကြသည်။

သို့ရာတွင် အဆိုပါထယ်ကြောင်း ရာကြီးများသည် ဖိုးဘော့စ်ဂြိုဟ်ရံ လနှင့် အင်္ဂါဂြိုဟ်တို့ကြား အကွာ အဝေး တဖြည်းဖြည်းနီးကပ်လာမှု ကြောင့် ဂြိုဟ်ရံလပြိုကွဲလာမှု ၏ လက္ခဏာများဖြစ်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

အကျယ်ဆုံးနေရာ၌ အချင်း ၁၇ မိုင်ခန့်ရှိ ဖိုးဘော့စ်ဂြိုဟ်ရံလ သည် အင်္ဂါဂြိုဟ်နှင့် မိုင်ပေါင်း ၃၇၂၈ မိုင်အကွာမှတစ်ဆင့် တစ် ရက်လျှင် သုံးပတ်နှုန်းလှည့်ပတ် လျက်ရှိသည်။

သို့ရာတွင် ဖိုးဘော့စ်ဂြိုဟ်ရံလ ၏ပတ်လမ်းမှာ တည်ငြိမ်မှုမရှိခြင်း ကြောင့် ၎င်းဂြိုဟ်ရံလသည် အင်္ဂါ ဂြိုဟ်ဘက်သို့ တဖြည်းဖြည်းတိုးဝင် လျက်ရှိရာ မိခင်ဂြိုဟ်၏ ဒြပ်ဆွဲအား သက်ရောက်မှုဒဏ် ပြင်းထန်လာ မှုနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

KKO

# HEALTH

## မျိုးဥအိမ်ကင်ဆာလူနာများ၏ဘဝသက်တမ်းကို ဓာတုကုထုံးဆေးများအပူပေးကုသခြင်းဖြင့် ဆန့်ထုတ်နိုင်

**လန်ဒန် နိုဝင်ဘာ ၂၄**

ဓာတုကုထုံးဆေးဝါးများကို အပူပေးကုသမှုပြုခြင်းဖြင့် ရောဂါ လက္ခဏာပြင်းထန်သော မျိုးဥအိမ် ကင်ဆာလူနာများ၏ဘဝသက်တမ်း ကို ဆန့်ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက နိုဝင်ဘာ ၂၃ ရက် က ရေးသားတင်ပြထားသည်။

ဓာတုကုထုံးဆေးဝါးများ အပူ ပေးမှုဖြစ်စဉ်တွင် ကင်ဆာဆဲလ် တိုက်ဖျက်ရေးဆေးဝါးများကို ၄၂ ဒီဂရီဆဲလ်စီးယပ်စ်ထိ အပူပေး၍ လူနာ၏ ကင်ဆာဆဲလ်များဆီသို့ တိုက်ရိုက်ပို့လွှတ်ပေးမည်ဖြစ်သည်။

ဗြိတိန်သုတေသနပညာရှင်များ ပြုလုပ်ခဲ့သည့် လက်တွေ့စမ်းသပ် မှုများမှ ထွက်ပေါ်လာသည့် ရလဒ် များအရ HIPEC ဟု၍ အမည်ပေး ထားသည့် အဆိုပါဓာတုကုထုံးအပူ ပေးမှုနည်းလမ်းသည် မျိုးဥအိမ် ကင်ဆာလူနာများ၏ဘဝသက်တမ်း ကို ပုံမှန်ထက်နှစ်ဆ ဆန့်ထုတ်ပေး နိုင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် HIPEC ကုထုံးပုံစံသစ်ကို လူနာများ၌ လက် တွေ့အသုံးချရန် ဗြိတိန်သုတေသန ပညာရှင်များက ပြင်ဆင်လျက်ရှိ ကြောင်း သိရသည်။

အဆိုပါကုထုံးကို မျိုးဥအိမ် ကင်ဆာ တစ်ကျော့ပြန်ပေါ်လာပြီး ကင်ဆာဆဲလ်ပေါ်ထွက်မှုရှိသော် လည်း အခြားကိုယ်တွင်းအင်္ဂါများ သို့ ကူးစက်မှုမရှိသေးသောလူနာ များတွင် စတင်အသုံးပြုရန် ဗြိတိန် သုတေသနပညာရှင်များက စီစဉ် ထားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက် အရ မျိုးဥအိမ်ကင်ဆာလူနာများ အတွက် ဓာတုကုထုံးဆေးဝါးများကို အသုံးပြုရာတွင် အပူပေးအသုံးပြု ခြင်းဖြင့် လူနာများ၏ဘဝသက် တမ်းကို နှစ်နှစ်ထိ ဆန့်ထုတ်ပေး နိုင်ကြောင်း သုတေသနပညာရှင် များက ပြောကြားသည်။ KKO

## စတီးရွိုက်ဆေးမဟုတ်သည့် NSAIDS များကြောင့် အရိုးဆက်ရောင်ရမ်းနာလူနာများ ရောင်ရမ်းမှုပိုဆိုးလာနိုင်

**နယူးယောက် နိုဝင်ဘာ ၂၄**

စတီးရွိုက်ဆေးမဟုတ်သည့် အကိုက်အခဲပျောက်ဆေး (NS- AIDS) များကြောင့် အရိုးဆက် ရောင်ရမ်းနာရောဂါလူနာများတွင် (Osteoarthritis) ရောင်ရမ်းမှုများ ပိုဆိုးလာနိုင်ကြောင်း သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက နိုဝင်ဘာ ၂၃ ရက်က ရေးသား တင်ပြထားသည်။

အမေရိကန် သုတေသနပညာ ရှင်များသည် စတီးရွိုက်ဆေး မဟုတ်သည့် အကိုက်အခဲပျောက် ဆေးများသုံးစွဲနေရသူ အရိုးဆက် ရောင်ရမ်းနာရောဂါလူနာ ၂၇၇ ဦး ကို လေ့လာခဲ့ကြသည်။

လေ့လာချက်ရလဒ်များအရ အဆိုပါလူနာများသည် စတီးရွိုက် ဆေးမဟုတ်သည့် အကိုက်အခဲ ပျောက်ဆေးများကို တစ်နှစ်ကျော် ကြာသုံးစွဲခဲ့သည့်တိုင် ဆေး၏ အကျိုးကျေးဇူးကို ရေရှည်ခံစားရ နိုင်ခြေမရှိကြောင်း သိရသည်။

ထို့ပြင် NSAIDS ဆေးများ ရေရှည်သုံးစွဲရမှုကြောင့် ဒူးခေါင်း ပိုင်း အရိုးဆက်ရောင်လူနာများ၌ ရောင်ရမ်းမှုပြဿနာပင် ပိုဆိုးလာ နိုင်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

စတီးရွိုက်ဆေးမဟုတ်သည့် အကိုက်အခဲပျောက်ဆေး (NS- AIDS) များသည် အရိုးဆက်ရောင် ရမ်းနာလူနာများ အကိုက်အခဲ သက်သာရေးအတွက် အသုံးများ သည့်ဆေးများဖြစ်ကြောင်း၊ NSA- IDS ဆေးများနှင့် အရိုးဆက်ရောင် ရမ်းနာရောဂါ ရောင်ရမ်းမှုလက္ခဏာ ပိုဆိုးလာနိုင်ခြေတို့ကြား ဆက်စပ် မှုကိုဖော်ထုတ်ရေးအတွက် သုတေ သနပညာရှင်များက ကြိုးစားနေ ကြဆဲဖြစ်သည်။ KKO



နိုင်ငံတကာ

## အားကစားသတင်းများ

# Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲမှ မတ်ဆူယာမာ နုတ်ထွက်

**တိုကျို နိုဝင်ဘာ ၂၄**

ဘဟားမားစ်နိုင်ငံတွင် ဒီဇင်ဘာ ၁ ရက်၌ ကျင်းပသွားမည့် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဟောင်းတစ်ဦးဖြစ်သူ ဂျပန်ဂေါက်သီးရိုက်ကစားသမားမတ်ဆူယာမာ ပါဝင်ကစားနိုင်တော့မည် မဟုတ်ကြောင်း ပြိုင်ပွဲကျင်းပရေး ကော်မတီက အတည်ပြုခဲ့သည်ဟု GA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မတ်ဆူယာမာသည် ဒဏ်ရာပြဿနာရှိနေသည့်အတွက် ပြိုင်ပွဲမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ကြောင်းကိုလည်း လူမှုကွန်ရက်မှတစ်ဆင့် ပရိသတ်များအားအသိပေးသွားခဲ့သည်။

မတ်ဆူယာမာက "Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲဟာ ဂေါက်သီးရိုက်ကစားသမားအများစုနှစ်သက်တဲ့ ပြိုင်ပွဲတစ်ရပ်ပါ။ ကျွန်တော်လဲ သဘောကျတယ်။ ဒီပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားဖို့အတွက် ပြင်ဆင်ထားပေမဲ့လဲ ဒဏ်ရာကြောင့် ပြိုင်ပွဲကနေ နုတ်ထွက်လိုက်ရတယ်။ပြိုင်ပွဲကနေ နုတ်ထွက်ဖို့အတွက် ခက်ခက်ခဲခဲ ဆုံးဖြတ်ခဲ့ရတာပါ။ Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲနဲ့ လွဲချော်ခဲ့ရတဲ့အတွက် အရမ်းလဲ စိတ်မကောင်းဖြစ်မိပါတယ်"ဟု ပြောကြားခဲ့သည်။

မတ်ဆူယာမာသည် ၂၀၁၆ ခုနှစ်တွင် Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့သူဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားလိုသော်လည်း ဒဏ်ရာကြောင့် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရခြင်းအပေါ် စိတ်ပျက်မိကြောင်း ပြောကြားခဲ့သည်။

လက်ရှိကမ္ဘာ့အဆင့် (၁၉) နေရာတွင်ရပ်တည်နေသည့် တိုက်ဂါးဝုဒ်သည် PGA Tour တွင် ဆုဖလားပေါင်း ရှစ်လုံးထိ ရရှိထားသည့် ဂေါက်သီးရိုက် ကစားသမားတစ်ဦးဖြစ်ပြီး အာရှဂေါက်သီးရိုက်ကစားသမားများအနက် အအောင်မြင်ဆုံး ဂေါက်သီးရိုက် ကစားသမားများစာရင်းတွင်လည်း ပါဝင်နေသူဖြစ်ကြောင်း သိရသည်။ AZL



# ဗြိတိန်သူဌေး ရက်ကလစ်နှင့်ဒေးဗစ်ဘက်ခမ်းတို့က မန်ယူအသင်းကိုဝယ်ယူရန် ကြိုးပမ်း



**မန်ချက်စတာ နိုဝင်ဘာ ၂၄**

ဂလေဇာမိသားစုက မန်ယူအသင်းကို ရောင်းချတော့မည်ဟု အတည်ပြု ကြေညာခဲ့ပြီးနောက် ဗြိတိန်သူဌေးတစ်ဦး ဖြစ်သည့် ရက်ကလစ်နှင့်အတူ အသင်းကစားသမားဟောင်း ဒေးဗစ်ဘက်ခမ်းကလည်း ဝယ်ယူရန်ကြိုးပမ်းလျက်ရှိနေသည်ဟု မန်ချက်စတာညနေခင်း သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂလေဇာမိသားစုသည် မန်ယူအသင်းကို ပြီးခဲ့သည့် ၂၀၀၃ခုနှစ်က စတာလင်ပေါင် သန်း ၇၆၀ ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အနေဖြင့် အသင်းကိုချေးငွေများဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကာ မန်ယူအသင်းရရှိခဲ့သည့် နှစ်စဉ်အမြတ်ငွေများမှ ချေးငွေများကို ဆပ်ခဲ့သည့်အပြင် နှစ်စဉ် စတာလင်ပေါင် သန်း ၅၀ ခန့်ကို ဂလေဇာမိသားစုက နုတ်ယူခဲ့သည့်အတွက် ပရိသတ်များက အပြင်းအထန်ဝေဖန်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းက စီရော်နယ်ဒိုနှင့် စာချုပ်ဖျက်သိမ်းခဲ့ပြီးနောက် အသင်းအစုရှယ်ယာဈေးနှုန်းများ ကျဆင်းခဲ့သကဲ့သို့ အဓိကစပွန်ဆာဖြစ်သည့် Team Viwer ကလည်း စပွန်ဆာစာချုပ်ဖျက်သိမ်းရန် စီစဉ်နေသည့်အတွက် ဂလေဇာမိသားစုက အသင်းကို ပြန်လည်ရောင်းချရန်ကြေညာခဲ့ခြင်းဖြစ်သည်။

လက်ရှိ မန်ယူအသင်းက ဈေးကွက်တန်ဖိုးမှာ စတာလင်ပေါင် ၄ ဒသမ ၅ ဘီလီယံခန့်ထိရှိနေသော်လည်း ဂလေဇာမိသားစုက စတာလင်ပေါင် ခြောက်ဘီလီယံခန့်ဖြင့် ရောင်းချရန်ကြေညာခဲ့ပြီးနောက် အမည်မဖော်ပြခဲ့သည့် ဒူဘိုင်းစော်ဘွားတစ်ဦးက စတာလင်ပေါင် ၁၀ ဘီလီယံထိအသုံးပြုပြီး ဝယ်ယူရန် ဆွေးနွေးနေသည့် သတင်းများထွက်ပေါ်ခဲ့သည်။

လက်ရှိတွင် ဒူဘိုင်းစော်ဘွားနှင့်အပြိုင် စတာလင်ပေါင် ၁၃ ဒသမ ၅ ဘီလီယံခန့် ပိုင်ဆိုင်သည့် ရက်ကလစ်ကလည်း မန်ယူအသင်းကို အစောပိုင်းကတည်းက ဝယ်ယူရန်ကြိုးပမ်းခဲ့သူဖြစ်ပြီး ၎င်းကိုယ်တိုင်က မန်ယူအသင်းပရိသတ်တစ်ဦးဖြစ်သည့်အတွက် ဝယ်ယူရန်ကြိုးပမ်းနေသကဲ့သို့စတာလင်ပေါင် သန်း ၅၀၀ ခန့် ပိုင်ဆိုင်သည့် ဒေးဗစ်ဘက်ခမ်းကလည်း ၎င်း၏မိတ်ဆွေများနှင့်ပေါင်းစပ်ပြီး မန်ယူအသင်းကို ဝယ်ယူရန်ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

STA

# Davis Cup တင်းနစ်ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့်သို့ ခရိုအေးရှားအသင်း တက်ရောက်နိုင်ခဲ့

**မက်ဒရစ် နိုဝင်ဘာ ၂၄**

Davis Cup တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ခရိုအေးရှားအသင်းနှင့် စပိန်အသင်းတို့ စပိန်နိုင်ငံ မာလာဂါမြို့တွင်ယှဉ်ပြိုင်ကစားခဲ့ရာ ခရိုအေးရှားအသင်းကစပိန်အသင်းကို (၂-၀) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်ခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန်အသင်းအနေဖြင့် ဗိုလ်စွဲရန် ရေပန်းစားနေသည့် အသင်းတစ်သင်းဖြစ်သကဲ့သို့ အိမ်ရှင်အသင်းလည်း ဖြစ်သည့်အတွက် စပိန်အသင်းက ခရိုအေးရှားအသင်းကို အနိုင်ရရန် ရေပန်းစားခဲ့ပြီး ခရိုအေးရှား ကစားသမားများက အကောင်းဆုံး လက်စွမ်းပြခဲ့ကာ နှစ်ပွဲပြတ်ရလဒ်ဖြင့် စပိန်အသင်းကိုအနိုင်ရရှိခဲ့သည်။

စပိန်အသင်းနှင့် ခရိုအေးရှားအသင်းတို့၏ ပထမပွဲစဉ်အဖြစ် ခရိုအေးရှားအသင်းမှ ဘိုနာကိုရစ်နှင့် စပိန်အသင်းမှဘောက်တစ္စတာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုနာကိုရစ်က (၆-၄၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

တစ်ဦးချင်း ဒုတိယပွဲစဉ်တွင် ခရိုအေးရှားအသင်းမှ မာရင်စီလစ်နှင့် စပိန်အသင်းမှ ကာရင်နိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မာရင်စီလစ်က (၅-၇၊ ၆-၃၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ခရိုအေးရှားအသင်းက ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ဘိုနာကိုရစ်က "စပိန်အသင်းကိုအနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်ကိုတက်ရောက်ခွင့်ရခဲ့တာ ဝမ်းသာဂုဏ်ယူပါတယ်။ ဘောက်တစ္စတာနဲ့ ကစားခဲ့ရတဲ့ပွဲစဉ်မှာအကောင်းဆုံးကစားနိုင်ခဲ့လို့လဲ ဝမ်းသာပါတယ်။ ဘောက်တစ္စတာဟာ ဝါရင့်ကစားသမားတစ်ယောက်ဖြစ်သလို ယှဉ်ပြိုင်ရခက်တဲ့ ကစားသမားလဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီပွဲစဉ်မှာအမှားနည်းအောင်ကစားနိုင်ခဲ့သလို စပေးဘောတွေလဲ တော်တော်ကောင်းခဲ့တယ်။ Cincinnati Open တင်းနစ်ပြိုင်ပွဲနောက်ပိုင်း ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတွေမှာ စပေးဘောတွေ ဒီလောက်ကောင်းအောင် လုပ်မပြနိုင်ခဲ့ဘူး။ ဒီပွဲစဉ်မှာတော့ စပေးဘောတွေ တိုးတက်ကောင်းမွန်ခဲ့ပါတယ်။ စပေးဘောတွေ ကောင်းလာတာနဲ့ ရလဒ်ပိုင်းက သိသိသာသာ ပြောင်းလဲလာတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL


## အားကစားသတင်း အတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းက ကွင်းလယ်ကစားသမား ချူအာမန်နီ၏နေရာတွင်အစားထိုးနိုင်ရန်အတွက် ဝက်စ်ဟမ်းအသင်းကစားသမား ဒီကလန်ရိုက်ကို ခေါ်ယူရန်ကြိုးပမ်းနေကြောင်း သိရသည်။
- လီဗာပူးကွင်းလယ်ကစားသမား လူးဝစ်ဒီယက်ဇ်က ၎င်း၏အိပ်မက်မှာ စပိန်အသင်းကြီးတစ်သင်းတွင် ကစားရန်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ချဲလ်ဆီးအသင်းက ကွင်းလယ်ကစားသမား ထရီဆာ့ဒ်ကို ခေါ်ယူနိုင်ရန် ကစားသမား၏အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးမှုပြုလုပ်နေပြီး ဇန်နဝါရီအပြောင်းအရွှေ့တွင် ခေါ်ယူနိုင်ရန်ကြိုးပမ်းနေသည်။

ML


### ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်ရလဒ်

| | | | |
|---|---|---|---|
| ဆွစ်ဇာလန် | ၁ - ၀ | ကင်မရွန်း | |
| ဉရုဂွေး | ၀ - ၀ | တောင်ကိုရီးယား | |
| ပေါ်တူဂီ | ၃ - ၂ | ဂါနာ | (၀၄၀) |

# ဒိန်းမတ်ကစားသမား ဒီလာနေး ဒဏ်ရာပြဿနာကြောင့် လာမည့်ပွဲစဉ်များကို လွဲချော်မည်

**ကိုပင်ဟေဂင် နိုဝင်ဘာ ၂၄**

ကမ္ဘာ့ဖလားအုပ်စု (D) အဖွင့်ပွဲစဉ်အဖြစ် ဒိန်းမတ်အသင်းနှင့် တူနီးရှားအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် ဒိန်းမတ်အသင်း ကွင်းလယ်ကစားသမား ဒီလာနေး အနေဖြင့် ပထမပိုင်းပြီးဆုံးခါနီးတွင် ရရှိခဲ့သည့်ဒဏ်ရာကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးလာမည့် ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တူနီးရှားအသင်းနှင့် ပွဲစဉ်တွင် ကွင်းလယ်ကစားသမား ဒီလာနေးသည် ပထမပိုင်းပြီးဆုံးခါနီး နာကျင်အချိန်ပို၌ ဒူးဒဏ်ရာရရှိခဲ့မှုကြောင့် အသင်းဖော်ကစားသမား ဒမ်းစ်ဂါ့နှင့် လူစားလဲခဲ့ရပြီးနောက် အသင်းအနေဖြင့် ကွင်းလယ်ကစားအားကျဆင်းသွားသဖြင့် ဂိုးမရှိ သရေရလဒ်သာ ထွက်ပေါ်ခဲ့ကြောင်း သိရသည်။


အသက် ၃၁ နှစ်ရှိ ကွင်းလယ်ကစားသမား ဒီလာနေးသည် ဒိန်းမတ်အသင်းအတွက် ပြိုင်ပွဲစုံ ၇၂ ပွဲပါဝင်ကစားပေးထားပြီး ယူရို ၂၀၂၀ ပြိုင်ပွဲတွင် ကွင်းလယ်ကစားသမား အဲရစ်ဆင် နှလုံးရောဂါကြောင့် မပါဝင်နိုင်သည့်အချိန်တွင် အသင်း၏လိုအပ်ချက်ကို အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်ခဲ့ကာ ဆီမီးဖိုင်နယ်ထိ ရောက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်တွင် ၎င်းပါဝင်နိုင်ခြင်းမရှိတော့သည့် ဒိန်းမတ်အသင်းအတွက် ထိုးနှက်ချက်ဖြစ်နေသည်။

ဒိန်းမတ်အသင်းသည် ကမ္ဘာ့ဖလားအုပ်စု(D) တွင် တစ်ပွဲကစားပြီး သရေတစ်မှတ်သာ ရရှိထားသဖြင့် လာမည့် ပြင်သစ်အသင်းနှင့်ပွဲစဉ်ကို ရမှတ်ရှာဖွေနိုင်မှသာ အုပ်စုအဆင့်မှ ဖြတ်ကျော်နိုင်ရန် အခွင့်အရေး ရရှိမည်ဖြစ်ကြောင်း သိရသည်။

ML



# အင်ဒိုနီးရှားတွင် ကျန်းမာရေးဆိုင်ရာ သံခင်းတမန်ခင်းတိုးချဲ့နေသော တရုတ်နိုင်ငံ



ဂျီ-၂၀ ထိပ်သီးညီလာခံတွင် တရုတ်နှင့်အင်ဒိုနီးရှား နှစ်နိုင်ငံခေါင်းဆောင်များတွေ့ဆုံစဉ်။

ရှင်ကျန်းပြည်နယ် ဇောင်ရှန်းဒေသရှိ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ရေတပ် (PLAN) မှ ဆေးရုံသင်္ဘောတစ်စီးသည် နိုဝင်ဘာ ၂ ရက်တွင် အင်ဒိုနီးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီး စတင်ထွက်ခွာသွားခဲ့သည်။ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီးနောက် အင်ဒိုနီးရှားနိုင်ငံတွင် တရုတ်နိုင်ငံ၏ ကျန်းမာရေးဆိုင်ရာ သံခင်းတမန်ခင်း တိုးချဲ့ဆောင်ရွက်မှုသည် သမိုင်းမှတ်တိုင်တစ်ခုစိုက်ထူနိုင်ခဲ့သည်။

တရုတ်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးတန်ကဲဖေ့က အင်ဒိုနီးရှားနိုင်ငံသို့ ဆေးရုံသင်္ဘော သွားရောက်သည့်ရည်ရွယ်ချက်သည် ဒေသခံများကို ဆေးဝါးစောင့်ရှောက်မှုပေးသွားရန်ဖြစ်ကြောင်း၊ ဆေးရုံသင်္ဘော Peace Ark သည် အင်ဒိုနီးရှားနိုင်ငံသို့ရောက်ရှိနေစဉ် ပြင်ပလူနာများအပြင် ဆေးရုံတက်ရန်လိုအပ်သည့်လူနာများကိုလည်း ဆေးဝါးစောင့်ရှောက်မှုများ ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ဆေးရုံသင်္ဘော Peace Ark ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးခြင်းသည် ပြည်ပမစ်ရှင် ၁၀ ခုအနက် အင်ဒိုနီးရှားနိုင်ငံသို့ ဒုတိယမြောက်ခရီးစဉ်အဖြစ် သွားရောက်ခြင်းဖြစ်သည်။ ပေကျင်းနှင့် ဂျကာတာတို့ကြား ကျန်းမာရေးဆိုင်ရာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုမှာ ယခုအကြိမ်သည် ပထမဆုံးမဟုတ်ပေ။ အမှန်တော့ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားလျက်ရှိသောကြောင့် အင်ဒိုနီးရှားနိုင်ငံတွင် တရုတ်နိုင်ငံ၏ကျန်းမာရေးဆိုင်ရာ သံခင်းတမန်ခင်း တိုးချဲ့ဆောင်ရွက်မှုသည် မကြာသေးမီနှစ်များအတွင်း ပိုမိုနက်ရှိုင်းလာခဲ့သည်။

၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားလာကတည်းက အင်ဒိုနီးရှားနိုင်ငံသည် အခြားနိုင်ငံများနည်းတူ ပြည်သူများအတွက် ကာကွယ်ဆေးရရှိရေးအတွက် ကာကွယ်ဆေးဆိုင်ရာသံခင်းတမန်ခင်း မဟာဗျူဟာတစ်ရပ်ချမှတ်ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ဂျပန်၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံများစွာနှင့်ချိတ်ဆက်ဆောင်ရွက်ခဲ့သော်လည်း တရုတ်နိုင်ငံနှင့်သာလျှင် လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ၂၀၂၀ ပြည့်နှစ် မတ်လတွင် ကိုဗစ်-၁၉ ရောဂါကို ကပ်ရောဂါအဖြစ် စတင်ကြေညာသည့်အချိန်မှစ၍ အင်ဒိုနီးရှားနိုင်ငံသည် ကာကွယ်ဆေးရရှိရေးအတွက် စတင်ကြိုးပမ်းခဲ့သည်။ ထိုစဉ်က ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံပိုင်လုပ်ငန်းများဆိုင်ရာ ဝန်ကြီးဌာနတို့သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိရေးအတွက် နိုင်ငံခြားကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရှာဖွေခဲ့သည်။ ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံပိုင် PT Biofarma နှင့် တရုတ်ဆေးဝါးကုမ္ပဏီဖြစ်သည့် Sinovac Biotech Ltd. တို့ကြား ပူးပေါင်းဆောင်ရွက်သွားရန်ကြိုးပမ်းနိုင်ခဲ့သည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် Biofarma သည် ၂၀၂၁ ခုနှစ်တွင် ဆိုင်နိုဗက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သန်း ၄၀ လက်ခံရရှိခဲ့သည်။ ထို့ပြင် အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်အတွင်း ကာကွယ်ဆေး သန်း ၃၀ ဝယ်ယူနိုင်ရေးအတွက် တရုတ်၊ အာရပ်စော်ဘွားများပြည်ထောင်စုတို့နှင့် သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်တွင်လည်း ပါဝင်ဆောင်ရွက်ခဲ့သေးသည်။

အင်ဒိုနီးရှားနိုင်ငံသည် တိုင်းပြည်လူဦးရေသန်း ၂၇၀ အတွက် ကိုဗစ်ကာကွယ်ဆေး ၁၈၁ သန်းကျော် ရရှိနိုင်ရန် ရည်မှန်းဆောင်ရွက်ခဲ့သော်လည်း အောက်စဖို့ဒ်တက္ကသိုလ်ကထုတ်လုပ်သော အက်စထာဇီနီကာ ကာကွယ်ဆေးလက်ခံရရှိရန် နှောင့်နှေးကြန့်ကြာမှုများကြောင့် အခြားနေရာမှ ကာကွယ်ဆေးဝယ်ယူရရှိနိုင်ရန် နည်းလမ်းရှာကြံခဲ့ရသည်။ တရုတ်နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံက လိုအပ်နေသော ကိုဗစ်-၁၉ ကာကွယ်ဆေးကို ရောင်းချပေးနိုင်သည့် တစ်ခုတည်းသောနိုင်ငံဖြစ်လာခဲ့သည်။ အမှန်တော့ အင်ဒိုနီးရှားနိုင်ငံတွင် ကျယ်ပြန့်စွာထိုးနှံနေသော ကာကွယ်ဆေးများသည် တရုတ်နိုင်ငံထုတ် ဆိုင်နိုဗက်ဆေးများဖြစ်သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလထိ ဆိုင်နိုဗက် ကာကွယ်ဆေး ၂၈၁ သန်းကျော်ထိုးနှံခဲ့ပြီးဖြစ်ရာ အင်ဒိုနီးရှားနိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုစုစုပေါင်း၏ ၅၉ ရာခိုင်နှုန်းကျော်ရှိခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိပြီး တစ်လအတွင်း တရုတ်နိုင်ငံသည် အကူအညီများစွာပေးအပ်ခဲ့သည်။ တရုတ်နိုင်ငံသည် ပါးစပ်နှင့်နှာခေါင်းစည်း၊ လက်အိတ်၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ(PPE)၊ ရောဂါစမ်းသပ်မှုကိရိယာများအပါအဝင် ဆေးဘက်ဆိုင်ရာအထောက်အကူပစ္စည်း တန်ချိန် ၄၀ ခန့်ကို အင်ဒိုနီးရှားနိုင်ငံသို့ ပေးပို့လှူဒါန်းခဲ့သည်။ ထို့နောက် ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် ရွှေ့ပြောင်းနိုင်သော လေသန့်စက်အလုံး ၅၀၊ PCR စမ်းသပ်ရေးကိရိယာ ၁၅၀၀၀၀ ခု၊ ဆေးရုံသုံးနှာခေါင်းစည်း ၈၀၀၀၀၊ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း ၁ ဒသမ ၄ သန်း၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ(PPE) အစုံ ၈၀၀၀၀ တို့ကို ထပ်မံပေးပို့လှူဒါန်းခဲ့သည်။

ထို့ပြင် ယခုနှစ် နိုဝင်ဘာလအတွင်းကလည်း အင်ဒိုနီးရှားနိုင်ငံသည် တရုတ်ကုမ္ပဏီဖြစ်သည့် Suzhou Abogen ထံမှ နည်းပညာအကူအညီဖြင့် Awcorna ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်ရန် ဇီဝဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းကို ခွင့်ပြုခဲ့သည်။ အမှန်တော့ ကျန်းမာရေးကဏ္ဍတွင် တရုတ်နှင့်အင်ဒိုနီးရှားနိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီကတည်းကပင် ဆောင်ရွက်မှုများရှိခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် နှစ်နိုင်ငံသည် ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်မှု၊ ကျန်းမာရေးဆိုင်ရာ အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုတို့တွင် ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် နှစ်နိုင်ငံသည် ဆေးဘက်ဆိုင်ရာပစ္စည်းများ စမ်းသပ်ရေးနှင့်ဆက်စပ်သော စူးစမ်းလေ့လာမှုများကို စတင်ဆောင်ရွက်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် တရုတ်အမျိုးသားဆေးဝါးထုတ်လုပ်ရေးအုပ်ချုပ်မှုအဖွဲ့ (NMPA)



နှင့် တိုက်ရိုက်ဆွေးနွေးခဲ့ပြီး Fuwai ဆေးရုံ၊ ပေကျင်းရှိ ဂျီတန်ဆေးရုံနှင့် Peking တက္ကသိုလ်သို့သွားရောက်လေ့လာခဲ့သည်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အင်ဒိုနီးရှားနိုင်ငံမှ တရုတ်နိုင်ငံ ဆင့်ဂွါတက္ကသိုလ်နှင့် ပေကျင်းတက္ကသိုလ်တို့တွင် ပညာတော်သင်များ စေလွှတ်ခြင်းအားဖြင့် ကျွမ်းကျင်ကျန်းမာရေးဝန်ထမ်းများ မွေးဖွားပေးရန်ပါရှိသည်။ ထို့ပြင် နှစ်နိုင်ငံဆေးရုံများနှင့်တက္ကသိုလ်များကြား အပြန်အလှန်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်သွားရန်လည်း သဘောတူညီခဲ့ကြသည်။

၂၀၂၂ ခုနှစ် ဇွန်လတွင် အင်ဒိုနီးရှားနှင့်တရုတ်နိုင်ငံတို့သည် ဆေးဘက်ဆိုင်ရာပစ္စည်းများ ထုတ်လုပ်ရေးအတွက် တရုတ်နိုင်ငံ၏ တရုတ်-အာရှစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဖွဲ့(CAEDA) ၏ကျန်းမာရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီနှင့် အင်ဒိုနီးရှားနိုင်ငံပိုင် PT Makmur Berkah Sehat တို့ကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးမူဘောင်သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ နိုဝင်ဘာလအတွင်း၌ပင် တရုတ်အစိုးရ၏ရင်းနှီးမြှုပ်နှံမှု လက်ရုံးဖြစ်သည့် ပိုးလမ်းမရန်ပုံငွေအဖွဲ့သည် ဆေးဘက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန် အင်ဒိုနီးရှား ရင်းနှီးမြှုပ်နှံမှုအာဏာပိုင်အဖွဲ့နှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့သည်။

ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများပြီးလျှင် ကျန်းမာရေးကဏ္ဍသည် တရုတ်နှင့်အင်ဒိုနီးရှား နှစ်နိုင်ငံ ဆက်ဆံရေးတွင် ဦးစားပေးနယ်ပယ်ဖြစ်လာခဲ့သည်။ အထူးသဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်မှစ၍ နှစ်နိုင်ငံကြား ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးချဲ့လာခဲ့သည်။ ယခုလအတွင်း အင်ဒိုနီးရှားနိုင်ငံသို့ PLAN ဆေးရုံသင်္ဘော သွားရောက်ခြင်းသည် လာမည့်နှစ်များအတွင်း နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းလာတော့မည့် အမှတ်သင်္ကေတပင်ဖြစ်သည်။

တရုတ်နိုင်ငံ၏ ကျန်းမာရေးဆိုင်ရာ သံခင်းတမန်ခင်းသည် အင်ဒိုနီးရှားနိုင်ငံတွင် ၎င်း၏ပုံရိပ်ပိုမိုကောင်းမွန်လာစေရေးအတွက် အထောက်အကူဖြစ်လာမည်ဖြစ်သည်။ ဆိုရလျှင် အင်ဒိုနီးရှားပြည်သူ ၆၀ ရာခိုင်နှုန်းခန့်သည် တရုတ်၏လွှမ်းမိုးမှုကိုထိန်းချုပ်ရေးအတွက် အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ယုံကြည်လက်ခံထားပြီး ၄၀ ရာခိုင်နှုန်းခန့်ကမူ တရုတ်နိုင်ငံကိုခြိမ်းခြောက်မှုအဖြစ် ရှုမြင်ထားကြသည်။

တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်ခဲ့ပြီး ကျန်းမာရေးဆိုင်ရာ သံခင်းတမန်ခင်းကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သောကြောင့် အင်ဒိုနီးရှားနိုင်ငံရှိ ပြည်သူများကြားတွင် ကောင်းမွန်သောပုံရိပ်တည်ဆောက်ရာ၌ အထောက်အကူပြုလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နိုင်ခြင်းသည် အင်ဒို-ပစိဖိတ်ဒေသတွင် တရုတ်နိုင်ငံ၏အကျိုးစီးပွားများ ခိုင်မာသေချာရေးအတွက် မဟာဗျူဟာကျသော အခန်းကဏ္ဍမှ ပါဝင်သွားမည်ဖြစ်ပေသည်။

**ကိုးကား**

- **China's Expanding Health Diplomacy in Indonesia by The Diplomat.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# အမျိုးသားစာကြည့်တိုက် (နေပြည်တော်)တွင် ရှားပါးစာအုပ်ပြပွဲ၊ ကလေးစာကြည့်တိုက်အစီအစဉ်နှင့် အမှတ်တရဈေးရောင်းပွဲတော် ကျင်းပမည်




**နေပြည်တော် နိုဝင်ဘာ ၂၄**

အမျိုးသားစာကြည့်တိုက် (နေပြည်တော်)တွင် ရှားပါးစာအုပ်ပြပွဲ၊ ကလေးစာကြည့်တိုက် အစီအစဉ်နှင့် အမှတ်တရ ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၂၅ ရက်မှ စ၍ နိုဝင်ဘာ ၂၇ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ညွှန်ကြားရေးမှူး ဒေါ်ပြုံးပြုံးအေးက ပြောပြ၍ သိရသည်။

ကိုဗစ်မတိုင်မီ ကာလများက စာကြည့်တိုက်လုပ်ရှားမှုအနေဖြင့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)တွင် ကလေးစာပေပွဲတော်၊ ရှားပါးစာအုပ်ပြပွဲ၊ အမှတ်တရစာအုပ်ဈေးပွဲတော်များ ကျင်းပလေ့ရှိပြီး ကိုဗစ်ကြောင့် အဆိုပါ စာကြည့်တိုက် လှုပ်ရှားမှုများကို နှစ်နှစ်ခွဲခန့် ရပ်နားထားခဲ့ရာမှ ယခုနှစ်တွင် ပြန်လည်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ရှားပါးစာအုပ်ပြပွဲ၊ ကလေးစာကြည့်တိုက်အစီအစဉ်နှင့် အမှတ်တရဈေးရောင်းပွဲတော်မှာ ရှားပါးစာအုပ်ပြပွဲအနေနဲ့ ၁၇၇၆ ခုနှစ်ကနေ ၁၈၅၈ ခုနှစ်ထိ ထုတ်ဝေခဲ့တဲ့ ရှားပါးစာအုပ်တွေထဲကနေ စာအုပ် ၂၅ အုပ်ကိုရွေးထုတ်ပြီးတော့ ပြသပေးမှာ ဖြစ်ပါတယ်။ ကလေးစာကြည့်တိုက်အစီအစဉ်အနေနဲ့ကတော့ ပွဲတော်လာရောက်တဲ့ကလေးတွေအနေနဲ့ ရုပ်ပုံဆွဲတာ၊ ပုံပြင်နားထောင်တာ၊ နှစ်သက်ရာစာအုပ်ဖတ်တာ၊ ဉာဏ်စမ်းဖြေတာ၊ လက်မှုအနုပညာပြပွဲတွေ ပါပါတယ်။ အမှတ်တရ ဈေးရောင်းပွဲမှာတော့ ကလေးတွေအတွက် ရည်ရွယ်တဲ့စာအုပ်စာပေတွေ၊ လက်မှုအနုပညာထုတ်ကုန်တွေကို ခင်းကျင်းပြသ ရောင်းချပေးနေပါတယ်"ဟု အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ညွှန်ကြားရေးမှူး ဒေါ်ပြုံးပြုံးအေးက ပြောပြ၍ သိရသည်။ ASH

# ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်၏ ဂုဏ်ထူးဆောင် ရွှေဝက်ဝံဆုကို စတီဗင်စပီးဘာ့ လက်ခံရယူမည်

**နယူးယောက် နိုဝင်ဘာ ၂၄**

၂၀၂၃ ခုနှစ် ဘာလင်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်၏ ဂုဏ်ထူးဆောင် ရွှေဝက်ဝံဆုကို ကမ္ဘာကျော် ဒါရိုက်တာကြီး စတီဗင်စပီးဘာ့ လက်ခံရယူမည်ဖြစ်ကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်သည် ဒါရိုက်တာကြီး စတီဗင်စပီးဘာ့ကို ဘဝတစ်သက်တာ အောင်မြင်မှုများအတွက် ရွှေဝက်ဝံဆုချီးမြှင့်ခဲ့သည့်အပြင် The Fabelmans ဇာတ်ကားကိုလည်းပြသမည်ဖြစ်သည်။

The Fabelmans ဇာတ်ကားသည် စတီဗင်စပီးဘာ့၏ ရုပ်ရှင်ဇာတ်ကားသစ်ဖြစ်ပြီး ၎င်း၏ဘဝကို အခြေခံထားသော ဇာတ်ကားလည်းဖြစ်သည်။

ဒါရိုက်တာကြီး စတီဗင်စပီးဘာ့သည် ရုပ်ရှင်နှင့်ရုပ်သံဇာတ်လမ်းတွဲ ၁၀၀ ကျော်ရိုက်ကူးခဲ့ရာ အော်စကာဆန်ခါတင်များစာရင်း၌ ၁၉ ကြိမ် ပါဝင်ခဲ့ပြီး အော်စကာဆု သုံးဆု ရရှိခဲ့သူဖြစ်သည်။

ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၆ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

KKO



# မြန်မာရုပ်မြင်သံကြားဇာတ်လမ်းများ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် MRTV မှ ထုတ်လွှင့်မည်ဖြစ်

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ မြန်မာရုပ်မြင်သံကြားဇာတ်လမ်းများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် MRTV မှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဗဟိုအလုပ်အမှုဆောင် သရုပ်ဆောင် ဒါရိုက်တာ ဦးဝင်းမြိုင်က ပြောပြ၍ သိရသည်။

မြန်မာရုပ်မြင်သံကြားဇာတ်လမ်းများကို သရုပ်ဆောင် ဒါရိုက်တာ ဦးဝင်းမြိုင်က စီစဉ်ထုတ်လုပ်သွားမည်ဖြစ်ပြီး ဒါရိုက်တာ ဇမ္ဗူထွန်းသက်လွင်၊ ဒါရိုက်တာဝန်းရံခ၊ ဒါရိုက်တာ ကျော်နှင်းဆီတို့က ပုံဖော်ရိုက်ကူးနေပြီဖြစ်ကြောင်း သိရသည်။

"MRTV မှာ ပြသမဲ့ မြန်မာရုပ်မြင်သံကြားဇာတ်လမ်း ငါးခုရိုက်ကူးနေပါတယ်။ ပထမတစ်ခုကတော့ ဒါရိုက်တာ ဇမ္ဗူထွန်းသက်လွင် ပုံဖော်ရိုက်ကူးနေတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းနဲ့ ကျန်တာတွေကတော့ ဒါရိုက်တာကျော်နှင်းဆီ၊ ဒါရိုက်တာဝန်းရံခတို့ ရိုက်ကူးတဲ့ ရုပ်မြင်သံကြားဇာတ်လမ်း



တွေ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဗဟိုအလုပ်အမှုဆောင် သရုပ်ဆောင် ဒါရိုက်တာ ဦးဝင်းမြိုင်က ပြောပြသည်။

မြန်မာရုပ်မြင်သံကြားဇာတ်လမ်းများမှာ မခွဲအတူ၊ ဒန်းကလေးနီနီ၊ ဆောင်တော်ကူး အိမ်ဦးမှာတဲ့ တဝေဝေ၊ မြူထဲကကြာ၊ ရွှေလည်တိုင်ဟူသည့် ရုပ်မြင်သံကြားဇာတ်လမ်းတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်မြင်သံကြားဇာတ်လမ်းများကို MRTV နှင့် ဆက်စပ်ရုပ်သံလိုင်းများဖြစ်သည့် MRTV-4 ၊ Channel K ၊ Channel 9 ၊ Channel 7 တို့မှလည်း ထုတ်လွှင့်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ASH

# Avatar: The Way of Water ဇာတ်ကား အဖွင့်ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၁၇၀ ရရှိနိုင်

**နယူးယောက် နိုဝင်ဘာ ၂၄**

ကမ္ဘာကျော် ဒါရိုက်တာကြီး ဂျိမ်းကင်မရွန်၏ Avatar: The Way of Water ဇာတ်ကားသည် အဖွင့်ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၁၇၀ ထိ ရရှိနိုင်ကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၃ ရက်တွင် ရေးသားတင်ပြထားကြောင်း သိရသည်။

Avatar: The Way of Water ဇာတ်ကားကို မြောက်အမေရိက ရုပ်ရှင်ဈေးကွက်၌ လာမည့် ဒီဇင်ဘာ ၁၆ ရက်တွင် စတင်ရုံတင်ပြသမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် စတင်ရုံတင်ချိန်တွင် ပြည်တွင်းအဖွင့်ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၁၇၀ ရှိနိုင်ပြီး ပထမသီတင်းပတ်ကုန် ဝင်ငွေမှာ အမေရိကန်ဒေါ်လာသန်း ၂၀၀ ကျော်လွန်သွားနိုင်ကြောင်း ရုပ်ရှင်ဈေးကွက် ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

Avatar: The Way of Water ဇာတ်ကားသည် မူလ Avatar ထက် ပြသချိန်မိနစ် ၃၀ ပိုရှည်လျားပြီး ပြသချိန်စုစုပေါင်း ၃ နာရီ ၁၀ မိနစ်ရှိမည်ဖြစ်သည်။

ဒါရိုက်တာကြီး ဂျိမ်းကင်မရွန်သည် Avatar -3 နှင့် 4 ဇာတ်ကားများကိုလည်း ရိုက်ကူးနေဆဲဖြစ်ကြောင်း သိရသည်။ KKO



# ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ကျင်းပသွားမည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်အဖြစ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးစည်သူဝင်းက ပြောပြ၍ သိရသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ်အဖြစ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်း၊ အားလုံးပါဝင်ဖွံ့ဖြိုးဖို့ ဆန်းသစ်တီထွင် အဖြေရှာစို့။ အားလုံးလက်လှမ်းမီညီမျှရေး၊ တီထွင်ဖန်တီးမှုစွမ်းအားဖြင့် ဆောင်ရွက်ပေး ဆိုသည်ဆောင်ပုဒ်ဖြင့် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ် ဒီဇင်ဘာ ၃ ရက်မှာ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်နေ့ အခမ်းအနားကို ကျင်းပပေးလေ့ရှိပါတယ်။ အဲဒီအခမ်းအနားနဲ့အတူ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲကိုလဲ ထည့်သွင်းကျင်းပလေ့ရှိတဲ့အတွက် အခုနှစ်မှာလဲ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်စာမူတွေထဲက ပထမဆု၊ ဒုတိယဆုနဲ့ တတိယဆုတွေကို အခမ်းအနားနဲ့ ချီးမြှင့်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ဦးစည်သူဝင်းက ပြောပြသည်။

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်အဖြစ် အလွတ်တန်း ဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူ ဝါသနာရှင်များအနေဖြင့် ဆောင်းပါးများကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၇ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်စာမူများကို စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စနစ်တကျ ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်းကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားတွင် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Chairman of Financial Commission Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses Financial Commission meeting 2/2022



Senior General Min Aung Hlaing addresses Financial Commission meeting 2/2022.

**Nay Pyi Taw November 24**

The Financial Commission held meeting 2/2022 at the State Administration Council Chairman's Office here this afternoon, addressed by Chairman of the commission Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Vice Chairman of the commission SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, Secretary Union Minister for Finance and Revenue U Win Shein, Union Minister for Legal Affairs Union Attorney-General Dr Daw Thida Oo, Union Auditor-General U Tin Oo and Deputy Minister U Maung Maung Win were also present. The Nay Pyi Taw Council chairman and chief ministers of regions and states participated in the meeting through video conferencing.

In his speech, the Senior General said the meeting is held to approve addition funds for Financial Year 2022-2023 requested by the Union and regions and states and to submit further budget allotment bill for FY 2022-2023 to SAC through the Union government together with the approval of the commission.

The Deputy PM had already inspected the addition funds requested by Union level departments and organizations after the first inspection conducted by Ministry of F&R. Likewise, the ministry and the Deputy PM had already checked the addition funds requested by regions and states. Union level departments and organizations and region/state governments should effectively use the funds in development undertakings and programs that support national economic growth to meet the public aspirations.

The State has already set up national economic development funds with Ks 400 billion. It will set up a fund for development of MSMEs soon. The government's approval of the addition funds, funds for disbursing Covid-19 special loans, national economic development fund, and MSME development fund is to recover the national economy that was in a downturn due to Covid-19.

The Vice-Senior General explained the inspection process of the request for additional funds for Financial Year 2022-2023.

The commission secretary reported on the bills on the addition funds, the corrected estimated balance sheet and further budget allotment of the Union.

The Nay Pyi Taw Council chairman and region/state chief ministers took part in the discussions. The Union Auditor-General reported on effective use of the addition funds by departments and organizations to serve the public interest and supervision for completion of tasks in time, the commission secretary on the progress in implementing the national plans and work programs by Union level organizations and regions and states during the first six months of FY 2022-2023 and requirements.

In response, the Senior General said addition funds were asked due to requirements. Regions and states are also asking for the funds. It is found that regions and states have redeposit activities and incomplete programs. Loan amounts have increased due to the snowballing cash withdrawals that cannot be actually used. Hence, they must truly implement their work programs as stated in the applications for funds.

Encouragement must be given to the businesses based on manufacturing industries for the State to earn income. Efforts must be made for systematically and efficiently utilize existing underground and aboveground natural resources of the State under the law. Manufacturing of products must be encouraged and it is necessary to strive for improving themselves from the status of importer to exporter by manufacturing the products meeting the local demands. Whenever natural resources have been extracted, environmental conservation measures must be taken systematically for ensuring the continuous manufacturing process.

With regard to the thriftiness, as water plays a key role in agriculture, water must be systematically utilized without waste. Regions and states must implement the river water pumping projects whereas damming water must be systematically used. It is necessary systematically consume electricity. The country's electricity demand may be larger, and the State is striving for implementation of the electrification projects to meet the local demand. As the State is making efforts for meeting the local demand of electricity, consumers need to reduce waste consumption of electricity.

Moreover, the Senior General stressed the need to reduce consumption of fuel. At present, prices of fuel are high across the world. If the capital to be used in purchase of fuel is spent on public transportation through electric energy, it will be more efficient. Hence, rail transportation sector is being improved for ensuring smooth transport of commodities and passengers. Among waterway, road transport and aviation transportation, waterway transport is the cheapest. If all the people reduce daily use of fuel across the nation with own conscience, spending amount of foreign exchange can be reduced. Spending of State finance can be reduced. Officials need to raise awareness of the people and organize them to pay back the agricultural loans from regions and states and left necessary discussions.

In conclusion speech, the Senior General said as the Union and Region and State Additional Budget demand list for 2022-23 financial year reported by secretary of the commission Union Minister for Finance and Revenue at the meeting, the changed amount of the cash assistance from the Union level to regions or states, and approval of the Union additional budget for 2022-23 FY have been discussed and approved, these must be submitted to the State Administration Council via the Union government. And, the approval and enactment of the Union additional budget bill will be undertaken in time under the Section 419 of the Constitution.

As outbreak of Covid-19 across the world and military and political crises of world's powerhouse countries, increasing of general product prices based on instability of world's gold prices and oil prices, rising of inflation rate and US dollar affect decline of domestic currencies of other countries, they face many challenges in efforts for economic development.

Whatever challenges are faced, efforts will be made for implementation of two national policies: prosperity of the nation and sufficiency of food in line with the concept: the strength of the nation lies within. It is necessary to encourage improvement of agriculture and livestock sectors and rural development so as to quickly develop socio-economic life of the people in 2022-23 FY and 2023-24 FY. Moreover, MSME businesses must be encouraged for gaining development. It is necessary to reduce import volume as much as possible and substitute use of domestic products as a vision.

Union ministries and region/state governments are urged to efficiently spend their budgets including additional ones approved for the 2022-2023 FY before the end of the fiscal year. The State is allotting budgets for implementation of projects and businesses in line with the Union and Region/State Budget laws. The Ministry of Planning and Finance is compiling and presenting reports as to whether the approved budgets could be efficiently spent as scheduled.

The Union Budget Law for 2022-2023 FY has already stated capital budgets and budgets for implementing projects while the respective region and state budget laws have approved capital budgets for regions and states.

The ministries and organizations that have demanded supplementary budgets are to spend them effectively and complete their tasks on schedule. It is necessary to ensure a balance between work progress and spending and quality, return the funds that could not have been spent, work in accord with the financial rules and procedures and take supervisory measures to prevent loss and waste. Efforts must be made to earn income as earmarked and even surpluses. Due to the Covid-19 pandemic, the State is relaxing or suspending taxes and increasing loan settlement periods for the sake of the public.

With construction, agricultural and livestock breeding, CMP, manufacturing and tourism businesses in the country that have revived again, efforts must be made to collect taxes and revenues the State and the people deserve.

Responsible officials are to work together in motivating public taxpayers to pay their taxes and facilitating taxation process.

The Union level organizations and region and state governments are urged to efficiently spend their additional budgets for 2022-2023 FY in accord with the supplementary budget spending laws and try to achieve success in their business transactions. Then, the meeting came to a close.

100

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing enjoys literary talks commemorating Myanmar Literati Day



Senior General Min Aung Hlaing enjoys literary talks commemorating Myanmar Literati Day.

**Nay Pyi Taw November 24**

Literary talks commemorating the Myanmar Literati Day, which falls on the full-moon day of Nattaw, 1384 ME, or 7 December were held in Wunzin Minyarzar Hall of the National Library (Nay Pyi Taw) of the Department of Historical Research and National Library of the Ministry of Religious Affairs and Culture this evening and Chairman of State Administration Council Prime Minister Senior General Min Aung Hlaing enjoyed the literary talks.

Also present together with the Senior General were Daw Kyu Kyu Hla, the wife of the Senior General, Vice Chairman of the SAC Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the joint secretary of the SAC and wife, members of the SAC and wives, union ministers, national level officials and wives, the chairman of the Nay Pyi Taw Council, senior Tatmadaw officers and wives, the commander of the Nay Pyi Taw Command and wife, deputy ministers, literary scholars, families of the Ministry of Religious Affairs and Culture and guests.

First, the Senior General and wife and party arrived at the National Library (Nay Pyi Taw) and responsible officials welcomed the Senior General and party. In the hall, Union Minister for Religious Affairs and Culture U Ko Ko reported to the Senior General on the purpose of organizing the literary talks commemorating the Myanmar Literati Day.

Then, veteran writers Takkatho Myat Thu, Ma Sandar and Myinmu Maung Naing Moe gave literary talks.

After the literary talks, the Senior General presented honorary gifts to veteran writers Takkatho Myat Thu, Ma Sandar and Myinmu Maung Naing Moe respectively.

Afterwards, the Senior General and wife and party greeted the veteran writers cordially. 100

# Plan underway to export green gram to EU member countries regularly

**Nay Pyi Taw November 24**

The Ministry of Commerce on 23 November stated that as European Union member countries prefer to consume green gram of Myanmar despite importing such a bean from other neighbouring countries, Myanmar arranges regular export of green gram to EU member countries.

EU member countries offered Myanmar to export green gram to them under the food safety rules of the EU member countries.

As such, Myanmar authorities arranged export process of green gram from the growers to mill stages.

In this regard, farmers need to use the good agricultural practices-GAP, purchasers to set records for storage and transport of green gram and mills to keep the bean under the healthy regulations.

This year, the companies wishing to export green gram need to carry out export process to EU countries on time.

As such, the Ministry of Commerce formed the Myanmar beans and pulses export supervisory committee with 15 members on 2 November 2022 for seeking the market for the beans.

At present, officials from the Consumer Affairs Department, the supervisory committee and Myanmar Beans and Maize and Sesame Merchants Association held meetings with officials from Bayintnaung brokerage and export proposed companies to export green gram to EU member countries in 2022-3 fiscal year.

In 2022-23 fiscal year, Myanmar earned US$760.767 million from export of pulses and beans—US$659.822 million from the shipping and US$100.854 million in border lands.

336

# China Covid: Record number of cases as virus surges nationwide

**Beijing November 24**

China has recorded its highest number of daily Covid cases since the pandemic began, despite stringent measures designed to eliminate the virus.

Several major cities including the capital Beijing and southern trade hub Guangzhou are experiencing outbreaks.

Wednesday saw 31,527 cases recorded compared with an April peak of 28,000.

The numbers are still tiny for a country of 1.4 billion people and officially just over 5,200 have died since the pandemic began.

That equates to three Covid deaths in every million in China, compared with 3,000 per million in the US and 2,400 per million in the UK, although direct comparisons between countries are difficult.

While China's zero-Covid policy has clearly saved lives, it has also dealt a punishing blow to the economy and ordinary people's lives.

The country slightly relaxed some of those restrictions a few weeks ago.

It cut quarantine for close contacts from seven days in a state facility to five days and three days at home, and stopped recording secondary contacts which allowed many more people to avoid having to quarantine. BBC

# Mumbai measles: India outbreak claims 12 children

**Mumbai November 24**

Measles has killed 12 children in the western Indian city of Mumbai and surrounding areas, authorities say.

The first death was reported around 26-27 October when three children died within 48 hours.

The city had 233 confirmed cases this year until Wednesday - a three-fold jump from the 92 cases and two deaths reported last year.

Authorities say a sluggish vaccination drive amid the Covid pandemic has contributed to the spike in infections.

The latest reported death, on Tuesday, was of an eight-month-old baby who was partially immunised, the local municipal body said in a press note.

Measles is highly contagious - even more than Covid - and can cause serious complications, especially in children less than five years.

The disease, which causes coughing, rashes and fever, can be prevented by two doses of the mumps, measles and rubella (MMR) vaccine.

There have been several large outbreaks in countries across Europe where MMR vaccine uptake has been low.


Nine in every 10 people can catch it if they are unvaccinated and exposed. BBC



Authorities in Mumbai city say they are vaccinating children on priority.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားနိုင်ငံက မောင်းသူမဲ့ဒရုန်းများကိုနှိမ်နင်းနိုင်ပြီး အဓိကရုဏ်းကိုလူစုခွဲနိုင်သည့် Shershen Quadrotor ကို ပြသ



ရုရှားနိုင်ငံ မော်စကိုမြို့ Aeronet-2035 ဒရုန်းပြပွဲတွင် ပထမဆုံးအကြိမ်အဖြစ် မောင်းသူမဲ့ဒရုန်း(UAV)များကို နှိမ်နင်းနိုင်ပြီး အဓိကရုဏ်းများကို လူစုခွဲနိုင်သည့် Shershen Quadrotor ကိုပြသခဲ့ကြောင်း Kartsev Research Institute မှဓာတ်ခွဲခန်းကိုဦးစီးသော Vitaly Dolgov က TASS သတင်းဌာနသို့ ပြောကြားခဲ့သည်။

"Shershen Quadrotor ကို ပထမဆုံးအကြိမ်ပြသထားပါတယ်။ ဒါက ကနဦးနမူနာပုံစံဖြစ်ပြီး ဆက်လက်လုပ်ဆောင်နေပါတယ်။ အလွန်စိတ်ဝင်စားစရာကောင်းတဲ့ နယ်ပယ်တစ်ခုဖြစ်ပါတယ်။ ပေးဆောင်မှုတစ်ခု၊ Payload တစ်ခုနဲ့အတူ Super-Sonic Sound အသံနဲ့ ရေဒါ Suppression ဖျက်ဆီးလုပ်ဆောင်နိုင်တဲ့စနစ်နှစ်ခုပါရှိတဲ့ ဒရုန်းအမျိုးအစားဖြစ်ပါတယ်"ဟု Vitaly Dolgov က ပြောကြားခဲ့သည်။

Dolgov ၏ အဆိုအရ Shershen Quadrotor သည် UAV ဒရုန်းများကို နှိမ်နင်းရန်နှင့် အဓိကရုဏ်းများကို လူစုခွဲရန်အသုံးပြုနိုင်ကြောင်း သိရသည်။ Shershen သည် အချင်းဝက် ၁၀ ကီလိုမီတာထိ ပျံသန်းနိုင်သောဒရုန်းဖြစ်သည်။

"လောလောဆယ်မှာ ရေဒါတွေကို လှည့်စားဖျက်ဆီးနိုင်တဲ့ Quadrotor Shell ကို စမ်းသပ်နေပါတယ်။ ဒါက သူ့ရဲ့အင်္ဂါရပ်ဖြစ်လာမှာပါ။ ပြပွဲမှာပြသထားတဲ့နမူနာပုံစံကိုကြည့်မယ်ဆိုရင် ရေဒါတွေကို လှည့်စားနိုင်အောင် အထူးပြုလုပ်ထားတဲ့ဆေးတွေ သုတ်လိမ်းထားပါတယ်" ဟု Vitaly Dolgov က အလေးအနက် ပြောကြားခဲ့သည်။

Shershen သည် မောင်းသူမဲ့လေယာဉ်များကို ရေခံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများထိန်းချုပ်ရန်နှင့် ပတ်ဝန်းကျင်စောင့်ကြည့်ရန်အတွက် အသုံးပြုနိုင်သည်။ ထို့ပြင် Shershen သည် အရေးပေါ်အခြေအနေများ၏ နောက်ဆက်တွဲအကျိုးဆက်များကို နည်းနိုင်သမျှနည်းစေလျက် အသုံးပြုနိုင်ရေးစီစဉ်လျက်ရှိပြီး အရေးပေါ်အခြေအနေ၏ ဖြစ်နိုင်ခြေအရင်းအမြစ်ကို ရှာဖွေထောက်လှမ်းရန်၊ ပျက်စီးဆုံးရှုံးနိုင်မှုကိုအကဲဖြတ်ဆန်းစစ်ရန်နှင့် ပြန်လည်ထူထောင်ရေးကြိုးပမ်းမှုများကို စောင့်ကြည့်ရန်အတွက်ပါ အသုံးပြုသွားနိုင်မည်ဖြစ်သည်ဟု Quadrotor တီထွင်ဖန်တီးသူများက ဆိုသည်။

ရုရှားဘာသာစကားဖြင့် VDNKh ဟု လူသိများသော Aeronet-2035 ကို All-Russian Exhibition Center တွင် ရုရှားထုတ် UAV များနှင့် တန်ပြန်နှိမ်နင်းရေးစနစ်များကိုပြသရန် နိုဝင်ဘာ ၁၇ ရက်က ပြခန်းများစတင်ဖွင့်လှစ်ခဲ့သည်။ ပြပွဲသည် နိုဝင်ဘာ ၂၇ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

**Russia displays Shershen quadrotor capable of supersonic suppression of drones ကို ဘာသာပြန်ဆိုထားပါသည်။**

## UAC က Su-30SM2 တိုက်လေယာဉ်နှင့် Yak-130 တိုက်လေယာဉ်များထုတ်လုပ်၍ ရုရှားတပ်ဖွဲ့ဝင်များထံ ပေးပို့ခဲ့

United Aircraft Corporation (UAC)သည် Su-30SM2 တိုက်လေယာဉ်များနှင့် Yak-130 အမောင်းသင်တိုက်လေယာဉ်များ နောက်ထပ်အသုတ်လိုက်ထုတ်လုပ်မှုပြီးစီး၍ စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် ရုရှားတပ်ဖွဲ့ဝင်များထံသို့လွှဲပြောင်းပေးပို့နိုင်ခဲ့ကြောင်း ရုရှားအစိုးရက နိုဝင်ဘာ ၂၁ ရက်တွင်ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

နိုင်ငံတော်ပိုင်ကော်ပိုရေးရှင်း Rostec တစ်စိတ်တစ်ပိုင်းဖြစ်သော United Aircraft Corporation (UAC) ၏ Irkutsk လေကြောင်းထုတ်လုပ်ရေး စက်ရုံသည် Su-30SM2 တိုက်လေယာဉ်များနှင့် Yak-130 အမောင်းသင်တိုက်လေယာဉ်အသစ်များကို ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနထံ လွှဲပြောင်းပေးပို့ခဲ့သည်ဟု ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

Su-30SM2 သည် ရုရှားလေကြောင်းနှင့် အာကာသတပ်ဖွဲ့၊ ရုရှားရေတပ်တို့နှင့်အတူ တာဝန်ထမ်းဆောင်နေသည့် Su-30SM လေယာဉ်များကို အဆင့်မြှင့်တင်ထားခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက မှတ်ချက်ပြုခဲ့သည်။

လေယာဉ်အသစ်သည် ခေတ်မီဆန်းပြားသော ရေဒီယို-အီလက်ထရွန်နစ်ပစ္စည်းများကို တပ်ဆင်အသုံးပြုထားသည်။ ရုရှားကာကွယ်ရေးဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသည့်အဆင့်မြှင့်တင်မှုသည် လေယာဉ်၏တိုက်ခိုက်ရေးစွမ်းရည်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။ အထူးသဖြင့် ဝေဟင်ပစ်မှတ်ကို ထောက်လှမ်းသိရှိနိုင်စေရန်နှင့် စိစစ်ခွဲခြားသတ်မှတ်နိုင်သည့် အကွာအဝေးကို တိုးမြှင့်လိုက်သည်ဟု ရုရှားအစိုးရက ရှင်းပြသည်။

တိုက်လေယာဉ်အသစ်များသည် ကီလိုမီတာရာပေါင်းများစွာအကွာအဝေးမှ တိကျပဲ့ထိန်းလက်နက်သစ်များဖြင့် ဝေဟင်၊ မြေပြင်နှင့်ရေတပ်ဆိုင်ရာပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းရှိကြောင်း ရုရှားအစိုးရက ပြောကြားခဲ့သည်။

စတုတ္ထမျိုးဆက်လွန်နှင့် ပဉ္စမမျိုးဆက်တိုက်လေယာဉ်များအပါအဝင် ခေတ်မီဆန်းသစ်သော တိုက်ခိုက်ရေးလေယာဉ်များကို လေ့ကျင့်မောင်းနှင်နိုင်ရန်အတွက် လေသူရဲများ လေ့ကျင့်ရေးအခြေခံနှင့် အဆင့်မြင့်လေ့ကျင့်ရေးများအတွက် Yak-130 ထိုင်ခုံနှစ်လုံးပါ နှစ်ယောက်မောင်းအမောင်းသင်တိုက်လေယာဉ်ကို အသုံးပြုသင်ကြားပေးနေခြင်းဖြစ်သည်။



**Defense contractor delivers new batch of Su-30SM2 fighter jets to Russian troops ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းတွင် ရုရှားစစ်သားများသတ်ဖြတ်ခံရမှုကို တောနင်းရှာဖွေသွားမည်ဟု ကရင်မလင်ပြောကြား

အွန်လိုင်းပေါ်တွင် ဗီဒီယိုဖိုင်များပျံ့နှံ့ခဲ့ပြီး ယူကရိန်းနှင့် ရုရှားတို့ စစ်ရာဇဝတ်မှုကျူးလွန်သည်ဟု အပြန်အလှန်စွပ်စွဲမှုများ ထွက်ပေါ်လာခဲ့ပြီးနောက် ယူကရိန်းတွင် ရုရှားစစ်သားများ သတ်ဖြတ်ခံရမှုကို တောနင်းရှာဖွေသွားမည်ဟု ကရင်မလင်က နိုဝင်ဘာ ၂၁ ရက်တွင် ပြောကြားလိုက်သည်။



ယူကရိန်းနိုင်ငံတွင် ရုရှားထိန်းချုပ်ထားသည့် Zaporizhzhia နျူကလီးယားစက်ရုံကို ပစ်မှတ်ထားတိုက်ခိုက်နေခြင်းအပေါ် ကုလသမဂ္ဂ(UN)က ရှုတ်ချခဲ့ပြီး တိုက်ခိုက်မှုကိုရပ်တန့်ရန် တောင်းဆိုလိုက်သည်။ တိုက်ခိုက်မှုအပေါ် ယူကရိန်းနှင့် ရုရှားတို့ အပြန်အလှန်စွပ်စွဲနေကြခြင်းဖြစ်သည်။

သမ္မတဇီလန်စကီးက နှစ်စဉ်ကျင်းပမြဲ ယူကရိန်းနိုင်ငံ၏ ဂုဏ်သိက္ခာနှင့်လွတ်လပ်ရေးနေ့ကို နိုဝင်ဘာ ၂၁ ရက်တွင်ကျင်းပခဲ့ပြီး ယူကရိန်းပြည်သူများ၏ စွန့်လွှတ်အနစ်နာခံမှုများကို ဗီဒီယိုမိန့်ခွန်း၌ဂုဏ်ပြုချီးကျူးခဲ့ကာ ယူကရိန်းနိုင်ငံသည်ကြံ့ကြံ့ခံပြီး အောင်နိုင်ရမည်ဟု ပြောကြားခဲ့သည်။

ရုရှားတပ်ဖွဲ့များသည် ယူကရိန်းတို့ တပ်စွဲထားသောနေရာများကို အမြောက်များဖြင့်ပစ်ခတ်နေပြီး အရှေ့ပိုင်းဒေသ၌ တိုက်ခိုက်မှု ၄၀၀ ခန့် ပြုလုပ်ခဲ့သည်ဟု သမ္မတ ဇီလန်စကီးက ဗီဒီယိုမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

"အရင်ကလို အပြင်းထန်ဆုံးတိုက်ပွဲတွေက Donetsk ဒေသမှာရှိနေပါတယ်။ ရာသီဥတုဆိုးရွားမှုကြောင့် တိုက်ခိုက်မှုတွေနည်းပါးသွားပေမဲ့ ရုရှားရဲ့ ပစ်ခတ်တိုက်ခိုက်မှုပမာဏနဲ့ အကြိမ်ရေကတော့ မြင့်မားနေဆဲပါ"ဟု သမ္မတ ဇီလန်စကီးက ပြောကြားခဲ့သည်။

စပိန်နိုင်ငံအလယ်ပိုင်း တိုလီဒိုမြို့ရှိ ယူကရိန်းတပ်ဖွဲ့များအတွက် လေ့ကျင့်ရေးစင်တာသစ်ကို နိုဝင်ဘာလကုန်တွင် စတင်လည်ပတ်မည်ဖြစ်ကြောင်း စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်ဇ်က NATO ပါလီမန်လွှတ်တော်တွင် နိုဝင်ဘာ ၂၁ ရက်က ပြောကြားခဲ့သည်။ ရုရှားစစ်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်လာမည့်သီတင်းပတ်များအတွင်း စပိန်ရဲတပ်ဖွဲ့ကိုလည်း ယူကရိန်းတွင် တပ်ဖြန့်ထားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ယူကရိန်း၌ ရုရှားစစ်သားများသတ်ဖြတ်ခံရမှုတွင် တာဝန်ရှိသူများကို တရားမျှတမှုပေးသွားမည်ဟု ကရင်မလင်က ပြောကြားခဲ့သည်။ ယူကရိန်းတပ်ဖွဲ့များသည် ရုရှားစစ်သုံ့ပန်းများကို သတ်ဖြတ်ခဲ့ခြင်းမရှိကြောင်းငြင်းဆိုထားပြီး စစ်သားများသည် မှားယွင်းလက်နက်ချပြီးနောက် ပစ်သတ်ခံခဲ့ရကြောင်း ပြောကြားခဲ့သည်။

"ရုရှားက ဒီရာဇဝတ်မှုကျူးလွန်သူတွေကို ရှာဖွေပါလိမ့်မယ်။ သူတို့ကိုတွေ့ရှိပြီး အပြစ်ပေးရမယ်"ဟု ကရင်မလင်၏ ပြောရေးဆိုခွင့်ရှိသူ Dmitry Peskov က သတင်းထောက်များကို ပြောကြားခဲ့သည်။ ဗီဒီယိုဖိုင်တွင် စစ်မှုထမ်း ၁၀ ဦးကျော်ကို တမင်တကာသတ်ဖြတ်ခြင်းကို ပြသခဲ့သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြီးခဲ့သည့် သီတင်းပတ်တွင် ပြောကြားခဲ့သည်။

ဗီဒီယိုဖိုင်များကို သတိပြုမိပြီး ၎င်းတို့စစ်ဆေးနေကြောင်း ကုလသမဂ္ဂကလည်း ပြောကြားခဲ့သည်။ ပြီးခဲ့သည့် သီတင်းပတ်အစောပိုင်းကထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် နှစ်ဖက်စလုံးမှ ကျူးလွန်မှုများသည် ယုံကြည်ရလောက်သော အပြန်အလှန်စွပ်စွဲမှုများရှိနေသည်ဟု ရေးသားထားသည်။

ဗီဒီယိုဖိုင်ကိုသီးခြားအတည်ပြုနိုင်ခြင်းမရှိသေးဘဲ ယူကရိန်းက ရုရှား၏စွပ်စွဲချက်များကိုငြင်းဆိုထားသည်။

**Ukraine conflict - day 271: Kremlin hunts Ukrainian 'murderers'; Grossi denounces nuclear plant strikes ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကျုံပျော်မြို့နယ်၌ ဆီထွက်သီးနှံနေကြာ ၂၆၁၇ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်ကစိုက်ပျိုးခဲ့သည့် နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် နိုဝင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ ၂၆၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ လျာထားချက်အနေဖြင့် သီးထပ်ဧက ၈၃၃၀၊ သီးညှပ် ၂၇၇၆ ဧက စုစုပေါင်း ဆီထွက်သီးနှံနေကြာ ၁၁၁၀၆ ဧကကို ယခုနှစ် အောက်တိုဘာလတတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဆီထွက်သီးနှံနေကြာ ၂၆၁၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံနေကြာ လျာထားချက် ၁၁၁၀၆ ဧက ပြည့်မီစေရန် ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဆီထွက်သီးနှံနေကြာလျာထားချက်တွေအတိုင်း အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံနေကြာ ၁၁၁၀၆ ဧက လျာထားစိုက်ပျိုးနေပါတယ်။ ဒီကနေ့ထိ လျာထားချက်ထဲကနေ ၂၆၁၇ ဧကထိ စိုက်ပျိုးပြီးဖြစ်ပါတယ်။ နေကြာတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့နဲ့ ပိုးမွှားရောဂါကာ ကွယ်နှိမ်နင်းရေးနည်းပညာများကို နေကြာတွေမစိုက်ပျိုးမီ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများထိ ကွင်းဆင်းသွားရောက်ပြီးတော့ ဆောင်ရွက်ပေးနေပါတယ်"ဟု ကျုံပျော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဆီထွက်သီးနှံနေကြာများကို နိုင်ငံ၏ဆီလိုအပ်ချက်ဖြည့်ဆည်းပေးရန်၊ သန့်ရှင်းပြီးကျန်းမာရေးနှင့် ညီညွတ်သည့်ဆီများ စားသုံးနိုင်စေရန်အတွက် ရည်မှန်းပြီး စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက် စိုက်ပျိုးနေခြင်းဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ရေနံချောင်းမြို့နယ် ကျေးရွာခြောက်ရွာ၌ ရေရရှိရေးဆောင်ရွက်နိုင်ရန် ကွင်းဆင်းတိုင်းတာ

**ရေနံချောင်း နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရေနံချောင်းမြို့နယ်အတွင်းရှိ ခြံကန်မြောက်ကျေးရွာ၊ လက်ခုပ်ပင်ကျေးရွာ၊ ကြည့်မြင်ကျေးရွာ၊ အေးရွာကျေးရွာ၊ သန်းပင်ကုန်းကျေးရွာနှင့် စာဂီကျေးရွာများ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုဝင်ဘာ ၂၃ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းတိုင်းတာခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းတိုင်းတာရာတွင် ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းနှင့် တာဝန်ရှိသူများက ရေနံချောင်းမြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာမှ ရေရရှိရေးကော်မတီဝင်များနှင့်အတူ ကျေးရွာများ၌ ရေရရှိရေးလုပ်ငန်းများ ပြန်လည် ပြုပြင်မွမ်းမံဆောင်ရွက်နိုင်ရေး လက်ရှိရေသုံးစွဲမှုအခြေအနေ



များကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် ကျေးရွာမှ တာဝန်ရှိသူများကို ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ရာတွင်လည်း အဆင်ပြေချောမွေ့စေရန် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေနံချောင်းမြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာ၌ လာမည့်ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများသန့်ရှင်းသော သောက်သုံးရေကို အချိန်ရာသီမရွေးရရှိနိုင်ရန်အတွက် ဆိုလာစနစ်ဖြင့် ကျေးရွာရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အဆင်ပြေလွယ်ကူလာစေရန်၊ မြေပြင်အခြေအနေများကို လုပ်ငန်းများမစတင်မီ ကြိုတင်ကွင်းဆင်းတိုင်းတာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**နွံ့ယဉ်**

# ပဲခူးမြို့နယ် ကျောင်းကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ပဲခူး နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပဲခူးမြို့နယ် ကျောင်းကုန်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျောင်းကုန်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ တာဝန်ရှိသူများကို ကျေးရွာလုပ်ငန်းများ ရေရှည် တည်တံ့စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ကျောင်းကုန်းကျေးရွာတွင် လမ်းအရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ရှစ်လက်မရှိ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးရွာနေပြည်သူများကိုယ်တိုင် အောက်တိုဘာလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်၍ ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးလေး**



## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၄-၁၁-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၀၀၀၀၀ |
| **(ဇွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဂီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၃၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၁၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၉၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၂၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)


၂၀ ရှေ့မှအဆက်



ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများကို စိစစ်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက အကြံပြုဆွေးနွေးတင်ပြစဉ်။

## ပြည်ထောင်စုဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် နောက်ထပ်ခွဲဝေပေးသည့်ဘဏ္ဍာငွေများကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံး မိမိတို့၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေများနှင့်အညီ အကျိုးရှိထိရောက်စွာသုံးစွဲကြပြီး ရည်မှန်းချက်လုပ်ငန်းတာဝန်များကို အောင်မြင်အောင်ဆောင်ရွက်ကြရန် အလေးအနက်ထားမှာကြားလို . . .





ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၂)သို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်စဉ်။

... များကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံး မိမိတို့၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေများနှင့်အညီ အကျိုးရှိထိရောက်စွာသုံးစွဲကြပြီး ရည်မှန်းချက်လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်ကြရန် အလေးအနက်ထားမှာကြားလိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

# တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

နေပြည်တော် နိုဝင်ဘာ ၂၄

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရားသံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်

အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက် မုံရွာမြို့ နယ်မြေခံသင်တန်းကျောင်းတွင် စစ်သည်များနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်စဉ်။



အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မှုတသည့်အုပ်ချုပ်မှု စနစ်ရှိရန်လိုအပ်ကြောင်း တပ်မတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မှုတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ် စိတ်ဓာတ်(Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွလက်ရည်တစ်ပြင်တည်း နေ့လယ်စာ သုံးဆောင်ခဲ့ကြသည်။

ထို့အတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ကွပ်ကဲမှုများအလိုက် တပ်ရင်း၊ တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး စစ်တွေမြို့ နယ်မြေစံတပ်ရင်းတွင် အရာရှိ၊ စစ်သည်များနှင့်အတူ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်စဉ်။



ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စာရေးဆရာကြီး တက္ကသိုလ်မြတ်သူအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စာရေးဆရာမကြီး မစန္ဒာအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စာရေးဆရာကြီး မြင်းမူမောင်နိုင်မိုးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်စဉ်။

☆ ကျောဖုံးမှအဆက်

ထို့နောက် ဟောပြောပွဲခန်းမတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက "စာဆိုတော်နေ့"ကို ဂုဏ်ပြုသောအားဖြင့် စာပေဟောပြောပွဲ ကျင်းပပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပပြုလုပ်ရာ စာရေးဆရာကြီး တက္ကသိုလ်မြတ်သူ၊ စာရေးဆရာမကြီး မစန္ဒာနှင့် စာရေးဆရာကြီး မြင်းမူမောင်နိုင်မိုးတို့က အသီးသီးဟောပြောခဲ့ကြသည်။

စာပေဟောပြောမှုများ အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စာပေဟောပြောခဲ့ကြသည့် စာရေးဆရာကြီး တက္ကသိုလ်မြတ်သူ၊ စာရေးဆရာမကြီးမစန္ဒာနှင့် စာရေးဆရာကြီး မြင်းမူမောင်နိုင်မိုးတို့ကို ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် စာရေးဆရာကြီး တက္ကသိုလ်မြတ်သူ၊ စာရေးဆရာမကြီး မစန္ဒာနှင့် စာရေးဆရာကြီး မြင်းမူမောင်နိုင်မိုးတို့ကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲအခမ်းအနားတွင် စာရေးဆရာကြီး မြင်းမူမောင်နိုင်မိုး ဟောပြောစဉ်။

## နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ပထမနှစ်(ဒုတိယနှစ်ဝက်)နှင့် ဒုတိယနှစ်မှ ပါရဂူဘွဲ့ သင်တန်းများ၏ ကျောင်းအပ်လက်ခံခြင်းကို နောက်ဆုံးရက်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**ကြေညာချက်**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ပထမနှစ်(ဒုတိယနှစ်ဝက်)နှင့် ဒုတိယနှစ်မှ ပါရဂူဘွဲ့သင်တန်းများ၏ ကျောင်းအပ်လက်ခံခြင်းကို နိုဝင်ဘာ ၃၀ ရက်ထိ (စနေနေ့နှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်သည်။

၂။ ကျောင်းအပ်လက်ခံခြင်းကို နောက်ဆုံးရက်ဖြစ်သော နိုဝင်ဘာ ၃၀ ရက် ကျော်လွန်၍ လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ကို တွေ့ဆုံ



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာဇစ်တလီ ဆိုလိုနက်စကိုင်း နှင့် အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာဇစ်တလီ ဆိုလိုနက်စကိုင်း ဦးဆောင်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ အဆင့်မြင့်ပညာရေး ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး မြှင့်တင်ရေး၊ ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့မှုမြှင့်တင်ရေး၊ ယဉ်ကျေးမှု၊ ပညာရေး စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ မော်စကိုနိုင်ငံတကာ ဆက်ဆံရေးတက္ကသိုလ် (Moscow State Institute of International Relations)၊ ရုရှား ပြည်သူ့ချစ်ကြည်ရေးတက္ကသိုလ် (People's Friendship University of Russia)၊ Pushkin ပြည်နယ် ရုရှား ဘာသာစကားအင်စတီကျု (The Pushkin State Russian Language Institute)စသည့် တက္ကသိုလ်များမှ မြန်မာ ပညာတော်သင်များ ပိုမိုတိုးချဲ့ခေါ်ယူရေး၊ မြန်မာနိုင်ငံမှ အသိပညာရှင် Think Tanks အဖွဲ့အစည်းများနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာ မျက်နှာစာတွင် နှစ်နိုင်ငံကြား အပြန်အလှန် နားလည်မှုမြှင့်တင်ရေးကိစ္စရပ်များအပေါ် အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာဇစ်တလီဆိုလိုနက်စကိုင်းနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုနိုင်ငံတကာဆက်ဆံရေးတက္ကသိုလ်၊ ရုရှားပြည်သူ့ချစ်ကြည်ရေးတက္ကသိုလ်တို့မှ ဒုတိယပါမောက္ခချုပ်များ၊ Pushkin ပြည်နယ် ရုရှားဘာသာစကားအင်စတီကျုမှ နိုင်ငံတကာရေးရာဌာနမှူးနှင့် The Alexander Gorchakov Public Diplomacy Fund မှ ဒုတိယအမှုဆောင်ဒါရိုက်တာတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တက္ကသိုလ်များမှ အဆင့်မြင့်ပညာရေးကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တက္ကသိုလ်များမှ အဆင့်မြင့် ပညာရေး ကိုယ်စားလှယ် အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံတက္ကသိုလ်များမှ အဆင့်မြင့်ပညာရေးကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး ရုရှားအဆင့်မြင့်ပညာရေး ကိုယ်စားလှယ်အဖွဲ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တက္ကသိုလ်များမှ အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ The Alexander Gorchakov Public Diplomacy Fund နှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရီးစဉ်အတွင်း ဆွေးနွေးခဲ့သောနှစ်နိုင်ငံအကြား ပညာရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြားပညာရေး၊ ပညာအရည်အသွေးနှင့် ဘွဲ့ဒီဂရီများအသိအမှတ်ပြုရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေး၊ နှစ်နိုင်ငံတက္ကသိုလ်များအကြား ပညာရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရေး၊ သုတေသနပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာဘာသာစကားသင် ဆရာ၊ ဆရာမများနှင့် ရုရှားဘာသာစကားသင် ဆရာ၊ ဆရာမများ အပြန်အလှန်စေလွှတ်ရေး၊ ရုရှားအစိုးရ ပညာတော်သင်ဆု(၂၀၂၃) အစီအစဉ်သို့ ဝင်ရောက်လျှောက်ထားသော မြန်မာ တက္ကသိုလ် ဆရာ၊ ဆရာမများကို ဦးစားပေး ရွေးချယ်နိုင်ရေး၊ Naypyitaw State Academy ရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို အရည်အသွေး ပူးပေါင်းမြှင့်တင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကာ မြန်မာနိုင်ငံတက္ကသိုလ်များက ရုရှားဖက်ဒရေးရှင်းနိုင်ငံ တက္ကသိုလ်များထံမှ ပညာသင်ဆုရယူလိုသော ဦးစားပေး ပညာရပ်နယ်ပယ်များနှင့် ဘွဲ့သင်တန်းများ အမည်စာရင်းကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၂ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၉ ရက် (သောကြာနေ့)မှ ဒီဇင်ဘာ ၁၁ ရက် တနင်္ဂနွေနေ့ထိ ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်နက်တည်းကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)၊ အဘိဓမ္မာ(ဂုဏ်ထူး ဆောင်)စာမေးပွဲများကို အစိုးရပထမငယ်တန်း(သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲကို ဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရ ပထမကြီးတန်း၊ ဓမ္မာစရိယတန်း(သို့မဟုတ်) ၎င်းနှင့်အလားတူစာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်ဖြစ်စေ နှစ်ချင်းပေါက်ဖြေဆိုခွင့်ရှိသည်။ ယခင်က သုံးဆင့်လုံးအပြည့်အစုံမအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို သက်ဆိုင်ရာစာဖြေဌာနတည်ရှိရာ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်တို့ရှိ မြို့နယ် သံဃနာယကအဖွဲ့ရုံးများသို့ အချိန်မီပေးပို့ထားမည်ဖြစ်၍ အဆိုပါရုံးများတွင် စာမေးပွဲဖြေဆိုရက်မတိုင်မီ ထုတ်ယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၇၅)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပမည့် (၇၅)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၇ ရက်ထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာ ပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါစာမေးပွဲ ဖွင့်ပွဲအခမ်းအနား ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် (တနင်္လာနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌လည်းကောင်း၊ စာပြန်ပွဲကို မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌လည်းကောင်း၊ ဆွမ်းဆက်ကပ်ခြင်းကို သုံးထပ်ဆွမ်းစားဆောင်တွင်လည်းကောင်း ၃၃ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါ၍ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဆွမ်းပဒေသာပင်၊ စာအောင်ဆုပဒေသာပင်၊ တိပိဋကအထွေထွေရန်ပုံငွေများကို သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့ ဖုန်း-၀၉၄၃၀၆၇၁၆၈၊ ၀၉၄၄၃၁၉၀၁၉၃၊ ၀၉၄၅၁၃၇၉၉၄၂၊ ၀၁၆၆၃၃၂၅ တို့သို့ ဆက်သွယ်၍ ထာဝရကုသိုလ်ရှင်များအဖြစ် စိုက်ထူလှူဒါန်းနိုင်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားနှင့် စာပြန်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးနှစ်ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီး ၁၁ ပါး၊ ပုစ္ဆကဆရာတော် လေးပါး၊ ကြီးကြပ်ရေးဆရာတော် လေးပါး၊ စာထောက်စာမဆရာတော် ၂၁၄ ပါး၊ အာဂုံပြန်စာရင်းသွင်းသံဃာ အပါး ၂၅၀၊ သဘောရေးဖြေစာရင်းသွင်းသံဃာ ၁၈၇ ပါး စုစုပေါင်း ၆၇၂ ပါး ကြွရောက်တော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ “က”အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားပုံများ၊ ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကျင်းပပုံများ တိုက်ရိုက်ထုတ်လွှင့်မည်

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ “က”အဆင့် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားပုံများ၊ ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနား ကျင်းပပုံများကို နိုဝင်ဘာ ၂၅ ရက်**(ယနေ့)** ညနေ ၃ နာရီ ၁၅ မိနစ်တွင် MRTV HD Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MWD Education, Knowledge & Sports HD Channel နှင့် Skynet Sport 4 Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

# ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို အစိုးရ-ပုဂ္ဂလိက-ပြည်သူလူထု အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်သွားရမည်ဖြစ်





**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်စပ်လုပ်ငန်းများတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများကိုသိရှိပြီး ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဖြန့်ဝေနိုင်ရန်ရည်ရွယ်၍ ခရီးသွားလုပ်ငန်းတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဝန်ကြီးဌာန ကျောက်စိမ်းခန်းမတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော နိုင်ငံခြားသား ခရီးသွားဧည့်သည်များနှင့်စပ်လျဉ်း၍ မလိုလားအပ်သောပြဿနာရပ်များ မဖြစ်ပေါ်စေရန်အတွက် ကြိုတင်ကာကွယ်နိုင်ရန် ဧည့်စာရင်းတိုင်ကြားမှုစနစ် (Guest List Management System) ကိုလည်း စီစဉ်ဆောင်ရွက်ထားရှိကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တွင်ကျယ်စွာအသုံးပြုကြရန် တိုက်တွန်းလျက်ရှိပါကြောင်း၊ အလားတူ ကမ္ဘာလှည့်ခရီးသည်များအတွက် ဆောင်ရန်ရှောင်ရန်အချက်များကိုလည်း နိုင်ငံခြားဘာသာစကားများဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေထားရှိပါကြောင်း၊ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အစိုးရ-ပုဂ္ဂလိက-ပြည်သူလူထု အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများမှ တက်ကြွစွာ ပါဝင်ဆွေးနွေးသွားကြစေလိုကြောင်းနှင့် ထွက်ပေါ်လာသော ရလဒ်များကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများကို အကာအကွယ်ပေးရေး လုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ခရီးသွားကဏ္ဍနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးသည်။ ယင်းနောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်သက်နိုင်က လူကုန်ကူးမှုနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်စုလွင်က လူကုန်ကူးခံရသူများကို ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကြောင်းကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၂၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၇၇၇၇ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူဦးရေ ၁၄၅၀ နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၅၉ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၇၀၈ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ၁၅၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်ရှိ စာသင်ကျောင်းများ၊ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့်လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှတာဝန်ရှိသူများ၊ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများလက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

## မန်တုံမြို့နယ် ကျန်ကားကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းတံတား ဖောက်လုပ်နေမှုများ ကွင်းဆင်းစစ်ဆေး

**မန်တုံ နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်တုံမြို့နယ် ကျန်ကားကျေးရွာတွင် ကျေးလက်ကုန်ထုတ် လမ်းတံတား ဖောက်လုပ်နေမှုများကို ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ယနေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း မန်တုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ စစ်ဆေးရာတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းမောင်ထွေး၊ မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမိုင်းအောင်ကျော်လှိုင်တို့က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၇၆ ဒသမ ၈၈ သန်းဖြင့် ဆောင်ရွက်သည့် ကျန်ကားကျေးရွာ ကုန်ထုတ်လမ်းနှင့်တံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

မန်တုံမြို့နယ် ကျန်ကားကျေးရွာတွင် ဖောက်လုပ်လျက်ရှိသော ကုန်ထုတ်လမ်းသည် အရှည် သုံးမိုင်၊ အကျယ် ၁၂ ပေ၊ ဒုကိုးလက်မဖြစ်ပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ယခုနှစ် ဇွန်လပထမပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ၈၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ကား ကုန်ထုတ်တံတားသည် အလျားပေ ၃၀၊ အနံ ၁၄ ပေဖြစ်ပြီး ဇွန်လပထမပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ရာခိုင်နှုန်း ၉၀ ပြီးစီးပြီဖြစ်ကြောင်း မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

## နိုဝင်ဘာ ၂၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦး တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

နိုဝင်ဘာ ၂၃ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၇၈၃၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

| ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၁၀၈ ဦး |
| သေဆုံးသူ | ၁၉၄၈၈ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၇၅၅၉ ဦး |

# စစ်ကိုင်းမြို့နယ် ကင်းကျေးရွာ၌ PDF အမည်ခံအကြမ်းဖက်သမားများက "တိက္ခဓေယျာ" ထိုင်ဝမ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ဝင်ရောက်ကာ ငွေ၊ လက်ကိုင်ဖုန်းများနှင့် မော်တော်ယာဉ်ကို ခြိမ်းခြောက်လုယက်ယူဆောင်

**နေပြည်တော် နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ကင်းကျေးရွာ၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က "တိက္ခဓေယျာ" ထိုင်ဝမ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း သို့ဝင်ရောက်လာကာ ငွေနှင့်မော်တော်ယာဉ် များကို ခြိမ်းခြောက်လုယက်ယူဆောင်သွား ခဲ့ကြောင်း သိရသည်။





PDF အမည်ခံအကြမ်းဖက်သမားများ ဝင်ရောက်ခြိမ်းခြောက်လုယက်ခဲ့သည့် စစ်ကိုင်းမြို့နယ် ကင်းကျေးရွာရှိ "တိက္ခဓေယျာ" ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို တွေ့ရစဉ်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ကင်းကျေးရွာရှိ "တိက္ခဓေယျာ" ထိုင်ဝမ်ဘုန်းတော်ကြီးသင်ပညာ ရေးကျောင်းသို့ PDF အမည်ခံအကြမ်းဖက် သမားများက ဆိုင်ကယ် လေးစီးဖြင့်ရောက် ရှိလာပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ပညာသာမိ၏အခန်းအတွင်းရှိ စားပွဲပေါ်မှ လက်ဆွဲအိတ်ဖြင့်ထည့်ထားသည့် ငွေကျပ် သိန်း ၃၀၀ နှင့် ဘုန်းကြီးကျောင်းတွင် ရောက်ရှိနေသည့် ဒေါ်အုန်း ၇၂ နှစ်၊ ဒေါ်သန်း ၆၁ နှစ်၊ ဒေါ်ကျင်စော ၆၀ နှစ် နှင့် ဒေါ်သူဇာဝင်း ၄၃ နှစ်တို့၏ လက်ကိုင်ဖုန်း လေးလုံးတို့ကို လုယက် ယူဆောင်ပြီး ပြန်လည်ထွက်ခွာသွား ခဲ့သည်။ အဆိုပါအကြမ်းဖက်သမား များသည် မွန်းလွဲ ၂ နာရီခန့်တွင် ဘုန်းတော်ကြီးကျောင်းသို့ ထပ်မံရောက်ရှိ လာပြီး ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ရပ်ထားသည့် ယာဉ်အမှတ် RLG/---ALPHARD မော်တော်ယာဉ်ကို လုယက် ယူဆောင် မောင်းနှင်သွားခဲ့ကြောင်း သိရသည်။

ထိုသို့ ဘုန်းတော်ကြီးကျောင်းအတွင်း ဝင်ရောက်ကာ ငွေ၊ လက်ကိုင်ဖုန်းများနှင့် မော်တော်ယာဉ်ကို လုယက်ယူဆောင်သွား သည့် အကြမ်းဖက်သမားများကိုဖော်ထုတ် ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံ ရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်း ရရှိသည်။

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့် အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၂ ရက် တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲ မှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာ တစ်လုံး အတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်းများ ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၆၂၅၁၀၇၂ ကို သိမ်းဆည်းရမိ ခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ်အတွင်း တရားမဝင် သစ်မျိုးစုံ ၁ ဒသမ ၀၈၀၆ တန် ခန့်မှန်း တန်ဖိုးငွေကျပ် ၇၅၆၄၂ ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင် ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၂ ရက်တွင် ရွှေဘိုမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ် ငါးစီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀ ကိုလည်းကောင်း၊ နိုဝင်ဘာ ၂၃ ရက်တွင် မုံရွာမြို့နယ်အတွင်း လိုင်စင်မဲ့ ဆိုင်ကယ် နှစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေ နှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၂၃ ရက်၌ အကောက် ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အပြည်ပြည် ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများတွင် တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့ က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် ဝန်စည်များနှင့်အတူ ရောနှောသယ်ဆောင် လာသော တရားဝင်တင်သွင်းခွင့်စာရွက် စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် HP Laptop အဟောင်း လေးလုံးအပါအဝင် ကုန်ပစ္စည်း သုံးမျိုးခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၀၀၀၀၀ ကိုလည်းကောင်း၊ ထီးတန်းဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန် သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန် ကြေညာလွှာ(ID)တွင် ကြေညာထားသည် ထက်ပိုမိုပါရှိလာသော စတီးပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၆၀၀၀၀ ကို လည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် ပိတ်လိပ်မျိုးစုံ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၅၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၂၁၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ထို့အတူ နေပြည်တော်ကောင်စီနယ် မြေ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဥတ္တရသီရိ မြို့နယ် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက် ခဲ့ရာ တပ်ကုန်းမြို့နယ်အတွင်း တရားမဝင် သစ်မျိုးစုံ ၅၁ ဒသမ ၆၁၈၈ တန် ခန့်မှန်း တန်ဖိုးငွေကျပ် ၂၀၀၉၇၅၆ ကို ဖမ်းဆီးရမိ ခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေး ရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့နယ် အမှတ်(၈)ရပ်ကွက် တလုပ် ကုန်းရွာအနီး၌ တရားမဝင် ကျွန်းခွဲသား ၄၉ ဒသမ ၂၁၃၄ တန် ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၄၈၀၈၄၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင် ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရား မဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်း အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ်အတွင်း တရားမဝင်ကျွန်းသစ် နှင့်ပျဉ်းကတိုးခွဲသား ၆ ဒသမ ၀၅၁၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၆၈၃၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏စီမံခန့်ခွဲမှုဖြင့်တိုင်းဒေသကြီးသစ်တော ဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် အတွင်း တရားမဝင်သစ်မျိုးစုံ ၆ ဒသမ ၉၇၆၀ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၂၆၀၉၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံ ခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက် ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာ လာသော မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်းအထောက် အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိ သည့် ဂက်စ်မီးဖိုအလုံး ၆၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၀၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂၂ ရက်မှ ယနေ့ ထိဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၁၈ မှုမှ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၃၂၁၀၂၃၆ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ ထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့ နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူ လူထုကို အကြောက်တရားများဖြစ်ပေါ် စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက် များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ် လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေ ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်း နိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင် ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန် ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ အောင်မင်းဆက်ဝေသည် ၎င်းအသုံးပြု သည့် "Aung Min Satt Wai" Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလော မြို့နယ် ရွာတော်ကျေးရွာနေ မောင်ဝင်း သည် ၎င်းအသုံးပြုသည့် "U Maung Win" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ် လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရား ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှု ဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ် များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေး ကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း နှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ခေတ်မရွေးတဲ့ကဗျာ (၇)

မန်းတင့်မော်

ခေတ်အဆက်ဆက် စာသင်ကျောင်းများက ပုံစံအမျိုးမျိုးဖြင့် တည်ရှိလာခဲ့ကြသည်မှာ ကြာမြင့်ခဲ့ပြီ။ စာသင်ကြားပုံနည်းစနစ်ကလည်း အချိန်ကာလအလိုက် အပြောင်းအလဲအဖုံဖုံ ရှိနေပြန်သည်။ ပညာရေးကို သုတေသနပြုရလျှင် ဆုံးဖွယ်မမြင်ပါ။ စဉ်ဆက်မပြတ် ပညာရေးဟုလည်း ကင်ပွန်းတပ်ကြပြန်သေးသည်။ တချို့က စမ်းသပ်နေသောပညာရေးဟူ၍ ပြောဆိုဝေဖန်မှုများလည်းရှိသည်။ တူညီချက်တစ်ရပ်မှာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပညာရေးကို အထူးဦးစားပေးလေ့ရှိခြင်းပင်။ ပညာရေးတွင် သင်ကြားပို့ချသူနှင့် သင်ယူသူဟူ၍ နှစ်ပိုင်းရှိရာ အများသိဆရာနှင့် တပည့်ကို ဆိုလိုသည်။ “တပည့်နှင့်ဆရာ ရေနှင့်ကြာ”ဟူသောစကားအတိုင်း ဆရာတပည့်ဆက်ဆံရေးကလည်း အထူးအရေးပါလျက်ရှိနေသည်။ မြန်မာမှုဓလေ့တွင် ဆရာကို ဘုရားနှင့်တစ်ဂိုဏ်းတည်းထား၍ ကိုးကွယ်ဆည်းကပ်ဖွယ်ရာထည့်သွင်းထားပြန်ရာ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံတွင်မှမရှိသည့် ဆရာ့ဂုဏ်ကျေးဇူးကို သိမြင်လေးစားပူဇော်အပ်သော “အာစရိယပူဇော်ပွဲ”သည် မြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင်သာ ကျင်းပလျက်ရှိသောပွဲလည်းဖြစ်နေပါသည်။

ဆရာ့ဝတ္တရားငါးပါးတွင် တစ်ပါးဖြစ်သော “ပွဲပြင်ဆုံးမ” ဆိုသည့်အတိုင်း ဆရာက တပည့်များအတွက် ကောင်းရာကောင်းကျိုး ညွှန်ပြပြောဆိုလေ့လည်းရှိသည်။ သင်ကြားပို့ချပေးသော သင်ခန်းစာများကို အလွတ်ရသော အာဂုံဆောင်နိုင်ရုံ၊ စာမေးပွဲများ အတန်းစဉ်အောင်မြင်ရုံနှင့် ကျောင်းသား တာဝန်ပြီးပြည့်စုံသည်မမည်သေးပေ။ ကျောင်းစာနှင့်ဘဝ မပေါင်းစပ်နိုင်သရွေ့ ကျောင်းသား၏ အတွေးအခေါ်မြင့်မားလာသည်မဟုတ်သေးကြောင်း ကျောင်းဆရာလည်းဖြစ်၊ ကဗျာစာဆိုလည်းဖြစ်သော ဆရာ စလင်းခင်မောင်ရည်က “ဆရာမှ သူ၏ ကျောင်းသားများသို့” ကဗျာတွင်-

“လက်တွေ့မပါ၊ ကျောင်းသင်စာကို
အာဂုံလွတ်ရ၊ ဆောင်ရုံမျှနှင့်
ငါ့တာဝန်လုံ၊ ပြီးပြည့်စုံဟု
တော်ရုံအမြင်မတိမ်နှင့်” ဟု စတင်ဖွဲ့ဆိုလိုက်ပါသည်။

မြန်မာကျောင်းသားနှင့် ကျောင်းသားမိဘများ (အများစု)တို့၏ ပညာရေးအပေါ် သဘောထားမှုမှာ အခြေခံအားဖြင့် အတန်းစဉ်စာမေးပွဲအောင်မြင်ရမည်။ အောင်မြင်ခြင်းက ရိုးရိုးအောင်မြင်သည်ထက် အမှတ်ကောင်းကောင်း ဂုဏ်ထူးများများဖြင့် အောင်မြင်ရမည်။ ပညာရေးကို ဈေးတွက်တွက်၍ အမြတ်ကြီးကြီး ရလိုကြသည်။ အခြေခံပညာတွင် ထိုရည်ရွယ်ချက်က စွဲစွဲမြဲမြဲ အမြစ်တွယ်ခဲ့သည်မှာလည်း အတန်ကြာခဲ့ပြီ။ တစ်ခေတ်တစ်ခါက သိပ္ပံပညာကို ဦးစားပေးရမည်ဟူသော မျှော်မှန်းချက်ဖြင့်တည်ဆောက်ခဲ့ရာ သိပ္ပံကျောင်းသား၊ ကျောင်းသူများသာများလာပြီး ဝိဇ္ဇာဘာသာရပ်များ အရေးနိမ့်ခဲ့ဖူးသည်။ နှစ်ပေါင်းများစွာကြာမှ တိုင်းပြည်တည်ဆောက်ရာတွင် ဝိဇ္ဇာပညာရပ်များကလည်း လိုအပ်လျက်ရှိနေကြောင်း နားလည်လာရသည်။ လေ့လာသင်ကြားရန် ညွှန်းဆိုလာရ၊ ပြဋ္ဌာန်းလာရသည်မှာလည်း ပညာရေးနှင့် မကင်းနိုင်သူများအားလုံး အသိပင်ဖြစ်သည်။ ထိုအချက်ကို ဆရာ စလင်းခင်မောင်ရည်က ကြိုတင်သိမြင်သတိပေးခဲ့သည်ဟု ယူဆနိုင်ပါလိမ့်မည်။ သိပ္ပံဦးစားပေးချိန်တွင် သိပ္ပံဟု တိုက်ရိုက်မဆို။ သိပ္ပံဘာသာရပ်တွင် မပါမဖြစ်သော သင်္ချာအတွက်ပုစ္ဆာဟု သွယ်ဝိုက်ညွှန်းဆိုသော-

“အတန်းစဉ်တက်၊ ဂုဏ်ထူးထွက်အောင်
အတွက်ပုစ္ဆာ၊ အဖြေရှာ၍
သင်္ချာဗေဒ၊ ကြေရုံမျှနှင့်
ငါ့တာဝန်လုံ၊ ပြီးပြည့်စုံဟု
တော်ရုံအမြင် မတိမ်နှင့်”ဟု ဆက်လက်ရေးစပ်သတိပေးလိုက်ပါသည်။

ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးခရီးကို နှစ်ပိုင်းခွဲခြားနိုင်ပါသည်။ အများသိပြီးဖြစ်သော အခြေခံနှင့် အဆင့်မြင့်ပညာရေးဖြစ်ပါသည်။ အခြေခံပညာပြီးဆုံးအောင်မြင်လျှင် အဆင့်မြင့်ပညာကို ဆက်လက်သင်ယူဆည်းပူးကြရပြန်ပါသည်။ တစ်ဖန် အဆင့်မြင့်ပညာရေးတွင် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်(ဆေး၊ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး) စသည်တို့နှင့် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ဟူ၍ ခွဲခြားတက်ရောက်ခွင့်ပေးလျက်ရှိသည်။ အထက်တွင် တင်ပြခဲ့သလို တက္ကသိုလ်ဝင်တန်း(ဆယ်တန်း) ရမှတ်ပေါ်မူတည်၍ တက္ကသိုလ်အသီးသီးသို့ တက်ရောက်ကြရပြန်သည်။ ဝါသနာအလျောက် တက်ရောက်သင်ကြားရသော ကျောင်းသား၊ ကျောင်းသူ အလွန်နည်းပါးခဲ့သည်ကို မြင်ရ၊ တွေ့ရ၊ ကြုံရဖူးပါ၏။ ပတ်ဝန်းကျင်တွင် ဆေးမကုသောဘွဲ့ရ ဆရာဝန်များ၊ အင်ဂျင်နီယာအလုပ်မလုပ်ဘဲ စာသင်ကြားနေသူများကို မကြာခဏကြုံဆုံရလေ့လည်းရှိပါသည်။ ဆိုင်ရာတက္ကသိုလ်စာသင်ခန်းထဲတွင် အချိန်ကုန်ရသူများလည်းရှိသည်။ အချိန်ပြည့် စာသင်ခန်းတွင်းမရောက်ဘဲ တက္ကသိုလ်နယ်မြေဝင်းအတွင်းနှင့် စားသောက်ဆိုင်တန်းတွင်သာ အချိန်ဖြုန်းနေသူများကလည်း ပေါများလှပါသည်။ တက္ကသိုလ်တွင် အချိန်ကို အကျိုးရှိစွာ အသုံးမချ၊ တန်ဖိုးမထားကြဘဲ အချိန်တန်လျှင် ဘွဲ့တစ်ခုရရန် လောက်သာ အာရုံစိုက်၍ ဘွဲ့ရပညာမတတ်သူဟု ဆိုရလောက်သူများလည်း ရှိခဲ့ပါသည်။ “လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်”ဟူသော စကားကို အားလုံးသတိမမူခဲ့ကြပါ။ ကျောင်းသား၊ ကျောင်းသူများတွင်သာ တာဝန်ရှိကြသည်မဟုတ်ပါ။ ဆရာ၊ မိဘနှင့် တာဝန်ရှိပုဂ္ဂိုလ်များအားလုံးတွင်လည်း ဆိုင်ရာဆိုင်ရာ တာဝန်အသီးသီးရှိနေကြပါသည်။ ပညာရေးကား တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့်မရပါ။ အားလုံးဆောင်နိုင်မှ အောင်နိုင်မည်မှာလည်း သေချာပါသည်။ ဤနေရာတွင် မိမိနေရာ၊ မိမိဒေသ၊ မိမိတိုင်းပြည်ဟူသော ကျဉ်းမြောင်းသည့်အတွေးဖြင့် တည်ဆောက်မရပါ။ ထို့ကြောင့်ပင် နိုင်ငံတကာ ပညာရေးများကိုလည်း လေ့လာကြရသည်။ ပြည်တွင်းအနေအထားများကိုလည်း ဆန်းစစ်ကြရသည်။ အဟောင်းနှင့်အသစ်ကိုလည်း နှိုင်းယှဉ်လေ့လာကြရပါလိမ့်မည်။ ထိုအချက်ကို ဆရာ စလင်းခင်မောင်ရည်က-

“လေးဘက်ပတ်ခြုံ၊ ကျောင်းနံရံတွင်း
အခန်းကျဉ်း၍၊ ထိုးထွင်းမမြင်
လမ်းမပြင်ဘဲ၊ အမြင်မပြောင်း
ရှေးရိုးဟောင်းနှင့်၊ ကျောင်းမှကင်းလွတ်
သင်ရိုးကျွတ်၍၊ ဘွဲ့ဝတ်စုံရ
အောင်ရုံမျှနှင့်၊ ငါ့တာဝန်လုံ
ပြီးပြည့်စုံမှု၊ တော်ရုံအမြင်မတိမ်နှင့်”ဟု သတိပေးစကားပြောကြားခဲ့ပါသည်။

လူကြီးမိဘများက သားသမီးများကို ပြည့်စုံကုံလုံသောဘဝမျိုးကို မြင်လိုကြသည်။ ထို့ကြောင့်ပင် ဘဝခရီးတစ်လျှောက် အဆင်ပြေချောမွေ့စေရန် ပညာသင်ပေးကြရသည်။ ရှေးက ဆရာများထံ ကန်တော့ပွဲနှင့် အပ်နှံ၍ ပညာသင်စေသည်။ ယခုတိုင် တချို့ကျေးလက်ဒေသများတွင် ကျောင်းစတင်အပ်နှံချိန်တွင် ကန်တော့အပ်နှံလေ့ရှိဆဲပင်။ မိမိ၏ သားသမီးကို ပဲ့ပြင်ဆုံးမပါ။ မကျိုးမပဲ့ရင်ပြီးရော ရိုက်နှက်ဆုံးမနိုင်ပါကြောင်းလည်း တစ်ဆက်တည်းအပ်နှံလေ့လည်းရှိကြသည်။ သို့သော် ပညာရေးသုတေသနရလဒ်များအရ ရိုက်နှက်ဆုံးမခြင်းဆိုင်ရာတွင် အမျိုးမျိုးသော လမ်းညွှန်မှုများအရ နာကျင်အောင် မပဲ့ပြင်သင့်ကြောင်းလည်း မှတ်သားမိပါသည်။ ဆရာ၊ ဆရာမများကိုယ်တိုင်ကလည်း မိမိတပည့်သားသမီးများကို သားသမီးအရင်းအချာသဖွယ် သင်ကြားပို့ချပြုပြင်ပေးလေ့လည်းရှိပါသည်။ မြန်မာစာပေသမိုင်းတစ်လျှောက်လုံးတွင်လည်း ပညာသင်ကြားရေးနှင့် ဆရာ၊ တပည့် ဆက်ဆံရေးဆိုင်ရာ ကျင့်ဝတ်များနှင့် အဆုံးအမများကို စာပေပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ခေတ်အဆက်ဆက် ရေးသားလမ်းညွှန်မှုများစွာလည်း ရှိနေပါသည်။ ကျောင်းသင်ခန်းစာများတွင်လည်း ထည့်သွင်းသင်ကြားလာသည်မှာလည်း ယခုတိုင်ဖြစ်ပါသည်။

ကျောင်းသင်ပညာရေးတွင် ကျောင်းစာနှင့်အတူ ဘဝအတွက် ပြင်ဆင်စရာများကိုလည်း သင်ကြားရသည်ဖြစ်ရာ စာတွေ့၊ လက်တွေ့ နှစ်ခု ယှဉ်တွဲပါမှ ပိုမိုကောင်းမွန်သော ပညာသင်ကြားမှုဖြစ်နိုင်သည်မှာ သေချာပါသည်။ လက်တွေ့သင်ခန်းစာက စာတွေ့သင်ခန်းစာကို အမှီပြု၍ ကျယ်ဝန်းသောပညာ ရှာမှီးမှုကို ဆောင်ရွက်ရစမြဲလည်းဖြစ်သည်။ ပညာသင်ကြား၍ မိမိ မိသားစု၊ ရပ်ရွာ၊ နိုင်ငံသာမက လူ့ဘောင်ကောင်းကျိုးဆောင်ရွက်နိုင်ကြရာတွင် ပညာဆီမီးဖြင့် လောကအမှောင်ခွင်းကြရသည်။ ပညာတတ်ရုံသာမက ခန္ဓာကိုယ်ကြံ့ခိုင်ကျန်းမာရန်လည်း အရေးကြီးသည်။

“အာရောဂျ ပရမံလာဘံ”ဟူသော ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်ကြောင်း ဘုရားဟောရှိသည်ကိုလည်း ဗုဒ္ဓဘာသာဝင်တိုင်း သိရှိနားလည်ကြသည်။ ကိုယ်ခန္ဓာကျန်းမာရုံနှင့်မပြီးသေး။ စိတ်ဓာတ်ကြံ့ခိုင်ရန်ကလည်း အထူးအရေးပါလျက်ပင်။ ယနေ့ကမ္ဘာ့လူသားများတွင် လိုအင်ဆန္ဒမပြည့်ဝမှုကြောင့် စိတ်ကျန်းမာရေးချို့တဲ့သူ၊ စိတ်ရောဂါအမျိုးမျိုးကို ခံစားရသူများ များပြားလာလျက်ရှိသည်။ ကိုယ်ခန္ဓာခိုင်သော်လည်း စိတ်ဓာတ်ယိမ်းယိုင်ပါလျှင် လုပ်ငန်းဆောင်တာမှန်သမျှ ပြီးမြောက်နိုင်မည်မဟုတ်ပေ။

လမ်းဟောင်းနှင့်လမ်းသစ်ဆိုသည်မှာ ကွာခြားစမြဲဖြစ်ပါသည်။ လမ်းဟောင်းမကောင်းလျှင် လမ်းသစ်ဖောက်ကြရသည်မှာလည်း သဘာဝတရားတစ်ခုဟု ဆိုနိုင်ပါလိမ့်မည်။ လူကြီး၊လူငယ်မရွေး လမ်းဖောက်၍ လမ်းလျှောက်ကြရာတွင် သူ့တာဝန်နှင့်သူ တာဝန်ကျေပွန်ကြရပေလိမ့်မည်။ သို့မှသာ တိုင်းပြည်အတွက် သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်လာမည့်အကြောင်းကို-

“ကျောင်းစာလည်းကျက်၊ အပြင်ထွက်၍
လက်တွေ့စာတွေ့၊ စွယ်စုံလေ့ပါ
ခေတ်ရေ့ချီတက်၊ ပြည့်ဝန်ရွက်ရန်
ကိုယ်လက်ကျန်းခံ့၊ စိတ်ဓာတ်ကြံ့၍
ဉာဏ်ဖွင့်ရှင်သန်၊ လမ်းသစ်ဖန်မှ
တာဝန်ကျေပွန်၊ လုပ်အားသွန်သည့်
ပြည်မွန်သားကောင်း ဖြစ်လိမ့်တကား”ဟူ၍ အဆုံးသတ်လိုက်ပါသည်။ ခေတ်တစ်ခေတ်ကို ကိုယ်စားပြုသယောင်ရှိသော်လည်း ခေတ်မရွေးတဲ့ ကဗျာတစ်ပုဒ်အဖြစ် ယူလျှင်လည်း သင့်တော်သည့် ကဗျာကောင်းဟု မြင်မိပါကြောင်း။ ။

❖ ကျောင်းသင်ပညာရေးတွင် ကျောင်းစာနှင့်အတူ ဘဝအတွက် ပြင်ဆင်စရာများကိုလည်း သင်ကြားရသည်ဖြစ်ရာ စာတွေ့၊ လက်တွေ့ နှစ်ခုယှဉ်တွဲပါမှ ပိုမိုကောင်းမွန်သော ပညာသင်ကြားမှုဖြစ်နိုင်သည်မှာ သေချာပါသည်။ လက်တွေ့သင်ခန်းစာက စာတွေ့သင်ခန်းစာကိုအမှီပြု၍ ကျယ်ဝန်းသောပညာ ရှာမှီးမှုကို ဆောင်ရွက်ရစမြဲလည်းဖြစ်သည်။ ပညာသင်ကြား၍ မိမိ မိသားစု၊ ရပ်ရွာ၊ နိုင်ငံသာမက လူ့ဘောင်ကောင်းကျိုး ဆောင်ရွက်နိုင်ကြရာတွင် ပညာဆီမီးဖြင့် လောကအမှောင်ခွင်းကြရသည်။ ❖

## မြဝတီမြို့နယ် သံပုရာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မြဝတီ နိုဝင်ဘာ ၂၄**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံပုရာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ သံပုရာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်သူရက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

သံပုရာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဆဋ္ဌမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၄ ဦးကို ငွေကျပ် ၃၂၆ သိန်းထုတ်ချေးပေးထားကြောင်း မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ပြောပြ၍ သိရသည်။

သုသု

# တူရကီနိုင်ငံအနောက်ပိုင်း ဒက်စီမြို့အနီး မြေငလျင်လှုပ်ခတ်မှုဖြစ်ပွား



**အင်္ကာရာ နိုဝင်ဘာ ၂၄**

တူရကီနိုင်ငံ အနောက်ဘက်ပိုင်းရှိ ဒက်စီမြို့အနီးတွင် နိုဝင်ဘာ ၂၃ ရက်နံနက် ၄ နာရီ ၈ မိနစ်က ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး မြေငလျင်လှုပ်ခတ်မှုကြောင့် လူနေအိမ်ခြေတချို့နှင့် အဆောက်အအုံတချို့ ပျက်စီးခဲ့ကြောင်း တူရကီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု BNO News သတင်းဌာနက နိုဝင်ဘာ ၂၃ ရက်က ရေးသားဖော်ပြခဲ့သည်။

မြေငလျင်ပြင်းအားများခဲ့သည့်အတွက် မြေငလျင်လှိုင်းသည် အစ္စတန်ဘူးလ်မြို့နှင့် အန်ကာရာမြို့ထိ ရောက်ရှိခဲ့ပြီး ဒက်စီမြို့တွင် မြေငလျင်ကြောင့် ဒေသခံ ၂၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ မြေငလျင်သည် ဒက်စီမြို့နှင့် ၁၄ ကီလိုမီတာအကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မြေငလျင်ကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများလည်း ဖြစ်ပေါ်နေကြောင်း၊ တူရကီကျန်းမာရေးဝန်ကြီးဌာနကလည်း မြေငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို ဒက်စီဆေးရုံကြီးတွင် ဆေးကုသမှုပြုလုပ်ပေးနေကြောင်း ဒက်စီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

“နိုဝင်ဘာ ၂၃ ရက် နံနက် ၄ နာရီ ၈ မိနစ်မှာ ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိတဲ့ မြေငလျင်လှုပ်ခတ်ခဲ့ပါတယ်။ မြေငလျင်ဟာ ဒက်စီမြို့အနောက်ဘက်ပိုင်း ၁၄ ကီလိုမီတာအကွာကနေ ဗဟိုပြုလှုပ်ခတ်ခဲ့တာဖြစ်ပါတယ်။ မြေငလျင်ပြင်းအားများတဲ့အတွက် လူနေအိမ်ခြေတချို့နဲ့ အဆောက်အအုံတချို့ ပျက်စီးခဲ့ပါတယ်။ မြေငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၂ ယောက်ရှိခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူတွေကို ဆေးရုံကြီးမှာပဲ ဆေးကုသမှုတွေပြုလုပ်ပေးနေပါတယ်။ ဒဏ်ရာအခြေအနေတွေကလဲ စိုးရိမ်စရာအခြေအနေမျိုး မဟုတ်ပါဘူး။ မြေငလျင်ကြောင့် လျှပ်စစ်မီးပြတ်တောက်မှုတွေဖြစ်ပေါ်နေပါတယ်” ဟု ဒက်စီမြို့တော်ဝန် အိုဇလူက ပြောကြားခဲ့ကြောင်း သိရသည်။

**နိုင်းဆက်**

# အာဖရိကဦးချိုဒေသ မိုးခေါင်ရေရှားမှုပြေရှင်းရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၇ ဘီလီယံလိုအပ်

**ရောမ နိုဝင်ဘာ ၂၄**

လာမည့် ခြောက်လအတွင်း အာဖရိက ဦးချိုဒေသဖြစ်သော ကင်ညာ၊ အီသီယိုးပီးယား၊ ဆိုမားလီးယားနိုင်ငံတို့တွင် မိုးခေါင်ရေရှားမှု၏သက်ရောက်မှုကြောင့် အဆိုပါ သုံးနိုင်ငံအတွက် ဆောင်ရွက်ပေးရမည့် မိုးခေါင်ရေရှားမှုအခက်အခဲ ဖြေရှင်းရန် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၇ ဘီလီယံ လိုအပ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)က နိုဝင်ဘာ ၂၃ ရက်က ပြောကြားခဲ့ကြောင်း China Daily သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

အဆိုပါ သုံးနိုင်ငံတွင် မိုးခေါင်ရေရှားမှု၏ သက်ရောက်မှုကြောင့် လူပေါင်း ၂၂ သန်း စားနပ်ရိက္ခာမလောက်ငမှုနှင့် အာဟာရချို့တဲ့မှုမြင့်မားလာကြောင်း WFP က ပြောကြားခဲ့ပြီး ၎င်းနိုင်ငံများတွင် ဆောင်ရွက်လျက်ရှိသော မိုးခေါင်ရေရှားမှုအခက်အခဲ ဖြေရှင်းရေးလုပ်ငန်းများအတွက် လာမည့် ခြောက်လအတွင်း ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၇ ဘီလီယံ လိုအပ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

WFP ၏ အဆိုအရ အာဖရိကဦးချိုဒေသရှိရပ်ရွာများသည် ငတ်မွတ်ခေါင်းပါးခြင်းခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေရပြီး ယခုနှစ်အောက်တိုဘာလမှ ဒီဇင်ဘာလထိ မိုးခေါင်ရေရှားမှုသက်ရောက်မှု ပိုမိုဆိုးရွားလာဖွယ်ရှိကြောင်း သိရသည်။

အဆိုပါဒေသများတွင် ပံ့ပိုးရေးလုပ်ငန်းများ လိုအပ်ချက်မြင့်မားလာနိုင်သည့် အလားအလာများကို မြင်တွေ့နေရပြီး အခြေအနေကို ဆက်လက် ထိန်းသိမ်းရန်အတွက် အတိုင်းအတာတစ်ခုထိ ရန်ပုံငွေကို တိုးမြှင့်ရန်လိုအပ်ကြောင်း WFP ၏ မိုးခေါင်ရေရှားမှု အခြေအနေဆိုင်ရာအစီရင်ခံစာ၌ ဖော်ပြထားသည်။

မိုးခေါင်ရေရှားမှုကြောင့် တိရစ္ဆာန်ဆုံးရှုံးခြင်းနှင့် ကုန်ထုတ်စွမ်းအားကျဆင်းခြင်းသည် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ပျက်စီးစေပြီး ယခုနှစ်အတွင်း အဆိုပါသုံးနိုင်ငံ၏ မိုးခေါင်ရေရှားမှုဒဏ်ခံရသော ဒေသများတွင် အနည်းဆုံး တိရစ္ဆာန်ကောင်ရေ ၉ ဒသမ ၂ သန်း သေဆုံးခဲ့ကြောင်း သိရသည်။

WFP အနေဖြင့် အဆိုပါဒေသများရှိ ကျေးရွာများ၏ ရာသီဥတုသက်ရောက်မှုကို ခံနိုင်ရည်ရှိမှုနှင့် လိုက်လျောညီထွေရှိသော စွမ်းရည်များကို မြှင့်တင်ပေးရန် ကြားဝင်ဆောင်ရွက်ပေးခြင်းလုပ်ငန်းများ၌ ပါဝင် ဆောင်ရွက်ပေးလျက်ရှိပြီး ရပ်ရွာများ ပိုမိုလျှင်မြန်စွာပြန်လည်ကောင်းမွန်လာစေရန် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်ဟု WFP ၏ အစီရင်ခံစာ၌ ဖော်ပြထားကြောင်း သိရသည်။

**AZH**

# အီရန်နိုင်ငံ တီဟီရန်မြို့တွင် လေထုညစ်ညမ်းမှုကြောင့် ကျောင်းများကို တစ်ရက်တာပိတ်ထားခဲ့ရ

**တီဟီရန် နိုဝင်ဘာ ၂၄**

အီရန်နိုင်ငံ တီဟီရန်မြို့တော်တွင် အန္တရာယ်ရှိသော လေထုအရည်အသွေးညစ်ညမ်းမှုကြောင့် ကျောင်းများကို တစ်ရက်တာပိတ်ရန် အစိုးရက ကြေညာခဲ့ကြောင်း အေပီသတင်းဌာနက နိုဝင်ဘာ ၂၃ ရက်က ရေးသားဖော်ပြထားသည်။

တီဟီရန်မြို့တွင် အန္တရာယ်ရှိသော လေထုအရည်အသွေးညစ်ညမ်းမှုကြောင့် ကျောင်းအားလုံး နိုဝင်ဘာ ၂၃ ရက်က ပိတ်ထားခဲ့ရကြောင်း နိုင်ငံပိုင်ရုပ်သံများမှ တစ်ဆင့်ကြေညာခဲ့ခြင်းဖြစ်သည်။

လူဦးရေ ၁၀ သန်းကျော်နေထိုင်သော တီဟီရန်မြို့တွင် လွန်ခဲ့သော နှစ်ရက်ကတည်းက လေထုညစ်ညမ်းမှုကြောင့် မူလတန်းကျောင်းများကို ပိတ်ထားခဲ့ပြီး ယခုအခါ လေထုညစ်ညမ်းမှုအခြေအနေ ပိုမိုဆိုးရွားလာသဖြင့် နိုဝင်ဘာ ၂၃ ရက်က ကျောင်းအားလုံးပိတ်ခဲ့ရခြင်းဖြစ်ကြောင်း ကြေညာခဲ့ပြီး ကျောင်းသားများကို အွန်လိုင်းမှ တစ်ဆင့် စာသင်ကြားခြင်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း



သိရသည်။

အီရန်နိုင်ငံသည် ကမ္ဘာပေါ်၌ လေထုညစ်ညမ်းမှုအရှိဆုံးနိုင်ငံများထဲတွင် ပါဝင်လျက်ရှိပြီး လေထုညစ်ညမ်းမှုကြောင့် ကျောင်းများကို မကြာခဏပိတ်ရလေ့ရှိကာ မီးခိုးမြူများသည် အများအားဖြင့် ယာဉ်ကြောပိတ်ဆို့မှုအပြင် စက်ရုံများမှထုတ်လွှတ်သော မီးခိုးမြူများကြောင့် ဖြစ်ပွားလေ့ရှိပြီး အအေးပိုင်းကာလတွင် ပိုမိုဆိုးရွားလေ့ရှိကြောင်း သိရသည်။

တီဟီရန်မြို့သည် တောင်ကုန်းများဝန်းရံလျက်ရှိရာ အေးမြသောလေသည် ချိုင့်ဝှမ်းအတွင်း၌သာ ပြန်လည် ဝင်ရောက်လေ့ရှိသဖြင့် လေထုညစ်ညမ်းမှုကို ပိုမိုဆိုးရွားစေသော အချက်တစ်ချက်ဖြစ်ကြောင်း သိရသည်။

တီဟီရန်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ဇူလိုင်လကလည်း သဲမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် တီဟီရန်မြို့နှင့် အခြားမြို့များအပြားတွင် စာသင်ကျောင်းများနှင့်အစိုးရကျောင်းများကို ပိတ်ထားခဲ့ရကြောင်း သိရသည်။ **AZH**

# ရေအားလျှပ်စစ်ထုတ်လုပ်မှုကျဆင်းသွားသဖြင့် တန်ဇန်းနီးယား၌ လျှပ်စစ်ဓာတ်အားခွဲတမ်းဖြင့်ပေးနေ

**ဒါရက်စ်ဆလမ် နိုဝင်ဘာ ၂၄**

မိုးခေါင်ရေရှားမှုကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု ကျဆင်းသွားသဖြင့် လျှပ်စစ်ဓာတ်အားကို ခွဲတမ်းစနစ်ဖြင့် ပေးနေရကြောင်း တန်ဇန်းနီးယားနိုင်ငံပိုင် ကုမ္ပဏီက နိုဝင်ဘာ ၂၃ ရက်က ကြေညာခဲ့သည်ဟု AFP သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အရှေ့အာဖရိက နိုင်ငံတစ်နိုင်ငံဖြစ်သော တန်ဇန်းနီးယားနိုင်ငံသည် ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့နှင့် အခြားနည်းလမ်းများဖြင့် လျှပ်စစ်ဓာတ်အား ၁၆၉၅ မဂ္ဂါဝပ်ခန့် ထုတ်လုပ်၍ နိုင်ငံတစ်ဝန်း ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

သို့သော် လက်ရှိတွင် မိုးခေါင်ရေရှားမှုကြောင့် မဂ္ဂါဝပ် ၃၀၀ မှ ၃၅၀ ကြား ဓာတ်အားပြတ်လပ်မှုနှင့် ရင်ဆိုင်နေရပြီး မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် နိုင်ငံအရှေ့တောင်ဘက် မိုရိုဂိုရိုဒေသရှိ Kihansi ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှာလည်း ဓာတ်အားမဂ္ဂါဝပ် ၁၈၀ ထုတ်လုပ်ရာမှ ၁၇ မဂ္ဂါဝပ်ထိ ကျဆင်းခဲ့ရကြောင်း တန်ဇန်းနီးယားနိုင်ငံပိုင် လျှပ်စစ်ထောက်ပံ့ရေးကုမ္ပဏီလီမိတက်(Tanesco)မှ မန်နေးဂျင်းဒါရိုက်တာ Maharage Chande က ပြောကြားခဲ့သည်။

လျှပ်စစ်ဓာတ်အား ပြတ်တောက်ရခြင်းမှာ နှစ်ရှည်လများ မိုးခေါင်ရေရှားမှုကြောင့် ရေအားလုံလောက်စွာမရရှိ၍ စက်များ မလည်ပတ်နိုင်ခြင်းနှင့် အချို့သောနေရာများတွင် စက်ရုံထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း တန်ဇန်းနီးယား စီးပွားရေးမြို့တော် Dares Salaam တွင် သတင်းထောက်များနှင့်တွေ့ဆုံစဉ် Chande က ပြောကြားခဲ့သည်။

အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အားရရှိရေး တွန်းအားပေးလျက်ရှိပြီး အငြင်းပွားမှုများဖြစ်ပေါ်နေသည့် Selous Game Reserve ဒေသရှိ Julius Nyerere ရေကာတာစီမံကိန်းအပါအဝင် ရေအားလျှပ်စစ်ကဏ္ဍကို မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**AZH**

# ဘော်လ်ကန်ကျွန်းဆွယ်တွင် ရေကြီးရေလျှံမှုကြောင့် လူ ခြောက်ဦးသေဆုံး

**တိရာနာ နိုဝင်ဘာ ၂၄**

ဥရောပအရှေ့တောင်ဘက်ပိုင်းရှိ ဘော်လ်ကန်ကျွန်းဆွယ်တွင် ရေကြီးရေလျှံမှုကြောင့် လူခြောက်ဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ဘော်လ်ကန်ကျွန်းဆွယ် အာဏာပိုင်အဖွဲ့အစည်းကထုတ်ပြန်ခဲ့ကြောင်း Fox News သတင်းဌာနက နိုဝင်ဘာ ၂၃ ရက်က ရေးသားဖော်ပြခဲ့သည်။

ရေမြုပ်နေသည့် လူနေအိမ်ခြေ ၆၀၀ ခန့်ထိရှိနေပြီး ဒေသခံများကိုလည်း ကယ်ဆယ်ရေးဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များပူးပေါင်းက ဘေးလွတ်ရာရွှေ့ပြောင်းရန် အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားထားကြောင်း၊ ရေကြီးရေလျှံမှုသည် နိုဝင်ဘာ ၂၀ ရက်မှစတင်၍ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မြစ်ရေလျှံတက်မှုများကြောင့် ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားလာခြင်းဖြစ်သည်။ ရေကြီးရေလျှံမှုကြောင့် စိုက်ကေပေါင်းများစွာ ရေမြုပ်နေပြီး စိုက်ပျိုးရေးကဏ္ဍတွင်လည်း ကြီးမားသည့်ဆုံးရှုံးမှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည်။ ဘော်လ်ကန်ကျွန်းဆွယ်နှင့် ထိစပ်နေသော ဥရောပနိုင်ငံများအနက် ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာရင်ဆိုင်နေရသည့်နိုင်ငံများမှာ မွန်တီနီဂရိုးနိုင်ငံ၊ ဆားဘီးယားနိုင်ငံ၊ အယ်လ်ဘေးနီးယားနိုင်ငံတို့ဖြစ်သည်။


“ရေကြီးရေလျှံမှုကြောင့် ကျွန်းဆွယ်တစ်ခုလုံး အတိုင်းအတာနဲ့ ရေဘေးဒဏ်သင့်နေပါတယ်။ ရေမြုပ်နေတဲ့ လူနေအိမ်ခြေ ၆၀၀ လောက်ရှိနေပြီး ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူ ခြောက်ယောက်ရှိနေပါတယ်။ စိုက်ခင်းဧရိယာတော်တော်များများ ရေမြုပ်သွားတယ်။ စိုက်ပျိုးရေးကဏ္ဍအနေနဲ့ ကြီးမားတဲ့ဆုံးရှုံးမှုတွေနဲ့ရင်ဆိုင်သွားရဖွယ်ရှိနေပါတယ်။ ရေမြုပ်နေတဲ့ လူနေအိမ်ခြေ ၆၀၀ လောက်က ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်။ လျှပ်စစ်မီးပြတ်တောက်မှုတွေလဲဖြစ်ပေါ်နေပါတယ်။ ရေဘေးအန္တရာယ်တည်ငြိမ်သွားမှပဲ လျှပ်စစ်မီးပြန်လည်ရရှိဖို့ ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်” ဟု ဘော်လ်ကန်ကျွန်းဆွယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**နိုင်းဆက်**

0w Kw d @

# အဆင့်အတန်း

စိုင်းသူ(ဝညာရေး)



(၁)

"ပြောင်းဖူးပြုတ် ပူပူလေး"

"ဟဲ့ သမီးရေ သမီး မြန်မြန်လာစမ်း"

"ဟုတ်မေမေ ဘာဖြစ်လို့လဲ"

"ဟိုမှာကြည့်စမ်း။ ပြောင်းဖူးပြုတ်ရောင်းနေတဲ့ ကောင်မလေးက သမီးတို့အတန်းထဲကမဟုတ်လား"

"ဟုတ်တယ် မေမေ။ အဲဒါ သူဇာခင်လေ"

"အင်း မေမေထင်တော့ထင်သားပဲ။ ကဲ. . . မေမေပြောမယ်။ အဲဒီလိုလူမျိုးနဲ့ အပေါင်းအသင်း မလုပ်ရဘူးနော်။ ကိုယ်ပါသူတို့ကြောင့် ရောပြီးသိက္ခာကျမယ် ကြားလား"

အိမ်ရှေ့တွင် သမီးဖြစ်သူကို ပြောဆိုနေသော ဇနီးသည်အားကြည့်ပြီး ကိုအောင်ထွန်းစိတ်ပျက်မိသည်။ ဖတ်လက်စသတင်းစာကို ခုံပေါ်သို့တင်လိုက်ပြီး ဇနီးသည် ချိုမာနှင့် ဆယ်နှစ်အရွယ်သမီးဖြစ်သူ သဲသဲတို့အနားသို့ သွားလိုက်သည်။

"ချိုမာ ကလေးကို ဘာတွေပြောနေတာလဲကွာ။ ကလေးကို အဲဒီလိုမျိုးတွေမသင်ပါနဲ့"

"ဩော်. . . ကိုအောင်ထွန်းရယ်။ မပြောလို့ ရမလား။ ကိုယ့်အဆင့်အတန်းနဲ့ကိုယ်လေ။ အဆင့်အတန်းမရှိတဲ့သူတွေနဲ့ အပေါင်းအသင်းလုပ်တဲ့သူက ရောအဆင့်အတန်းရှိပါ့မလားရှင် စဉ်းစားကြည့်ပါအုံး"

"အဆင့်အတန်းဆိုတာဘာလဲ၊ အဆင့်အတန်းကို ဘာနဲ့တိုင်းတာမလဲ။ မင်းပြောတဲ့အတိုင်းဆိုရင် ဆင်းရဲတဲ့သူတိုင်း အဆင့်အတန်းမရှိသလိုဖြစ်နေပြီ"

"ရှင်ပဲ သူတော်ကောင်းလုပ်နေလိုက်တော့ ကိုအောင်ထွန်းရေ။ ကိုယ့်ရဲ့ပုံရိပ် ကောင်းဖို့ဆိုတာ ကိုယ်နဲ့ပေါင်းတဲ့သူရဲ့အဆင့်အတန်းနဲ့ဆိုင်တယ်ရှင့်။ ကဲ. . . လာ သမီး အခန်းထဲသွားမယ်"

သမီးကိုလက်ဆွဲခေါ်ပြီး အိမ်ခန်းထဲသို့ ဝင်သွားသော ဇနီးသည်ကို စိတ်ပျက်စွာကြည့်ရင်း သက်ပြင်းချမိသည်။ သူရော ချိုမာပါ အဆင်ပြေသောမိသားစုများက ပေါက်ဖွားလာခြင်းဖြစ်ပေမဲ့ စိတ်ဓာတ်တော့ မတူညီပေ။

သူသည် လူတိုင်းနှင့်အဆင်ပြေအောင် နေထိုင်ပေါင်းသင်းတတ်သည်။ ချိုမာကတော့ သူနှင့် ကြွယ်ဝမှုမတိမ်းမယိမ်းရှိသောသူများနှင့်သာ ပေါင်းသင်းဆက်ဆံခဲ့သည်။ ဆင်းရဲချို့တဲ့သောသူများနှင့် လုံးဝအပေါင်းအသင်းမလုပ်ပေ။ ချစ်သူဘဝကတည်းက ယခုထိပင် ချိုမာ၏အကျင့်မပြောင်းလဲခဲ့ပေမဲ့ သမီးလေးသဲသဲဆီကိုတော့ အကျင့်ဆိုးများမပါဖြစ်အောင် သူကြိုးစားရမည်။

ထို့ကြောင့်လည်း သမီးလေးကို ချိုမာ၏ နောက်ကွယ်တွင် မှန်ကန်သောဆိုဆုံးမမှုများဖြင့် မွမ်းမံပေးခဲ့သည်။

(၂)

"သမီး ကျောင်းရောက်ရင် ကိုယ်နဲ့ အဆင့်အတန်း မတူတဲ့သူနဲ့ မပေါင်းရဘူးနော်။ ထမင်းစားရင်လဲ အန်တီချယ်ရီသမီးစန္ဒီနဲ့ပဲစားနော်"

"ဟုတ်ကဲ့မေမေ။ ဟော မေမေ ဟိုမှာ ကျောင်းကားလာပြီ။ သမီးသွားတော့မယ်နော်။ မေမေ တာ့တာ ဖေဖေတာ့တာ"

ဇနီးသည်ချိုမာ၏ သမီးလေးကိုပြောနေကျစကားများကို မကြားချင်ယောင်ဆောင်နေပေမဲ့ နှုတ်ဆက်နေသော သမီးလေးကို လက်ပြရင်း ပြုံးပြလိုက်သည်။ ထို့နောက် ဖတ်လက်စသတင်းစာကို ဖတ်ရန်ပြင်နေတုန်းမှာပင် ချိုမာသည် သူ့နံဘေးထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

"ကိုအောင်ထွန်း ကျွန်မမေးစရာရှိလို့"

"မေးလေ ဘာဖြစ်လို့လဲ"

"မနေ့က လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာထိုင်သေးတယ်ဆို"

"အေးလေ ထိုင်တယ်လေ ဘာဖြစ်လို့လဲ"

"ဩော်. . . ကိုအောင်ထွန်းရယ် ကိုယ့်အဆင့်အတန်းနဲ့ ကားကြီးကိုဘေးထိုးပြီး လမ်းဘေးဆိုင်ထိုင်တော့ သူများအထင်သေးတာပေါ့ရှင်။ ကိုယ့်အဆင့်အတန်းနဲ့ ဆိုင်ကောင်းကောင်းကိုသွားလို့ရနေတာပဲ"

ချိုမာ့ပြောစကားကြောင့် ဘဝင်မကျမိသည်မှာ အမှန်ပင်။ ဖတ်လက်စသတင်းစာကို ခုံပေါ်တင်လိုက်ပြီး အသင့်ငှဲ့ထားသော ရေနွေးကိုသောက်လိုက်သည်။

"ကဲ. . . ချိုမာ အဲဒီလောက်ထိလဲ မခွဲခြားပါနဲ့ကွာ။ မင်းပြောပုံအရ ငါကော သမီးလေးပါ ခြေချစရာနေရာမရှိတော့ဘူးဖြစ်နေပြီ။ သမီးလေးရဲ့ကလေးဘဝလွတ်လပ်ခွင့်တွေကို မပိတ်ပင်ပါနဲ့ကွာ"

"ရှင့်ပြောလိုက်ရင် ဒီအတိုင်းချည်းပဲ။ အရာရာတိုင်းက ဒူးနေရာဒူး တော်နေရာတော်ထားရတယ်"

"အေးပါ ဒါဆိုလဲ ငါ့ပွဲရုံက အဆင့်အတန်းမရှိဘူးလို့ မင်းပြောတဲ့အလုပ်သမားဝန်ထမ်းတွေကို အကုန်ဖြုတ်ပြီး မင်းရဲ့အဆင့်အတန်းရှိတဲ့အပေါင်းအသင်း ဂုဏ်သရေရှိတွေကိုကုန်ထမ်းဖို့ အလုပ်ခန့်မယ်။ သူတို့တွေအလုပ်လာလုပ်တော့ ငါလဲ ဂုဏ်တက်တာပေါ့ဟာ"

"အဲဒီလိုပဲ ကတ်သီးကတ်သတ်ပြော ဟွန်း"

သူ့ပြောစကားကြောင့် ချိုမာစိတ်ဆိုးပြီး ထထွက်သွားသည်။ သူလည်း ဘာမှဆက်မပြောနေတော့ဘဲ သက်ပြင်းကိုသာချလိုက်တော့သည်။

(၃)

ချိုမာ့ဆီက ဖုန်းဝင်လာပြီးသည်နှင့်တစ်ပြိုင်နက် လုပ်လက်စအလုပ်ကိုထားခဲ့ပြီး ကားကိုယူကာ ဆေးရုံသို့အမြန်မောင်းလိုက်တော့သည်။

သမီးလေးကျောင်းတွင် လှေကားပေါ်က မတော်တဆပြုတ်ကျပြီး ဆေးရုံသို့ ရောက်နေသည်ဖြစ်ကြောင်း ချိုမာလှမ်းပြောခြင်းဖြစ်သည်။ ဖုန်းဆက်စဉ်က ချိုမာသည်ငိုကြွေးနေသည်။ သူလည်း အတော်စိတ်ပူနေမိသည်။ မစိုးရိမ်ရဘူးဆိုပေမဲ့ မိဘများဖြစ်သည့်အတွက် သားသမီးဇောက ရှိသေးသည်လေ။ ဆေးရုံရောက်သည်နှင့် အရေးပေါ်ဆောင်သို့ အမြန်ပြေးသွားလိုက်သည်။

"ချိုမာ သမီးလေးကော ချိုမာ။ သမီးလေး ဘယ်လိုနေသေးလဲ"

"မစိုးရိမ်ရဘူးကိုအောင်ထွန်း။ ဒါပေမဲ့ သမီးလေးက နဂိုကတည်းက သွေးအားနည်းရောဂါရှိတယ်လေ။ အခုသွေးထွက်လွန်သွားတော့ သွေးသွင်းဖို့လိုနေတယ်။ အေဘီသွေးကလဲ ဆေးရုံမှာရှားတော့ သွေးလှူမဲ့သူရှာရမယ်တဲ့"

"ဟာ ကိုလဲ အေဘီလေ ကို့သွေး သမီးလေးအတွက်ပေးမယ်"

"ဆရာဝန်ကပြောတယ် မိသားစုဝင်အချင်းချင်း သွေးသွင်းရင် ကြားခံရောဂါတွေဖြစ်ဖို့ လွယ်ကူတယ်တဲ့၊ အရင်ဆုံးရှာကြည့်ပါတဲ့ မရမှ မဖြစ်မနေအချိန်ဆိုမှ သွင်းပါတဲ့"

"ဟာ ဒါဆို ချိုမာ့သူငယ်ချင်း ချယ်ရီတို့၊ မာလာတို့ကော အေဘီပဲ မဟုတ်လား။ တစ်ခါပါတီပွဲတစ်ခုမှာ သူတို့ကပြောဖူးတယ်လေ"

"ဟုတ်တယ် သူတို့ကိုဆက်ပြီးပြီ အင်းမလှုပ် အဲမလှုပ်နဲ့ အခုဖုန်းဆက်တာတောင် စက်တွေပိတ်ထားကြတယ်"

ချိုမာ့စကားကြောင့် စိတ်ထဲမကျေမနပ်ဖြစ်ခဲ့ရသည်။ အရေးကြုံတော့မှ မိတ်ဆွေကောင်းတွေမဟုတ်မှန်းသိလိုက်ရသည်။ ထိုစဉ် သူတို့အနားသို့ ဆေးရုံမှ သန့်ရှင်းရေးဝန်ထမ်းဦးလေးကြီးရောက်လာပြီး ပြောလေတော့သည်။

"ကျွန်တော်လဲ အေဘီသွေးပါ။ ကလေးမလေး အတွက် ကျွန်တော်သွေးလှူပါရစေ"

မထင်မှတ်သောစကားကြောင့် သူတို့နှစ်ယောက် ဝမ်းသာမှုများဖြစ်ခဲ့ရသည်။ ချိုမာ့ကိုမသိမသာအကဲခတ်ကြည့်လိုက်သည်။ ချိုမာရိပ်မိသွားပြီး ခေါင်းလေးငုံ့သွားသည်။ သူ့အကြည့်၏အဓိပ္ပာယ်ကို ချိုမာသိလောက်မည်ဖြစ်သည်။

(၄)

သွေးလှူရှင်သွေးလှူနေသည့်အချိန် သူတို့လင်မယား အပြင်မှာစောင့်နေကြသည်။ အခြေအနေနှင့်အချိန်အခါသင့်တုန်း ချိုမာ့ကိုပြောချင်နေသည့်စကားများပြောရန် ဆုံးဖြတ်လိုက်သည်။

"ချိုမာ အခုလောက်ဆိုရင် သဘောပေါက်လောက်ပြီထင်တယ်။ အခုပဲကြည့်လေ မင်းအဆင့်အတန်းရှိလှပြီထင်နေတဲ့ ချယ်ရီတို့၊ မာလာတို့က အခုအရေးကြုံလာတော့ သူတို့စိတ်ဓာတ်အမှန်တွေ သိရပြီလေ မဟုတ်ဘူးလား"

သူကမေးလိုက်ပေမဲ့ ချိုမာကတော့ ခေါင်းညိတ်ရုံသာပြပြီး စီးကျနေသောမျက်ရည်များကိုသုတ်နေသည်။

"တကယ်တော့ အဆင့်အတန်းဆိုတာ အပေါ်ယံပကာသနကြွယ်ဝမှုတွေမဟုတ်ဘူး။ လူတစ်ယောက်မှာရှိရမဲ့ လူပီသတဲ့ကျင့်ဝတ်လိုက်နာမှုတွေကသာ အဓိကပါ။ ဆင်းရဲတဲ့သူကို အဆင့်အတန်းမရှိဘူးထင်ရင် သူ့သွေးသွင်းစရာမှမလိုတာ။ အဲဒီသဘောပဲလေ မဟုတ်ဘူးလား။ ကိုက ဥပမာပြောတာပါ။ လူတစ်ယောက်ရဲ့အပေါ်ယံကိုကြည့်ပြီး ခွဲခြားဆက်ဆံတာထက် လူတစ်ယောက်ရဲ့စိတ်နေစိတ်ထားကိုခွဲခြမ်းစိတ်ဖြာတတ်ဖို့က ပိုအရေးကြီးပါတယ် ချိုမာရယ်။ ဒါမှ အဆင့်အတန်းအစစ်အမှန်ကိုဆုံးဖြတ်လို့ရမှာပါ"

"ကျွန်မနားလည်သဘောပေါက်ပါပြီ ကိုအောင်ထွန်းရယ်။ နောက်ဆို သမီးလေးကိုလဲ ကောင်းတဲ့စိတ်တွေထားတတ်အောင်ပဲ လမ်းပြပေးပါတော့မယ်။ အဆင့်အတန်းခွဲတတ်တဲ့ လုပ်ရပ်မျိုးကိုလဲ မလုပ်တော့ပါဘူး"

"ဝမ်းသာလိုက်တာချိုမာရယ်။ ဒါနဲ့ သွေးလှူပေးတဲ့ဆေးရုံက သန့်ရှင်းရေးဝန်ထမ်းဦးလေးကြီးရဲ့ သမီးက ကိုတို့သမီးလေးသဲသဲနဲ့ ကျောင်းမှာ တစ်ခန်းတည်းတဲ့"

"ဟင် ဟုတ်လား ဘယ်သူလဲ"

"ပြောင်းဖူးရောင်းတဲ့ ကလေးမလေးလေ သူဇာခင်ဆိုလားပဲ"

"ရှင်"

ချိုမာတစ်ယောက် အံ့အားသင့်သွားရသည်။ သို့ပေမဲ့ သူ၏မျက်ဝန်းတွင် အားနာမှုအရိပ်အယောင်များပြည့်နှက်နေသည်ကိုသတိထားမိသည်။ မည်သို့ပင်ဆိုစေ ချိုမာအသိတရားများ ရရှိသွားသည့်အတွက် သူကျေနပ်နေမိသလို သမီးလေးလည်း ပျော်ရွှင်မည်မှာ အသေအချာပင်ဖြစ်ပါတော့သည်။

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ မြစေတီဘုရားကြီး၏ ရွှေမိုက်ထုတ်လုပ်ငန်းနှင့် ရွှေသက်န်းကပ်လှူပူဇော်ခြင်းလုပ်ငန်းများကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ဖိတ်ခေါ်ဆောင်ရွက်မည်



**ညောင်ဦး နိုဝင်ဘာ ၂၄**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ မြစေတီဘုရားကြီး၏ ရွှေမိုက်ထုတ်လုပ်ငန်းနှင့် ရွှေသက်န်းကပ်လှူပူဇော်ခြင်း လုပ်ငန်းများကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြစေတီဘုရား ဂေါပကအဖွဲ့၏ သတင်းများအရ သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ မြစေတီဘုရားကြီးသည် ပြည်တွင်း၊ ပြည်ပဘုရားဖူးပြည်သူများ နေ့စဉ် လာရောက်ဖူးမြော်နေသည့် တန်ခိုးကြီးဘုရားတစ်ဆူဖြစ်ကြောင်း၊ အဆိုပါ မြစေတီဘုရားကြီး၏ အောက်ဖောင်းရစ်ခုနစ်ဖောင်းနှင့် ဘုရားကြီး၏ သပိတ်မှောက်အောက်ဖောင်းသုံးဖောင်း၊ ခေါင်းလောင်းတော်အောက်ဖောင်းထိကို ရွှေမိုက်ထုတ်လုပ်ငန်းနှင့် ရွှေသက်န်းကပ်လှူပူဇော်ခြင်းလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ရွှေမိုက်ထုတ်လုပ်ငန်းနှင့် ရွှေသက်န်းကပ်လှူပူဇော်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ကိုးလက်မပတ်လည်ကြေးပြားတစ်ချပ်ကို နမူနာရွှေချကာ တင်သွင်းလိုသည့် ဈေးနှုန်းနှင့်အတူ လျှောက်လွှာများ တင်သွင်းဆောင်ရွက်နိုင်ကြောင်း သိရသည်။

အဆိုပါ လျှောက်လွှာများကို ယခုနှစ် နိုဝင်ဘာ ၁၈ ရက်မှစ၍ ဒီဇင်ဘာ ၉ ရက်အတွင်း နောက်ဆုံးထားလျှောက်ထားနိုင်ပြီး ယခုနှစ် ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီတွင် လျှောက်လွှာပိတ်သိမ်းမည်ဖြစ်ကာ ၁၁ နာရီတွင် တင်ဒါဖွင့်ဖောက် ကြေညာပေးမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက မြစေတီဘုရားဂေါပကအဖွဲ့၊ ဖုန်း ၀၆၁-၂၄၆၅၂၁၇ နှင့် ၀၉-၇၅၀-၇၁၉၇၉၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **ချမ်းချမ်း**

# မြို့သစ်မြို့နယ် တလုပ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကွင်းဆင်းစစ်ဆေး

**မြို့သစ် နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တလုပ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြည်ကြည်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ တလုပ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများစနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



အဆိုပါ တလုပ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပထမနှစ်စက်ဝန်းအဖြစ် နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ်သိန်း ၁၀၀ ထုတ်ချေးပေးထားကြောင်း မြို့သစ်မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်ခိုင်ထံမှ သိရသည်။

**နီလာ**

# ပူတာအိုမြို့နယ် မူလာအွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေ ထုတ်ချေး

**ပူတာအို နိုဝင်ဘာ ၂၄**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မူလာအွန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်မြောက် ထုတ်ချေးပေးအပ်ပွဲကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မူလာအွန်ကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀ကို ငွေကျပ် ၁၇၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၂၄၉ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ငါးသိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၂၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ မူလာအွန်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

## ဆောင်းလရာသီ

- ဆောင်းအလှ စာမမီ
ပန်းချီဆရာ လက်မှိုင်ချ၊
ငွေနှင်းရည် ပုလဲစက်
တွဲဆက်လို့လှ။

- ဂေါ်သဇင် တော်ဝင်ပန်းက
ပင်ယံမှ ပွင့်နေပြီ
မွှေးပျံ့သင်းကြည်၊
ဝန်းကျင်က မှုန်ပြာရီ
ဟိုတောင်ဆီ အုံ့ကာမှိုင်း၊
ထက်ကောင်းကင် ဝလာမိုး
မြူခိုးတွေဝိုင်း။

- ရပ်ရှစ်ခွင် နယ်ပယ်တိုင်း
လွှမ်းခြုံသိုင်း အေးရိပ်ဖြာ၊
နေရောင်ကို မမြင်ရ
တမ်းတမိတာ၊
မြူမှုန်ထု ကမ္ဘာလာ
မြေကမ္ဘာ ပြိုလို့ဆင်း၊
မြိုင်တစ်ခွင် လေပြည်ဖျန်းတော့
ပန်းရနံ့သင်း။ ။

**ဖိုးပြည့်(ပတ္တမြား)**

# မင်းလှမြို့နယ် ဈေးကြီးကျေးရွာ၌ ကျေးရွာအဝင်လမ်းဖောက်လုပ်ပြီးစီးမှုစစ်ဆေး

**မင်းလှ နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၇ ဒသမ ၈၃ သန်းဖြင့် မင်းလှမြို့နယ် ဈေးကြီးကျေးရွာ၌ ကျေးရွာအဝင်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ)ဒေါ်ဇာလှိုင်သန်းနှင့် မင်းလှမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက မင်းလှမြို့နယ် ဈေးကြီးကျေးရွာ၌ ကျေးရွာအဝင်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ဇာလှိုင်သန်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ဈေးကြီးကျေးရွာအဝင်လမ်းအရှည် တစ်မိုင် ငါးဖာလုံ၊ အကျယ်ပေ ၄၀၊ အမြင့် ရှစ်လက်မရှိ မြေသားတာပေါင်တင်ခြင်းနှင့် မြေနီခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၇ ဒသမ ၈၃ သန်းဖြင့် မြတ်နန်းစံကုမ္ပဏီက ဇူလိုင်လပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိအိမ်ခြေ ၂၃၀၊ လူ ၈၉၃ ဦးတို့အတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေးများ အဆင်ပြေသွားပြီဖြစ်ကြောင်း သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ဇာလှိုင်သန်းက ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**

ပလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်း ကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ယခုနှစ် ဧပြီ ၂၀ ရက်မှ နိုဝင်ဘာ ၁၃ ရက်ထိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်က ကဏန်းနှင့် ငါးရှဉ့်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၉၂၇ သန်းရရှိခဲ့



**နေပြည်တော် နိုဝင်ဘာ ၂၄**

ယခုနှစ် ဧပြီ ၂၀ ရက်မှ နိုဝင်ဘာ ၁၃ ရက်ထိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်က ကဏန်းနှင့်ငါးရှဉ့် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၉၂၇ သန်း ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကဏန်းနှင့်ငါးရှဉ့်များကို မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ အဓိက အားထားတင်ပို့ရောင်းချပေးနေရသော်လည်း ဈေးကွက်အခြေအနေများကြောင့် ကဏန်းနှင့် ငါးရှဉ့် တင်ပို့ရောင်းချမှု ရပ်ဆိုင်းသွားခဲ့ရပြီး ယခုနှစ် ဧပြီ ၂၀ ရက်မှစတင်၍ ပြန်လည်တင်ပို့ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ပြန်လည်တင်ပို့ရောင်းချပေးခဲ့ရာတွင် ယခုနှစ် ဧပြီ ၂၀ ရက်မှ နိုဝင်ဘာ ၁၃ ရက်ထိ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇၇၂ သန်းဖိုးရှိ ကဏန်းတန်ချိန် ၃၈၀၇ ဒသမ ၇၈၈ တန်နှင့် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၁၅၅ သန်းဖိုးရှိ ငါးရှဉ့်တန်ချိန် ၈၂၇၈ ဒသမ ၅၂ တန် စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၉၂၇ သန်းဖိုးရှိ ငါးရှဉ့်နှင့် ကဏန်းတန်ချိန် ၁၂၀၈၆ ဒသမ ၃၀၈ တန် တင်ပို့ရောင်းချပေးခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် မြန်မာ့ရေထွက်ပို့ကုန်များကို ဖောက်သည်ဈေးကွက်နိုင်ငံ ၄၀ ကျော်ထိ တင်ပို့ရောင်းချပေးနေသော်လည်း တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ အဓိကတင်ပို့ရောင်းချပေးနေခြင်းဖြစ်ကြောင်း၊ ပွဲ့လင်းရာသီကာလများတွင် တရုတ်နိုင်ငံ၏ ကဏန်းနှင့်ငါးရှဉ့်ဝယ်ယူလိုမှုမှာ မြင့်တက်လာလေ့ရှိကြောင်း၊ ယခုအခါ ပွဲ့လင်းရာသီသို့ရောက်ရှိလာပြီဖြစ်သည့်အပြင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ဈေးကွက်တွင် ကဏန်းနှင့်ငါးရှဉ့်အရောင်းအဝယ်ပြုလုပ်မှုကို တရုတ်ငွေကြေးယွမ်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးထားသဖြင့် တရုတ်နိုင်ငံသို့ ကဏန်းနှင့်ငါးရှဉ့်တင်ပို့မှု ပိုမို ကောင်းမွန်လာနိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

SKL

# မြောက်ဦးမြို့နယ် ကျောက်ကျပ်ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြောက်ဦး နိုဝင်ဘာ ၂၄**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျောက်ကျပ်ကျေးရွာ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ကျောက်ကျပ်ကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်က တာဝန်ယူဆောင်ရွက်နေသည့် ကုမ္ပဏီမှ တာဝန်ရှိသူများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

မြောက်ဦးမြို့နယ် ကျောက်ကျပ်ကျေးရွာ၌ အလျားပေ ၁၀၀၊ အနံပေ ၁၁၀၊ အနက်ခြောက်ပေ၊ မြေသားရေကန်တူးဖော်ခြင်းနှင့် ပေ ၆၀၀ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၅ သန်းဖြင့် တာယာလင်းလက်ထွန်းကုမ္ပဏီက တာဝန်ယူ၍ မေ ၂၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၃ ရက်ထိ ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ညွန့်က ပြောပြ၍ သိရသည်။

**ကိုသန်း**

# စနေနေ့ညမှာကစားမဲ့ ကမ္ဘာ့ဖလားအုပ်စုဒုတိယပွဲစဉ်တွေထဲက အစဉ်အလာကောင်းတွေရှိတဲ့ ဩစတြေးလျ၊ ပြင်သစ်၊ အင်္ဂလန်အသင်းတို့ကို အားပေးရမှာပါ



အခုတစ်ပတ်မှာတော့ ကမ္ဘာ့ဖလားအုပ်စုဒုတိယပွဲစဉ်တွေ ဆက်လက်ကစားမှာဖြစ်ပြီး နောက်တစ်ဆင့်တက်ဖို့ အဆုံးအဖြတ်ကစားရမဲ့ပွဲစဉ်တွေဖြစ်နေတာကြောင့် အကြိတ်အနယ်ရှိလာမှာပါ။ အုပ်စုအဖွင့်ပွဲစဉ်မှာတော့ အသင်းကြီးတွေထဲက အာဂျင်တီးနား၊ ဂျာမနီတို့ဟာဆိုရင် ကစားသမားစုဖွဲ့မှုအားနည်းတဲ့ အသင်းတွေကို ရှုံးနိမ့်ခဲ့တာကြောင့် ဒါဟာအခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ထူးခြားချက်လို့ဆိုရမှာပါ။ လာမဲ့စနေနေ့ညမှာတော့ ကမ္ဘာ့ဖလားအတွေ့အကြုံနဲ့ နောက်တစ်ဆင့်တက်ရောက်ဖို့ကြိုးစားလာမဲ့အသင်းတွေကိုသာ အဓိကအားပေးသွားရမှာပါ။

## ဩစတြေးလျအသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ ကမ္ဘာ့ဖလားအုပ်စု (D) ပွဲစဉ်က အကြိုက်တွေ့မိတာကတော့ နိုင်ပွဲရဖို့အကြိတ်အနယ်ယှဉ်ပြိုင်ရမဲ့ တူနီးရှားနဲ့ ဩစတြေးလျတို့ပွဲစဉ်ဖြစ်ပါတယ်။ တူနီးရှားအသင်းဟာ ပြီးခဲ့တဲ့အဖွင့်ပွဲစဉ်မှာ ဒိန်းမတ်အသင်းကို အကောင်းဆုံးတုံ့ပြန်ကစားသွားတဲ့ ခြေစွမ်းပိုင်းက အားရစရာကောင်းပေမဲ့ တိုက်စစ်ပိုင်းမှာတော့ ခြေစွမ်းပိုင်းတည်ငြိမ်တဲ့ ကစားသမားမရှိတာကြောင့် အများကြီးမျှော်လင့်လို့မရပါဘူး။ သူတို့အသင်းနည်းပြ ခါဒရီကတော့ ဒိန်းမတ်နဲ့ ပွဲစဉ်မှာ ၃-၄-၃ ကစားကွက်နဲ့ အကောင်းဆုံးပွဲထွက်ကစားနိုင်ခဲ့ပြီး သရေတစ်မှတ်ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ တူနီးရှားအသင်းဟာ ကမ္ဘာ့ဖလားမစတင်မီကစားခဲ့တဲ့ ငါးပွဲမှာတော့ ဘရာဇီးတစ်သင်းတည်းကို ရှုံးနိမ့်ခဲ့ပြီး ဂျပန်၊ ချီလီ၊ ဘော့ဆွာနာ၊ အီကွေတိုရီရယ်တို့ကို အနိုင်ကစားနိုင်ခဲ့ပေမဲ့ အဲဒီပွဲစဉ်တွေဟာ ခြေစမ်းပွဲတွေဖြစ်တာကြောင့် ခြေစွမ်းပိုင်းအမှန်တော့ရှိမှာမဟုတ်ပါဘူး။ ဒ့ါပြင် တူနီးရှားအသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲတစ်လျှောက်မှာလဲ ခြောက်ကြိမ်သာ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး အုပ်စုအဆင့်က ကျော်ဖြတ်နိုင်ခြင်းမရှိပါဘူး။

အဖွင့်ပွဲစဉ်မှာ ပြင်သစ်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ထားတဲ့ ဩစတြေးလျအသင်းဟာ ကစားကွက်ပိုင်းကောင်းခဲ့ပေမဲ့ ပြင်သစ်အသင်းရဲ့တောင်ပံတိုက်စစ်တွေကို မထိန်းချုပ်နိုင်ခဲ့တာကြောင့် နေရာလွတ်တွေရှိခဲ့ပြီး လေးဂိုးထိပေးလိုက်ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အပေးအယူအချိတ်အဆက်ကောင်းတဲ့ အသင်းဖြစ်တာကြောင့် ပွဲအစမှာ ပြင်သစ်အသင်းကို ဖိအားပေးပြီး အဖွင့်ဂိုးရယူနိုင်ခဲ့ပေမဲ့ နောက်ပိုင်းမှာတော့ ကစားသမားအင်အားချင်း မမျှတမှုကြောင့် ရှုံးပွဲကြုံခဲ့ရတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ၂၀၀၆ ခုနှစ်ကစလို့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ခြေစစ်ပွဲ အမြဲအောင်မြင်ခဲ့ပြီး ကမ္ဘာ့ဖလားဝင်ခွင့်ရရှိနေတာကြောင့် အတွေ့အကြုံပိုင်းမှာတော့ တူနီးရှားထက် သာနေတယ်လို့ဆိုရမှာပါ။ ၂၀၀၆ ခုနှစ်မှာတော့ အုပ်စုအဆင့်က ဖြတ်ကျော်နိုင်ခဲ့ပြီး ရှုံးထွက်အဆင့်ထိ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ အခုကမ္ဘာ့ဖလားပြိုင်ပွဲမှာလဲ အာရှဇုန်ကနေ play-off ကစားပြီးအနိုင်ရခဲ့တာကြောင့် တောင်အမေရိကဇုန်က ပီရူးနဲ့ နောက်ဆုံးအဆင့် ခြေစစ်ပွဲထပ်မံကစားခဲ့ရာမှာ အနိုင်ရခဲ့ပြီး ဝင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ လာမဲ့အုပ်စုဒုတိယပွဲစဉ်ကတော့ သူတို့အသင်းအတွက် နောက်တစ်ဆင့်တက်ဖို့ အဆုံးအဖြတ်ဖြစ်နေသလို ပြိုင်ဘက်အသင်းကလဲ ခြေရည်တူအသင်းဖြစ်နေတာကြောင့် မျှော်လင့်ချက်ရှိနေတယ်လို့ဆိုရမှာပါ။ ဒါကြောင့် အသင်းလိုက်စုဖွဲ့မှုနဲ့ ကစားပုံကောင်းတဲ့ ဩစတြေးလျအသင်းကိုပဲ ရွေးချယ်ရမှာပါ။

### တူနီးရှားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘော့ဆွာနာ | ၀ | - | ၀ | တူနီးရှား |
| ချီလီ | ၀ | - | ၂ | တူနီးရှား |
| ဂျပန် | ၀ | - | ၃ | တူနီးရှား |
| တူနီးရှား | ၁ | - | ၅ | ဘရာဇီး |
| ဒိန်းမတ် | ၀ | - | ၀ | တူနီးရှား |

### ဩစတြေးလျအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ယူအေအီး | ၁ | - | ၂ | ဩစတြေးလျ |
| ဩစတြေးလျ | ၀ | - | ၀ | ကနေဒါ |
| ဩစတြေးလျ | ၁ | - | ၀ | နယူးဇီလန် |
| နယူးဇီလန် | ၀ | - | ၂ | ဩစတြေးလျ |
| ပြင်သစ် | ၄ | - | ၁ | ဩစတြေးလျ |

## ပြင်သစ်အသင်းကို အားပေးရမှာပါ

စနေနေ့ညမှာကစားမဲ့ အုပ်စု (D) ဒုတိယပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ပြင်သစ်နဲ့ ဒိန်းမတ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိ ချန်ပီယံပြင်သစ်အသင်းဟာ အခုအုပ်စုမှာ ခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှု သာလွန်နေတာကြောင့် အုပ်စုအဆင့်ကတက်ရောက်ဖို့ သေချာနေသလို အခုပွဲစဉ်ကို အနိုင်ရတာနဲ့ အုပ်စုဗိုလ်နဲ့ နောက်တစ်ဆင့်ကိုတက်လှမ်းနိုင်မှာပါ။ နည်းပြဒက်ချမ့်က ၄-၂-၃-၁ ကစားကွက်မှာတော့ တောင်ပံတိုက်စစ်တွေဖြစ်တဲ့ ဒမ်ဘီလီနဲ့ အမ်ဘက်ပီဟာ ပုံစံကောင်းပြသနေတာကြောင့် တိုက်စစ်ပိုင်းက ဂီရော့ဒ်အတွက် နေရာလွတ်ရှာတွေ့ပြီး ဂိုးတွေ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ကွင်းလယ်ပိုင်းမှာလဲ ရာဘီယို့စ်နဲ့ ချူအာမန်နီတို့ အတွဲအဖက်မိနေတာကြောင့်လဲ ပြင်သစ်အသင်းတိုက်စစ်ပိုင်းကောင်းနေတာကို တွေ့ရမှာပါ။ ဒ့ါပြင် နည်းပြဒက်ချမ့်ဟာ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲမှာ အသင်းကစားပုံနဲ့ လူထုတ်ပုံကို အမျိုးမျိုးအသုံးပြုကစားခဲ့ပြီး ကမ္ဘာ့ဖလားအတွက် ပြင်ဆင်မှုတွေပြုလုပ်ခဲ့တာကြောင့် အခုပွဲစဉ်မှာလဲ ခံစစ်ပိုင်းအားနည်းချက်သာ ပြင်နိုင်ခဲ့မယ်ဆိုရင် ဂိုးပြတ်နိုင်ပွဲ ရှာတွေ့အုံးမှာပါ။

ဒိန်းမတ်အသင်းအနေနဲ့ အဖွင့်ပွဲစဉ်မှာ တူနီးရှားကို သရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် အခုပွဲစဉ်ဟာ သူတို့အသင်းအတွက် အနည်းဆုံး သရေတစ်မှတ်ရမှ နောက်တစ်ဆင့် တက်ရောက်ခွင့်ရမှာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြင်သစ်အသင်းနဲ့ ယူအီးအက်ဖ်အေနေးရှင်းလိဂ်အုပ်စုပွဲစဉ်မှာ နှစ်ကြိမ်တွေ့ဆုံခဲ့ရာမှာ နှစ်ကြိမ်စလုံး နိုင်ပွဲရရှိခဲ့ပေမဲ့ အခုပြိုင်ပွဲမှာတော့ ပြင်သစ်အသင်းရဲ့ခြေစွမ်းပိုင်းက ပြောင်းလဲသွားတာကြောင့် အခက်တွေ့မှာသေချာပါတယ်။ ကွင်းလယ်မှာတော့ အဲရစ်ဆင်၊ ဟော့ဂျက်၊ ခံစစ်ပိုင်းမှာ ကေဂျာ၊ အန်ဒါဆင်၊ ခရစ်စတန်ဆန်တို့ရှိနေပေမဲ့ တိုက်စစ်ကတော့ အားနည်းချက်ရှိနေတာကို တွေ့ရမှာပါ။ ဒါကြောင့် အဖွင့်ပွဲစဉ်မှာ အဲရစ်ဆင်နဲ့ ဒရောဘတ်တို့ကလွဲရင် ကျန်ကစားသမားတွေဟာ ဂိုးပေါက်ခြိမ်းခြောက်မှုသိပ်မလုပ်နိုင်ခဲ့ပါဘူး။ ဒိန်းမတ်အသင်းဟာ ကွင်းလယ်ကစားအားကောင်းပေမဲ့ ပြင်သစ်အသင်းနဲ့ယှဉ်ရင်တော့ အားနည်းချက်တွေအများအပြားရှိနေတဲ့ အသင်းဖြစ်တာကြောင့် အခုပွဲစဉ်မှာ ဒမ်ဘီလီနဲ့ အမ်ဘက်ပီကို ထိန်းချုပ်နိုင်မှသာ ဂိုးမပြတ်မှာဖြစ်ပါတယ်။ ဒါကြောင့် အုပ်စုဗိုလ်နဲ့ တက်ရောက်ဖို့ နိုင်ပွဲရဖို့ကြိုးစားလာမဲ့ ပြင်သစ်အသင်းကိုပဲ အားပေးရမှာပါ။

### ပြင်သစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဩစတြီးယား | ၁ | - | ၁ | ပြင်သစ် |
| ပြင်သစ် | ၀ | - | ၁ | ခရိုအေးရှား |
| ပြင်သစ် | ၂ | - | ၀ | ဩစတြီးယား |
| ဒိန်းမတ် | ၂ | - | ၀ | ပြင်သစ် |
| ပြင်သစ် | ၄ | - | ၁ | ဩစတြေးလျ |

### ဒိန်းမတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဒိန်းမတ် | ၀ | - | ၁ | ခရိုအေးရှား |
| ဒိန်းမတ် | ၂ | - | ၀ | ဩစတြီးယား |
| ခရိုအေးရှား | ၂ | - | ၁ | ဒိန်းမတ် |
| ဒိန်းမတ် | ၂ | - | ၀ | ပြင်သစ် |
| ဒိန်းမတ် | ၀ | - | ၀ | တူနီးရှား |

## အင်္ဂလန်အသင်း အနိုင်ရမှာပါ

စနေနေ့ညမှာကစားမဲ့ ကမ္ဘာ့ဖလား အုပ်စု(B) မှာ အကြိုက်တွေ့မိတာကတော့ အင်္ဂလန်နဲ့ အမေရိကန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့အုပ်စုမှာ အင်္ဂလန်၊ အမေရိကန်၊ ဝေးလ်၊ အီရန်တို့ တစ်အုပ်စုတည်းကျရောက်နေတာကို တွေ့ရမှာပါ။ အဖွင့်ပွဲစဉ်မှာတော့ အင်္ဂလန်အသင်းဟာ အီရန်ကို ကစားကွက်ပိုင်းအသာနဲ့ သက်သောင့်သက်သာကစားပြီး ခြောက်ဂိုးနှစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာတော့ အင်္ဂလန်အသင်းရဲ့ကွင်းနဲ့ တိုက်စစ်က အပြစ်ပြောစရာမရှိပေမဲ့ နောက်တန်းကစားသမားတွေ တိုက်စစ်အလွန်အကျွံလိုက်ပါနေမှုကြောင့် အီရန်ရဲ့ တန်ပြန်တိုက်စစ်ကနေ ချေပဂိုးနှစ်ဂိုး ခွင့်ပြုလိုက်ရတာဖြစ်ပါတယ်။ အီရန်နဲ့ပွဲစဉ်မှာတော့ တိုက်စစ်မှူး ဟယ်ရီကိန်း ဒဏ်ရာကြောင့်လူစားလဲခဲ့ရပြီး လာမဲ့ပွဲစဉ်မှာ ပါဝင်ဖို့မသေချာပါဘူး။ ဒါပေမဲ့ သူ့ရဲ့နေရာကို အစားထိုးမဲ့ တိုက်စစ်မှူး ဝယ်လ်ဆင်၊ ရက်ရှ်ဖို့ဒ်တို့ရှိနေတာကြောင့် အမေရိကန်လိုအသင်းကို နိုင်ပွဲရှာဖို့မခက်ပါဘူး။ အင်္ဂလန်အသင်းရဲ့ ၄-၂-၃-၁ ကစားပုံမှာ ဘယ်လင်ဟမ်နဲ့ ဒီကလန်ရိုက်တို့က ခံစစ်တိုက်စစ်ကို အကောင်းဆုံး ချိတ်ဆက်ပေးနိုင်တာကြောင့် အမေရိကန်အသင်းတိုက်စစ်ပိုင်း အင်္ဂလန်ကွင်းလယ်ကို ကျော်ဖြတ်ဖို့မလွယ်ပါဘူး။

အမေရိကန်အသင်းဟာ ပရီးမီးယားလိဂ်မှာကစားနေတဲ့ ကစားသမားအများစုနဲ့ စုဖွဲ့ထားတာကြောင့် အင်္ဂလန်ကစားကွက်နဲ့ သိပ်မစိမ်းပေမဲ့ တိုက်စစ်ပိုင်းမှာ ပွဲရဲ့အဖြေကို ပြောင်းလဲနိုင်မဲ့ ကစားသမားမျိုးမရှိတာကြောင့် အခုပွဲစဉ်မှာ ရှုံးကန်ရဖို့များပါတယ်။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ ခြေရည်တူအသင်းဖြစ်တဲ့ ဝေးလ်အသင်းကို ပထမပိုင်းမှာ အသာစီးကစားနိုင်ခဲ့ပေမဲ့ ဒုတိယပိုင်းမှာ ကစားသမားတွေ လုပ်အားနှုန်းကျဆင်းသွားတာကြောင့် ဝေးလ်အသင်းရဲ့ဖိအားပေးမှုကိုခံရပြီး ပင်နယ်တီဂိုးခွင့်ပြုလိုက်ရတာဖြစ်ပါတယ်။ ဒါကြောင့် အမေရိကန်အသင်းဟာ အင်္ဂလန်အသင်းနဲ့ယှဉ်ရင် အဘက်ဘက်က အားနည်းချက်တွေရှိနေတာကြောင့် အခုပွဲစဉ်ကို ခံစစ်ပိုင်းအသားပေးကစားပြီး ပေးဂိုးမများဖို့ဘဲကြိုးစားရင် နောက်တစ်ဆင့်တက်ဖို့ မျှော်လင့်ချက်ရှိနေမှာဖြစ်ပါတယ်။ သူတို့အသင်းတိုက်စစ်မှာတော့ ပူလီဆစ်၊ ဆားဂျန့်၊ ဝီယာ့ချ်တို့ရှိနေပေမဲ့ အင်္ဂလန်အသင်းမှာ သူတို့ရဲ့ကစားပုံကိုသိနေတဲ့ ထရစ်ပီယာ၊ ဂျွန်စတုန်း၊ မက်ဂွဲယား၊ လုပ်ခ်ရှောတို့လို ကစားသမားတွေကို ကျော်ဖြတ်ဖို့မဖြစ်နိုင်တာကြောင့် အခုပွဲစဉ်မှာ အင်္ဂလန်အသင်းပဲ အနိုင်ရသွားမှာပါ။

### အင်္ဂလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အင်္ဂလန် | ၀ | - | ၀ | အီတလီ |
| အင်္ဂလန် | ၀ | - | ၄ | ဟန်ဂေရီ |
| အီတလီ | ၁ | - | ၀ | အင်္ဂလန် |
| အင်္ဂလန် | ၃ | - | ၃ | ဂျာမနီ |
| အင်္ဂလန် | ၆ | - | ၂ | အီရန် |

### အမေရိကန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အမေရိကန် | ၅ | - | ၀ | ဂရင်နေဒါ |
| အယ်ဆာဗေဒေါ | ၁ | - | ၁ | အမေရိကန် |
| ဂျပန် | ၂ | - | ၀ | အမေရိကန် |
| ဆော်ဒီအာရေဗျ | ၀ | - | ၀ | အမေရိကန် |
| အမေရိကန် | ၁ | - | ၁ | ဝေးလ် |

# (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်းနှင့်တပ်မတော်စာစဉ်တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ။**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်း၊ ပြည်ပရန်ဟူသမျှကိုချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်လက်ရှိခေတ်ကာလတွင်ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာတွင်ပါဒ ၃၀၀ မှ ၄၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန်ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့်မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များမစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူ ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (၁) ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# မဘိမ်းမြို့နယ် ပွေးတူးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မဘိမ်း နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ၏ လယ်ယာထုတ်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာသယ်ယူပို့ဆောင်နိုင်စေရန်ရည်ရွယ်၍ ပွေးတူးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်း၊ မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်ထက်အောင်နှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များ၊ သက်ဆိုင်ရာကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ ပွေးတူးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုးမိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းက လိုအပ်သည်များ မှာကြားသည်။

အဆိုပါကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းအရှည် တစ်မိုင် သုံးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေကိုးလက်မရှိ ကျောက်ရောမြေဖြုန်းခင်းခြင်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၆၁ ဒသမ ၅၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် ငွဲရဲရင့်လမ်းကုမ္ပဏီက ဇွန်လတတိယပတ်က စတင်တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး



ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်ထက် မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး အောင်က ပြောပြ၍ သိရသည်။ **ကျော်နိုး**

# ရပ်စောက်မြို့နယ်ရှိ ကျိုင်းခမ်းရေလှောင်တမံဘက်စုံသုံးစီမံကိန်းတွင် မြေသားတမံလုပ်ငန်းနှင့် ရေအားလျှပ်စစ်ပိုင်းဆိုင်ရာ အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်



**နေပြည်တော် နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်ရှိ ကျိုင်းခမ်း ရေလှောင်တမံ ဘက်စုံသုံးစီမံကိန်းတွင် မြေသားတမံလုပ်ငန်းနှင့် ရေအားလျှပ်စစ်ပိုင်းဆိုင်ရာ အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

ကျိုင်းခမ်း ရေလှောင်တမံ ဘက်စုံသုံးစီမံကိန်းကို စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၇) က ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စီမံကိန်းလုပ်ငန်းများ ပြီးစီးရန် လျာထား ဆောင်ရွက်နေကြောင်း၊ လက်ရှိတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် မြေသားတမံလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြေသားလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေတူးခြင်း၊ မြေတင်ခြင်း၊ မြေသားဖြန့်ခြင်း၊ မြေသားရေဖျန်းခြင်းနှင့် မြေကြိတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုအခါ မြေသားတမံလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်အတွက် လိုအပ်သော ဒီဇယ်ဆီ(ရိုးရိုး)နှင့် ဘီလပ်မြေများဝယ်ယူရန် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ တင်ဒါဖိတ်ခေါ် ဆောင်ရွက်နေကြောင်း သိရသည်။

ထို့ကြောင့် လိုအပ်နေသော ဒီဇယ်ဆီ(ရိုးရိုး)နှင့် ဘီလပ်မြေများကို တင်ဒါစနစ်ဖြင့် တင်သွင်းလိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အနေဖြင့် တင်ဒါအဆိုပြုလွှာပုံစံများကို ယခုနှစ် နိုဝင်ဘာ ၂၁ ရက်မှစတင်ကာ လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံး၊ တည်ဆောက်ရေး(၇)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ ရပ်စောက်မြို့တွင် ဝယ်ယူတင်သွင်းနိုင်ကြောင်း၊ တင်ဒါအဆိုပြုလွှာများကို ဒီဇင်ဘာ ၅ ရက်နောက်ဆုံးထား တင်သွင်းကြရမည်ဖြစ်ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးတွင် တင်ဒါဖွင့်လှစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

SKL

# သိန်းနီမြို့နယ် ကျောင်းခမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သိန်းနီ နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကျောင်းခမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း၊ သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇာအောင်နှင့် တာဝန်ရှိသူများက ကျောင်းခမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ စီမံကိန်းစာရင်းဇယားရေးဖြည့်သွင်းထားရှိမှုအခြေအနေများနှင့် စီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောင်းခမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေပထမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၆ ဦးကို ရန်ပုံငွေကျပ် ၂၉၇ သိန်း ထုတ်ချေးပေးထားကြောင်း သိန်းနီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇာအောင်က ပြောပြ၍ သိရသည်။

ချစ်ဦးကို













## လေလံကြော်ငြာ

၁။ မန္တလေး၊ ရာဇာစိုး ငွေစုငွေချေး သမဝါယမအသင်းပိုင်ဆိုင်သော အောက်ပါမြေနှင့်မြေပေါ်ရှိ အဆောက်အအုံများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

(က) **မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၅၁၇/က)၊ ဦးပိုင်အမှတ် (၄၂-ခ)၊ ဧရိယာ(၀ ဒသမ ၀၃၅၉)ဧကမြေကွက်နှင့် မြေပေါ်ရှိအဆောက်အအုံ**

(ခ) **မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ရွှေထုံးလေ့တန်းအရှေ့ပြရပ်၊ အကွက်အမှတ်(၅၁၇(က)၊ ဦးပိုင်အမှတ်(၉)၊ဧရိယာ (၀ ဒသမ ၀၄၄)ဧကမြေကွက်၏အရှေ့ဘက်ခြမ်း တစ်ဝက်တိတိမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်**

(ဂ) **မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊တမ္ဗဝတီရပ်၊အကွက်အမှတ်(၄၆၉)၊ ဦးပိုင်အမှတ်(၂၂)ပေါ်ရှိ အရှေ့အနောက်(၁၉-ပေ) တောင်မြောက်(၃၂)ပေ အကျယ်အဝန်းရှိသော မြေကွက်နှင့် မြေကွက်ပေါ်ရှိအဆောက်အအုံ။**

(ဃ) **ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်ကျေးရွာ၊ ကွင်းအမှတ်(ပြင်)၊ အကွက်အမှတ်(၇)၊ ဦးပိုင်အမှတ်(လ-၉/စ) (ပေ၆၀× ပေ၆၀)အကျယ်အဝန်းရှိမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်။**

၂။ လေလံဆွဲဝယ်ယူရန်လျှောက်လွှာများကို မဟာအောင်မြေမြို့နယ်၊ ရာဇာစိုးငွေစုငွေချေးအသင်းရုံးတွင် (၂၅-၁၁-၂၀၂၂)ရက်မှစ၍ (၂၆-၁၂-၂၀၂၂)ရက်အထိ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ လေလံတင်ရောင်းချမည့်မြေနှင့်မြေပေါ်ရှိ အဆောက်အအုံများအား **တစ်ကွက်ခြင်းဖြစ်စေ၊ အားလုံးကိုဖြစ်စေ** လာရောက်ကြည့်ရှုနိုင်ပြီး လေလံလျှောက်လွှာများကို (၃၀-၁၂-၂၀၂၂)ရက်နောက်ဆုံးထားတင်သွင်းရပါမည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရာဇာစိုးငွေစုငွေချေးအသင်း ➢ ၀၉-၄၃၀၀၃၃၁၉၊ ၀၉-၉၆၂၀၀၅၃၁၉
၀၉-၉၅၃၆၈၁၆၂၂၊ ၀၉-၅၂၅၂၀၈၉

"ရာဇာစိုးငွေစုငွေချေးသမဝါယမအသင်း (၈၁လမ်း×၄၂လမ်းထောင့်)၊ မန္တလေးမြို့။"

## ဝန်ထမ်းအလိုရှိသည်

### ခန်းဆီးလိုက်ကာဆိုင်တွင် လုပ်ကိုင်ရန်

၁။ **အထွေထွေဝန်ထမ်း (ကျား)**
(က)လိုင်စင်ရှိရမည်။

၂။ **ပိတ်စ ကိုက်ထိုးကိုက်ဖြတ် (မ)**

လိပ်စာ။ ။ D4/1၊ မြနန္ဒာလုံးချင်းအိမ်ယာ၊ လမ်းသွယ်(၂)၊ ဦးပွားဂုံးကျော်အရှေ့ဘက်၊ ချမ်းမြသာစည်၊ မန္တလေးမြို့။

ဖုန်း။ ။ 09-979638858 , 09-979628858

## Happy Car Co.,Ltd

### ကိုရီးယားကားဝပ်ရှော့မှ ဝန်ထမ်းခေါ်ယူခြင်း

(၁) စက်ပြင် (၃)ဦး
(၂) ထမင်းချက် (၁)ဦး

- အမှတ်စဉ်(၁)အတွက် အတွေ့အကြုံရှိသူ ဦးစားပေးမည်။
- လိပ်စာ/ ၁၁၅လမ်း၊ ၆၅ (D)ထောင့်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
- ဖုန်း/ 09-256560693, 09-447322327

## ပျောက်ဆုံးကြောင်း

ဒလမြို့နယ်နေ မဖြူဖြူခိုင် (ဘ) ဦးမြဝင်း (၁၂/ဒလန(နိုင်)၀၉၄၈၅၁) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၅၈၄၆၀၂၄၈

## ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နယ်နေ အောင်ဇော်ဝင်း (ဘ) ဦးအာကာ (၁၄/ပတန(နိုင်) ၁၄၉၇၄၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၅၇၀၃၉၂၁

## ပျောက်ဆုံးကြောင်း

ကျောက်တော်မြို့နေ သန်းထွန်း (ဘ) ဦးရွှေစော (၁၁/သတန(နိုင်)၁၀၄ ၃၄၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ ရန်။ ၀၉-၉၈၈၆၂၁၄၃၅

## ပျောက်ဆုံးကြောင်း

သာစည်မြို့နယ်နေ အေးသန္တာမိုး (ဘ)ဦးညီညီသန့် (၉/သစန(နိုင်)၁၅၆ ၀၆၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ ရန်။ ၀၉-၄၀၂၆၃၅၇၅၁

## အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နယ်၊ ရပ်ကွက်(၁)နေ (အဘ)ဦးကျော်မျိုးမင်း (၉/မကန(နိုင်) ၁၀၄၅၅၆)ကိုင်ဆောင်သူ၏ သမီးဖြစ်သူ မသွန်းသဒ္ဒါဖြူ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မသွန်းသဒ္ဒါမျိုးမင်း ဖြစ်ပါကြောင်း။ **မသွန်းသဒ္ဒါမျိုးမင်း**

## ပျောက်ဆုံးကြောင်း

အင်္ဂပူမြို့နယ်နေ မိုးဇော်ဦး (ဘ) ဦးဝင်းရွှေ (၁၄/အဂပ(နိုင်)၂၄၇၄၈၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၇၂၁၇၀၈၄၀

## ပျောက်ဆုံးကြောင်း

ဝါးခယ်မမြို့နယ်နေ ဦးလှိုင်မင်း (ဘ) ဦးစိန်ကြိုင် (၁၄/ဝခမ(နိုင်)၂၆၅ ၀၈၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ ရန်။ ၀၉-၄၄၁၆၂၉၉၃၀

## ပျောက်ဆုံးကြောင်း

မော်လမြိုင်ကျွန်းမြို့နယ်နေ ဇော်ထက် (ဘ) ဦးသောင်းရွှေ (၁၄/မမက(နိုင်) ၁၆၇၆၈၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ ရန်။ ၀၉-၇၇၀၀၈၅၉၅၄

## ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နယ်နေ နေမြည်လင်း (ဘ) ဦးထွေးလှ (၁၄/ပတန(နိုင်)၂၄၇ ၁၄၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ ရန်။ ၀၉-၄၄၁၆၂၉၉၃၀

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**ဥတုရာသီ တောကိုမီး**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ် (၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-[illegible] (ရုံးချိန်အတွင်း)

**စာပေမြင့်မှ လူမျိုးတင့်မည်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးကိစ္စရပ်တွေဟာ ပြည်ပစွက်ဖက်မှုကင်းစင်စွာဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်မှသာ အောင်မြင်မှုရရှိမှာပဲဖြစ်ပါတယ်။ ပြည်တွင်းပြည်ပက မြန်မာ့ငြိမ်းချမ်းရေးအကျိုးကို မလိုလားသူတွေရှိနေသရွေ့ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေဟာ ထင်သလောက်ခရီးမပေါက်ကြောင်းနဲ့ ငြိမ်းချမ်းရေးကို ပျက်စီးရာပျက်စီးကြောင်း ဝေဖန်အပုပ်ချနေမှုတွေအပေါ်မှာ နားယောင်ဖို့မလိုကြောင်း ကျွန်တော်တို့ညီအစ်ကိုတွေ သတိပြုမိဖို့လိုအပ်မှာဖြစ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲအခမ်းအနားတွင် စာရေးဆရာကြီးတက္ကသိုလ်မြတ်သူ၏ဟောပြောမှုကို ကြည့်ရှုအားပေးစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် နတ်တော်လပြည့်နေ့၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျရောက်မည့် "စာဆိုတော်နေ့"ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပပြုလုပ်သည့် စာပေဟောပြောပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါစာပေဟောပြောပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ စာပေပညာရှင်များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ **စာမျက်နှာ ၁၈ ကော်လံ ၄ ☆**

**မန္တလေးတိုင်းဒေသကြီးအတွင်း ချည်မျှင်ရှည်ဝါစိုက်တောင်သူများကို ချေးငွေများထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်နေ** *စာမျက်နှာ - ၂*

**တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ** *စာမျက်နှာ - ၂၁*

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la











Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar